# နနှေကျည့်

စွန်ရဲ

ဒု-ဓာတ်သိမ်း



စာမူ ကြိုတင်ပုံနှိပ်ခွင့် အမှတ် ၆၃၀/၉၂(၃၀)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ် ၆၅၇/၉၂(၁၀)

ပထမအကြိမ်
၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ [၄၀၀]
တန်ဖိုး ၄၅/-

ထုတ်ဝေသူ ဦးကံညွန့်(မြဲ ၀၃၀၆၈)
ရွှေမိစာပေ
၆၈၀၊ ဂရုဏာ ၄ လမ်း၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ(မြဲ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြဲ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်။

# နန္ဒကျော်သူ

---

‘ စွန်ရဲ ’

ဒုတိယပိုင်း (ဇာတ်သိမ်း)

(နှစ်အုပ်တွဲ သိုင်းစာစဉ်)

## ဒီတာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး)

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး— (ဒို့အရေး)

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး.... (ဒို့အရေး)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

ရဲမှု၏မျက်နှာမှာ ဖြူရော်သွား၏။

ဝမ်ပေ့က နောက်သို့ လှည့်ကြည့်လိုက်၏။

အထဲသို့ လှမ်းဝင်လာသော ဝတ်စုံဖြူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်ပေ့က ရဲမှု၏ရှေ့မှ ကာရပ်လိုက်၏။

ဝတ်စုံဖြူက ဝမ်ပေ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'မိတ်ဆွေ၊ မှင်းနဲ့ကျုပ်တို့ ငွေဖြူဂိုဏ်းအကြားမှာ ဘာမှပြဿနာမရှိဘူး ထင်ပါတယ်'

ဝမ်ပေ့က ခေါင်းညိတ်လိုက်၏။

ဝတ်စုံဖြူက....

'ဒါဆိုရင် ရဲမှုကို ထားနဲ့ပြီး ထွက်သွားဖို့ ကျုပ် မေတ္တာရပ်ခံ ပါတယ်'

ဝမ်ပေ့က ပြုံးလိုက်၏။

'မဖြစ်ဘူး၊ ခင်ဗျားက ရဲမှုကို ဒုက္ခမပေးချင်ပါနဲ့လို့ ကျုပ်က မေတ္တာရပ်ခံပါရစေ'

ဝတ်စုံဖြူက သက်ပြင်းချလိုက်၏။

'မင်းက ဝင်စွက်မယ်ပေါ့'

ဝမ်ပေ့က....

'ကျုပ်က ရဲမှုကို ကာကွယ်ပေးဖို့ ဆုံးဖြတ်ထားပြီးပြီ၊ ခင်ဗျား နောက်ဆုတ်လိုက်ပါတော့'

'ဟား....ဟား....ဟား'

ဝတ်စုံဖြူက သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက် ဓားကို ဆွဲထုတ်လိုက်၏။

'မင်းက သူ့ရဲ့ကောင်း ဝင်လုပ်ချင်နေတာကိုး'

ဝတ်စုံဖြူသည် ဝမ်ပေ့အား စကားနှင့် မောင်းထုတ်၍ မရကြောင်း သိလိုက်၏။

ထို့နောက် ဓားနှင့်မောင်းထုတ်ရန် ဆုံးဖြတ်လိုက်လေသည်။

သူသည် ဓားကိုဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။



ဝတ်စုံဖြူဓားသည် လျှင်မြန်စွာပင် ဝမ်ပေ့ထံသို့ ရောက်ရှိလာ၏။

ဝမ်ပေ့ကသာ နေရာ၌ ရပ်နေဆဲဆိုလျှင် ဝတ်စုံဖြူ၏ ဓားချက် ထိမှန်မည်မှာ မလွဲပေ။

ဝတ်စုံဖြူ ဓားထုတ်သည်နှင့် ဝမ်ပေ့က ရှောင်တိမ်းထားလိုက်သောကြောင့် ဓားချက်မှာ လွဲချော်သွားလေသည်။

ဝတ်စုံဖြူက ချက်ချင်းပင် ဓားချက်သုံးချက်တိတိ ခုတ်ချလိုက်ပြန်၏။

သူ၏ဓားဦးသည် ဝမ်ပေ့၏ရင်ဘတ်နှင့် ပခုံးတို့အား ဦးတည်တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ဝမ်ပေ့က ဤတစ်ကြိမ် မရှောင်တိမ်းတော့ပါ။ ဓားကို ဆွဲထုတ်ကာ ခုခံပေးလိုက်၏။

'ချွမ်း'

ဝတ်စုံဖြူ၏ ဓားကိုင်လက်ပင် ကျင်သွား၏၊

ဝတ်စုံဖြူမှာ ရင်ထိတ်သွား၏။

ဝမ်ပေ့အား ပေါ့သ၍ မရကြောင်း နားသည်လိုက်၏။

သူသည် ရုတ်ခြည်း ဓားကွက်ပြောင်းလဲလိုက်၏၊

သူ၏ဓားကွက်များက ပြင်းထန်ရက်စက်လှပေသည်။

ဝမ်ပေ့က ဝတ်စုံဖြူ၏ဓားကွက်များကို တစ်ကွက်ချင်း ခုခံချေဖျက်နေ၏။

သူသည် ဝတ်စုံဖြူ၏ ခေါင်းကွက်များကို ခုံခံရင်း လူတစ်ယောက်ကို သတိရလာ၏။

'ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ်သိပြီ၊ ခင်ဗျားဟာ အိုယန်ဖေးပဲ'

ဝတ်စုံဖြူ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

ဝမ်ပေ့က—

'ကျုပ်ကြားဖူးတဲ့ အိုယန်ဖေးဟာ အဖြူရောင် သိုင်းသမားတစ်ယောက်ပါ၊ အခု ဘယ်လိုလုပ်ပြီး ငွေဖြူဂိုဏ်းသား ဖြစ်နေတာလဲ'

အိုယန်ဖေးက....

'မင်းက ကျုပ်ဘယ်သူဘယ်ဝါဆိုတာ သိသွားမှတော့ အရှင်းထားလို့ မဖြစ်တော့ပါဘူး'

ဝမ်ပေ့က မဲ့လိုက်၏။

'ကျုပ်ကလဲ မင်းကို အလွတ်ပေးမှာ မဟုတ်ဘူး၊ မင်းဆီက ငွေဖြူဂိုဏ်းအကြောင်း မေးကြည့်ရမယ်'

အိုယန်ဖေးကလည်း ဝမ်ပေ့အား မှတ်မိသွား၏။

'လှက်စဉ်ပ်တော့ မြို့စားကြီးလျှုရှင်စွေ့ရဲ့ ညာလက်ရုံး ဝမ်ပေ့ကိုး'

သူသည် ရင်ထိတ်လာ၏။



ဝမ်ပေ့သည် လူငယ်ဓားသမားတစ်ဦး ဖြစ်၏။

သိုင်းပညာထက်မြက်လွန်းသဖြင့် လျှုရှင်စွေ့က ညာလက်ရုံး အဖြစ် ခန့်ထားခဲ့ခြင်း ဖြစ်၏။

အိုယန်ဖေးသည် မည်သည့်စကားမျှ မဆိုတော့ပါ။ ဓားကိုသာ ဝှေ့ယမ်းရင်း တိုက်ခိုက်လိုက်လေသည်။

'ချွမ်း....ချွမ်း'

တိုက်ပွဲကား ပြင်းထန်လှ၏။

အိုယန်ဖေးမှာ ဝမ်ပေ့အား အနိုင်ယူနိုင်မှသာ ရဲမှုကို ခေါ်နိုင်မည် ဖြစ်ကြောင်း သိထား၏။

ထို့ကြောင့် ဝမ်ပေ့လဲ ကျသွားစေရန် အပြင်းထန်ဆုံး တိုက်ခိုက်နေခြင်းပင် ဖြစ်ပါသည်။

ဝမ်ပေ့မှာ အလွန်သွေးအေး တည်ငြိမ်လှ၏။

သူသည် အိုယန်ဖေး၏ ဓားချက်များကိုသာ ချေဖျက်နေ၏။ ပြန်လည်တိုက်စစ်ဆင်ခြင်း မရှိသေးပါချေ။

ဤသို့ဖြင့် တိုက်ခိုက်လာခဲ့ရာ သိုင်းကွက်ငါးဆယ်ခန့်သို့ ရောက်ရှိလာလေသည်။

ဝမ်ပေ့မှာ အိုယန်ဖေး၏ဓားကွက်များကို သဘောပေါက်နားလည်လာလေသည်။

သူသည် ရုတ်ခြည်းပင် ခံစစ်မှ တိုက်စစ်အနေအထားသို့ ပြောင်းလဲလိုက်၏။

သူ၏ဓားသည် လျှင်မြန်စွာပင် အိုယန်ဖေး၏ ဓားချက်များအောက်မှ တိုးထွက်လာလေသည်။

'ချွမ်း'

အိုယန်ဖေးမှာ ထိတ်လန့်သွားလေသည်။

ဝမ်ပေ့၏ ဓားကွက်များကို အသေအလဲ ကာကွယ်လိုက်ရလေသည်။

ဝမ်ပေ့၏ဓားချက်များက ရပ်တန့်သွားခြင်း မရှိပါ။

ဒီရေအလား တစ်စထက်တစ်စ ပို၍ ပြင်းထန်လာ၏။

အိုယန်ဖေးမှာ မျက်နှာပျက်သွား၏။

သူသည် ဝမ်ပေ့အား မနိုင်နိုင်ကြောင်း နားလည်လိုက်၏။

ကမန်းကတန်း နောက်ဆုတ်လိုက်၏။

'ဝှစ်....ဝှစ်'

'ခွမ် ...'

ဝမ်ပေ့၏ဓားချက်များက ဆက်တိုက်တိုးဝင်လာဆဲ ဖြစ်၏။

'အား....'

အိုယန်ဖေးမှာ ရှောင်တိမ်း လိုက်သော်လည်း ဝမ်ပေ့၏ ဓားတစ်ချက်က သူ၏ဘယ်ပခုံးကို ခုတ်ချမိသွား၏။

သူသည် နာကျင်စွာ အော်ဟစ်လိုက်၏။

ဝတ်စုံဖြူတွင် သွေးချင်းချင်းနီရဲသွား၏။



ဝမ်ပေ့က....

'ခင်ဗျား အရှုံးပေးပြီလား'

ဟု အေးတိအေးစက် မေးလိုက်လေသည်။

အိုယန်ဖေးက သက်ပြင်းချလိုက်၏။

သူသည် စကားမပြောပါ။

ဓားကို ပစ်ချလိုက်၏။

'ချွမ်း....'

ဝမ်ပေ့က သဘောကျစွာ ပြုံးလိုက်၏။

'ခင်ဗျားကို ကျုပ်သိနေပြီပဲ၊ မျက်နှာဖုံးကို ချွတ်ပစ်လိုက်ပါတော့'

အိုယန်ဖေးက မျက်နှာပေါ်မှ ခေါင်းစွပ်ကို ဖယ်ရှားလိုက်၏။

လူလတ်ပိုင်းခန့် ကြည့်ပျော်ရှုပျော်ရှိသော မျက်နှာထား တစ်ခု ထွက်ပေါ်လာ၏။

ဝမ်ပေ့က....

'ခင်ဗျားက ဘယ်လိုကြောင့် ငွေဖြူဂိုဏ်းထဲ ရောက်နေရတာလဲ၊ ငွေဖြူဂိုဏ်းဟာ ဘယ်လိုအဖွဲ့အစည်းမျိုးလဲ'

ဟု စတင်မေးလိုက်၏။

အိုယန်ဖေးက....

'ငွေဖြူဂိုဏ်းဟာ လျှို့ဝှက် အဖွဲ့အစည်းတစ်ခုပဲ'

ဝမ်ပေ့က....

'ငွေဖြူဂိုဏ်းဟာ မွန်ဂိုတွေအတွက် အလုပ်လုပ်နေတဲ့ အဖွဲ့အစည်းပဲ မဟုတ်လား'

အိုယန်ဖေးက....

'ဒီအကြောင်းတွေ မင်းသိချင်ရင်တော့ ကျုပ်ကို လွတ်ဖို့ကတိပေးရမယ်'

ဝမ်ပေ့က စိတ်ဝင်စားသွား၏။

'ကျုပ် ကတိပေးပါတယ်'

အိုယန်ဖေးက ပတ်ဝန်းကျင်ကို ဟိုကြည့် သည်ကြည့် လုပ်လိုက်ပြီးမှ တီးတိုးပြောလိုက်၏။

အသံကတိုးလွန်းသဖြင့် တခုမှ သဲကွဲစွာ မကြားလိုက်ရပေ။
ဝမ်ပေ့က ရှေ့သို့ခါးကိုင်းကာ နားစွင့်လိုက်၏။

ထိုစဉ် အိုယန်ဖေး၏လက်က ဝေ့ယမ်းလိုက်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

ဓားပါးလေးသုံးလက်က လျှပ်တစ်ပြက် ထွက်ပေါ်လာ၏။
ဝမ်ပေ့မှာ ထိတ်လန့်သွား၏။
သူသည် တမန်းတကမ်း ဓားကိုဝေ့ယမ်း ကာကွယ်လိုက်ပြီး မြေပေါ်လှိမ့်ချလိုက်၏။
'ခြွမ်....ခြွမ်....ခြွမ်'



ဓားပါးလေး သုံးလက်မှာ ဝမ်ပေ့၏ ဓားရှည်ဖြင့်ထိကာ လမ်းကြောင်းပြောင်းသွား၏။
ထိုအထဲမှ ဓားပါးလေး တစ်လက်က မထနိုင်ဘဲလဲလျောင်းနေသော ရဲမှုထံသို့ တိုးဝင်သွားလေသည်။

'အား....'

ရဲမှုထံမှ နာကျင်စွာအော်ဟစ်လိုက်သံ ထွက်ပေါ်လာလေသည်။
ဝမ်ပေ့နှင့် အိုယန်ဖေးတို့ နှစ်ယောက်စလုံးပင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဝမ်ပေ့က ရဲမှုအား ပြေးပွေ့လိုက်၏။
ရဲမှု၏ခန္ဓာကိုယ်တွင် စိုက်ဝင်နေသောဓားကို ဆွဲနှုတ်လိုက်၏။
ဓားသွားတွင် စိမ်းဖန့်ဖန့်အရောင် သန်းနေ၏။

'အဆိပ်နဲ့ပါလား'

သူသည် အိုယန်ဖေးဘက်သို့ ဒေါသတကြီး လှည့်ကြည့်လိုက်၏။

အိုယန်ဖေးကား မရှိတော့ပါချေ။

ရဲမှုက....
'ကျုပ်... ကျုပ်....'
ဝမ်ပေ့က....
'အားတင်းထားပါ၊ ကျုပ် အမြန်ဆုံး သမားတော်ထံရောက်အောင် ခေါ်သွားပါမယ်'

ရဲမုဆာ....

'ကျုပ် မနေရတော့ဘူး၊ ကျုပ်ကို ကူညီပါ'

သူ၏ခန္ဓာကိုယ်မှာ မည်းနက်လာသည်ကို တွေ့လိုက်ရ၏။

မူလက မိနေသော အဆိပ်နှင့် ယခု အဆိပ် တွေ့ဆုံပြီး ပို၍ဆို ရွားလာခြင်းပင်ဖြစ်သည်။

အခြေအနေမှာ အလွန် ဆိုးရွား လာနေကြောင်း သိလိုက်ရ၏။

မည်သို့မျှ အသက်ရှင်မည် မဟုတ်ဟုလည်း နားလည်လိုက်လေသည်။

ဝမ်ပေ့က....

'ပြောပါ၊ ကျုပ် ဘာကူညီရမှာလဲ'

ရဲမုက အံ့ကြိတ်လိုက်၏။

သူသည် ဝေဒနာကို အပြင်းအထန် ခံစားနေရဟန် တူပေသည်။

ခဏကြာတော့မှ အသံထွက်လာ၏။

'စွန်ရဲရဲလူယုံ သုံးယောက်ရှိတယ်၊ သူတို့ကို စွန်ရဲက လုပ်ကြံလိမ့်မယ်ထင်ရတယ်၊ အကြောင်းကြားပေးပါ'

ဝမ်ပေ့က မျက်မှောင်ကြုတ်သွား၏။

'ရဲမု၊ ခင်ဗျား ဘာတွေပြောနေတာလဲ'



ရဲမုဘာ....

ကျုပ်ကို ကူညီပါ၊ သူတို့ကို သတိပေး....ပေး....'

ရဲမုမှာ စကားဆုံးအောင်ပင် မပြောနိုင်ဘဲ ဇက်ကျိုးကျသွားလေတော့သည်။

ဝမ်ပေ့က သက်ပြင်းချလိုက်၏။

သူသည် စွန်ရဲဇာတ်လမ်းကို အလွန်စိတ်ဝင်စားမိ၏။

ရဲမု၏ ခန္ဓာကိုယ်အား ရှာဖွေလိုက်ရာ စာရွက်တစ်ရွက်ကို တွေ့လိုက်ရ၏။

ထိုစာရွက်တွင် အမည်နှင့် လိပ်စာသုံးခု ရေးထားသည်ကို တွေ့လိုက်ရလေသည်။

ဝမ်ပေ့မှာ ရဲမု၏အလောင်းကို မြှုပ်နှံလိုက်၏။

သူ လောလောဆယ် ဘာလုပ်ရမှန်းမသိပါ။

ထို့ကြောင့် မြို့စားကြီးထံပြန်၍ အကျိုးအကြောင်း ရှင်းပြရန် စဉ်းစားလိုက်လေသည်။

....o....

နေလတောင်....

နေလတောင်ပေါ်သို့ လူတစ်ယောက်ရောက်ရှိလာ၏။

ရှောင်ကွမ်းပင် ဖြစ်ပါသည်။

ရှောင်ကွမ်းမှာ ပတ်ဝန်းကျင်ကိုအလစ်မပေးဘဲ အကဲခတ်ရင်း တောင်ပေါ်သို့တက်လာခဲ့၏။

တစ်ကြိမ်အတွေ့ရခဲ့သော ဝတ်စုံဖြူများကို တွေ့လိုတွေ့ငြား လိုက်လံရှာဖွေလိုက်ခြင်းပင် ဖြစ်ပါသည်။

သို့သော် ယခုအချိန်အထိ မည်သည့်လူရိပ်လူယောင်မျှကိုပင် မတွေ့ရသေးပါ။

ရှောင်ကွမ်းသာ တစ်လှမ်းချင်း တောင်ပေါ်သို့ တက်လာခဲ့၏။

မကြာမီ တောင်ထိပ်ပေါ်သို့ ရောက်ရှိလာ၏။ သူသည်စွန်ရဲ၏ ဂူရှိရာသို့လျှောက်သွားလိုက်၏။

ထိုစဉ် သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

'ဟင်'

စွန်ရဲ၏အုတ်ဂူပျောက်ကွယ်သွားသည် မဟုတ်ပါလော။

ရှောင်ကွမ်းက နေရာများ မှားသလောဟု ထပ်မံရှာဖွေကြည့်လိုက်၏။

တောင်ထိပ်နေရာနှံ့သွားသည်။



စွန်ရဲအုတ်ဂူအား မတွေ့ရပါချေ။ ရှောင်ကွမ်းမှာ အံ့ကြိတ်လိုက်၏။

'ဒီအတိုင်းဆိုရင် ဝတ်စုံဖြူတွေနဲ့စွန်ရဲဟာ တစ်စုံတစ်ရာ ပတ်သက်မှုရှိနေတာ သေချာပြီ'

ရှောင်ကွမ်းက နေလတောင်ပေါ် စနစ်တကျ ရှာဖွေစုံစမ်းလိုက်၏။

ထိုအခါ ယခင်က လူနေထိုင်ခဲ့ဟန်တူသော လိုက်ဂူတစ်ခုကို တွေ့လိုက်ရ၏။

ရှောင်ကွမ်းမှာ တစ်ယောက်တည်း ရေရွတ်လိုက်၏။

'အင်း....ဝတ်စုံဖြူတွေ ဘယ်နေရာရွှေ့သွားပါလိမ့်၊ ဒီအဖွဲ့ကို အမြန်မဖြိုခွဲနိုင်ရင်တော့ အန္တရာယ်အလွန်ကြီးနေပြီပဲ'

ရှောင်ကွမ်းမှာ တောင်ပေါ်မှ အမြန်ပြန်ဆင်းလာခဲ့လေသည်။

တောင်ခြေအရောက်တွင် သူ့နောက်မှ လူလိုက်လာသလို ခံစားလိုက်ရ၏။

ရှောင်ကွမ်းက မသိဟန်ဆောင်ကာ ဆက်ထွက်လာရင်း အကဲခတ်လိုက်လေသည်။

'သေချာတယ်၊ ငါ့နောက်မှာလိုက်လာတဲ့လူရှိနေပြီ၊ တွေ့ကြသေးတာပေါ့'

ရှောင်ကွမ်းအာ ရုတ်တရက် လျင်မြန်စွာ ပြေးလွှားသွားလေတော့သည်။

....၈....

တောလမ်းကလေးမှာ ငြိမ်သက်နေ၏။

မကြာမီ လမ်းအတိုင်းဝတ်စုံနက် ဝတ်ဆင်ထားသော လူတစ်ယောက်ပြေးလွှားလာ၏။

သူ၏မျက်လုံးများအာ ကျီးကန်းတောင်းမှောက် ကြည့်လျက်....

ထိုစဉ် သစ်ပင်ပေါ်မှရှောင်ကွမ်းက ခုန်ဆင်းလိုက်၏။ သူသည် မြေပေါ်ကျသည်နှင့် ဝတ်စုံနက်အား လက်ဝါးနှစ်ဘက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ဝတ်စုံနက်မှာလည်း လျင်မြန်လှ၏။ ရုတ်တရက် အလစ်တိုက်ခိုက်လိုက်သော ရှောင်ကွမ်း၏တိုက်ခိုက်မှုကို ရှောင်တိမ်းပေးလိုက်လေသည်။



ရှောင်ကွမ်းတာ ဆက်တိုက်ပင် ဆက်လက်တိုက်ခိုက်လိုက်၏။ ဤတစ်ကြိမ်တွင် သူကဘက်မေါင်းစုံမှ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဝတ်စုံနက်မှာ အလန့်တကြားပြန်လည်ခုခံလိုက်ရ၏။

ရှောင်ကွမ်းအာ....

'ခင်ဗျားက ကျုပ်နောက်တာလိုက်လုပ်တာလဲ'

ဟုလည်း အေးစက်စွာ မေးလိုက်၏။

ဝတ်စုံနက်မှာ ယခုမှရှောင်ကွမ်း၏မျက်နှာကို အသေအချာတွေ့မြင်သွားဟန်တူ၏။

'အာဏာသား ခေါင်းဆောင်ပါလား'

ရှောင်ကွမ်းတာ မဲ့လိုက်၏။

'ခင်ဗျားက ကျုပ်ကိုသိလျက်နဲ့ နောက်ယောင်ခံ လိုက်လာတာ ဘာကိစ္စလဲ'

ဝတ်စုံနက်တာ....

'နေ... နေပါဦး၊ တိုက်ခိုက်တာ ခေါရပ်လိုက်ပါ'

ရှောင်ကွမ်းတာ တိုက်ခိုက်မှုကို ရပ်တန့်လိုက်၏။

'ခင်ဗျား ဘယ်သူလဲ'

ဝတ်စုံနက်တာ မျက်နှာတုကိုခွာချလိုက်၏။

ရှောင်ကွမ်းအာ မျက်မှောင်ကြုတ်သွား၏။

'ဟာင် သံပေသီးပါလား'

မှန်ပေသည်။ ဝတ်စုံနက်မှာ မျိုးချစ်သိုင်းသမားတစ်ဦး ဖြစ်သော သံပေသီးပင်ဖြစ်ပါသည်။

ရှောင်ကွမ်းက....
'ခင်ဗျားက ကျုပ်နောက်ကို ဘာကြောင့် နောက်ယောင်ခံလိုက်နေရတာလဲ'

သံပေသီးက....
'ကျုပ်က ငွေဖြူဂိုဏ်းကို စုံစမ်းနေတာဗျ'

ရှောင်ကွမ်းက....
'ငွေဖြူဂိုဏ်းဟုတ်လား'

သံပေသီးက....
'ဟုတ်ဘယ်၊ သူတို့ဟာ ဝတ်စုံဖြူဝတ်ဆင်ထားပြီး ဒီနေလု တောင်ပေါ်က တစ်ခါတင်ရုံ ဆင်းလာတတ်တယ်လို့ သတင်းရလို့ လာစုံစမ်းတာ၊ အဲ့ဒီမှာတင် မင်းဆင်းလာတာတွေ့တော့ ရုတ်တရက် ဘယ်သူမှန်းမသိလို့ လိုက်လာခဲ့တာပဲ'

ရှောင်ကွမ်းက ရယ်မောလိုက်၏။
သံပေသီးက....
'ဒါထက် မင်းကရော ဘာကြောင့် ဒီနေရာကို ရောက်လာတာလဲ၊ ဘာသတင်းများရလို့လဲ'
ရှောင်ကွမ်းမှာ သံပေသီးကို ကောင်းစွာသိ၏၊ သံပေသီးကို အနည်းငယ်မျှပြောပြရုံနှင့် အကျိုးမဟုတ်ကြောင်း သိထား၏။
'ရွှေလုံ လုပ်ကြံခံရတာ ခင်ဗျားသိပြီးပြီလား'



သံပေသီးမှာ အံ့အားသင့်သွားဟန် ပေါ်လာ၏။
'ရွှေလှ စန်းတုလျ သေပြီဟုတ်လား'
ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။
'ဟုတ်တယ်'
သံပေသီးက....
'ဘယ်သူ့လက်ချက်လဲ'
ရှောင်ကွမ်းက....
'ထုံးစံအတိုင်းပဲပေါ့'
သံပေသီးက အံကြိတ်လိုက်၏။
ရှောင်ကွမ်းက....
'ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ သဲလွန်စတစ်ခုရရှိခဲ့ပါတယ်'
သံပေသီးမှာ စိတ်ဝင်စားသွား၏။
'ကျုပ်ကို ပြောပြနိုင်မလား'
ရှောင်ကွမ်းက...
'ရွှေလုံကို လုပ်ကြံသွားတဲ့လူစုဟာ ဝတ်စုံဖြူဝတ်ဆင်ထားကြတယ်တဲ့'
သံပေသီးမှာ အံ့အားသင့်သွားရလေသည်။
ရှောင်ကွမ်းက....
'ကျုပ်နေ့ဒီတောင်ကို ရောက်လာတာလဲ ခင်ဗျားစုံစမ်းနေတဲ့ ငွေဖြူဂိုဏ်းကို စုံစမ်းဖို့ရောက်လာတာပေါ့'

သံပေသီးက...

'ကျုပ်တို့ရည်ရွယ်ချက်တူနေပါလား'

ရှောင်ကွမ်းက....

'ငွေဖြူဂိုဏ်းဟာ မွန်ဂိုသစ္စာခံအဖွဲ့ အစည်းတစ်ခုဖြစ်ဖို့ များပါတယ်၊ သူတို့ကိုမရှင်းပစ်နိုင်ရင် တစ်နေ့တခြားအလွန်အန္တရာယ်များလာမှာ သေချာတယ်'

သံပေသီးက....

'ဒါကြောင့် ကျုပ်စုံစမ်းနေတာပေါ့'

ရှောင်ကွမ်းက....

'တကယ်လို့များ ငွေဖြူဂိုဏ်းနဲ့ပတ်သက်လို့ တစ်စုံတစ်ရာသိတာနဲ့ ခင်ဗျားတို့ကို အသိပေးပါ့မယ်'

သံပေသီးက ဝမ်းလာသွား၏။

'ကျုပ်တို့ကို အမြင်ရှင်းပြီး အကူအညီပေးတာ ကျေးဇူးတင်ပါတယ်'

ရှောင်ကွမ်းက....

'ကျုပ်က မျိုးချစ်သိုင်းသမားတွေကို အမြဲလေးစားပါတယ်၊ ဒါပေမယ့် တချို့က ဥပဒေလွှက်လွတ်ပြုမူတတ်ကြလို့ပါ'

သံပေသီးက ပြုံးလိုက်၏။

'ကျုပ်တို့ ဒေါသမထိန်းနိုင်လို့ပါ'



ရှောင်ကွမ်းက....

'ကဲ....ကျုပ်ကိုသွားခွင့်ပြုပါဦး'

သူက သံပေသီးအား ဦးညွှတ်လိုက်ပြီး ချာခနဲလှည့်ထွက်သွားခဲ့လေတော့သည်။

....၀....

'ဖြန်း'

ပါးရိုက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အိုယန်ဖေး၏ မျက်နှာပေါ်တွင် အနီရောင် သမ်းသွားသည်။

'ရဲမှု သေသွားပြီဆိုတော့ သူတော်ကျားတို့ လူစုကို ဘယ်လိုခြေရာခံတော့မလဲ'

အိုယန်ဖေးက....

'ကျုပ်က ဝမ်ပေ့ကို တိုက်ခိုက်ရင်းက မတော်တဆ'

'ဖြန်း'

အိုယန်ဖေး၏ ခေါင်းမှာ ဘေးသို့လည်ဆင်းသွား၏၊

'မတော်တဆဆိုတာ မင်းရဲ့ ညံ့ဖျင်းမှုပဲ'

အသံက အေးစက်နေ၏။

အိုယန်ဖေးက မဝံ့မရဲ ကြည့်လိုက်၏။

စူးရှသော မျက်လုံးအစုံနှင့် ရင်ဆိုင် တိုးမိသွား၏။ အိုယန်ဖေးမှာ အလိုလို ခေါင်းငုံ့သွားလေသည်။

စကားသံ ဆက်လက်ထွက်ပေါ်လာ၏။

'ကျုပ်တို့ ငွေဖြူဂိုဏ်းရဲ့ လုပ်ရပ်မှန်သမျှ အောင်မြင်ရမယ်၊ လွဲချော်မှုဆိုတာ မရှိစေရဘူး'

အိုယန်ဖေး၏ ခန္ဓာကိုယ် တစ်ချက် တုန်ခါသွား၏။

'အလုပ်ကို အလေးမထားတဲ့ လူဟာ ကျုပ်တို့ ငွေဖြူဂိုဏ်းသား မဖြစ်စေရဘူး'

အိုယန်ဖေး၏ မျက်နှာ ဖြူရော်သွား၏။

'ကျုပ်....ကျုပ်'

'တိတ်စမ်း'

အော်ငေါက်သံ ထွက်ပေါ်လာ၏။

'မင်းရဲ့ စီမံမှု ညံ့ဖျင်းတာကြောင့် ရဲမှု လွတ်ခဲ့ပြီး ဂိုဏ်းသားတွေလဲ သေဆုံးခဲ့ရတယ်၊ မင်းအပြစ်က ခွင့်လွှတ်စရာ မရှိဘူး'



အိုယန်ဖေး၏ မျက်နှာပေါ်တွင် ချွေးသီး ချွေးပေါက်များ ထွက်ပေါ်လာ၏။

'ကျုပ် တောင်းပန်ပါတယ်၊ နောင် တစ်ကြိမ် ဒီလို မဖြစ်စေရပါဘူး'

'ဟား....ဟား...ဟား'

ငွေဖြူဂိုဏ်းချုပ်က သဘောကျစွာ ရယ်မောလိုက်၏။

'ကောင်းပြီလေ'

အိုယန်ဖေးက စိတ်သက်သာရာ ရသွား၏။

ထိုစဉ် ငွေဖြူဂိုဏ်းချုပ်က စကားဆက်လိုက်၏။

'မင်းအပြစ်ကို သိတဲ့အတွက် ကျုပ်က မင်းအပေါ် ညှာတာပါမယ်'

အိုယန်ဖေးက ဦးညွှတ်လိုက်ပြီး....

'ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်'

ငွေဖြူဂိုဏ်းချုပ်က....

'နေဦး ကျုပ်စကား မဆုံးသေးဘူး'

အိုယန်ဖေးက ရင်ထိတ်သွား၏။

ငွေဖြူဂိုဏ်းချုပ်က တစ်လုံးချင်း ပြောလိုက်၏။

'မင်းအတွက် အခွင့်အရေးအဖြစ် ကိုယ့်ကိုကိုယ် သတ်သေလိုက်ပါ'

အိုယန်ဖေး၏ မျက်နှာ ဖြူရော်သွား၏။

'ဗျာ'

ငွေဖြူကိုက်ဆားချုပ်၏ နှုတ်ခမ်းများက ပြုံးယောင်သန်းနေ၏။

အိုယန်ဖေ၏ မျက်လုံးအစုံမှာ ပထမတွင် တောင်းပန် ခယခြင်းများ ပေါ်လွင်နေရာမှ တဖြည်းဖြည်း မုန်းတီး နာကျည်းသော အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

သူသည် ဓားကို အေးဆေးစွာပင် ဆွဲထုတ်လိုက်၏။

ထို့နောက် အပေါ်သို့ မြှောက်ကာ မိမိဝမ်းဗိုက်အားထိုးချရန် ဟန်ပြင်လိုက်ပြီးမှ ရုတ်တရက် ရှေ့သို့ ခုန်ဝင်ကာ....

ငွေဖြူကိုက်ဆားချုပ်အား ခုတ်ချလိုက်၏။

တစ်ဆက်တည်းပင် ဘယ်လက်မှလည်း ဓားကိုနက် ပုန်းဓားပျံနှစ်လက်ကို တစ်ပြိုင်နက် ပစ်လွှင့်လိုက်လေသည်။

သူ၏ တိုက်ခိုက်မှုများက အလွန် လျင်မြန်သလို ရက်စက်ကြမ်းကြုတ်လှ၏။

သူ၏ တိုက်ခိုက်မှုအား ငွေဖြူကိုက်ဆားချုပ် မည်သို့မျှ ရှောင်တိမ်းနိုင်မည် မဟုတ်ဟု ယုံကြည်ထား၏။

သို့သော် ငွေဖြူကိုက်ဆားချုပ်ကား အိုယန်ဖေးထက် ပို၍ လျင်မြန်လှပေသည်။

အိုယန်ဖေး တိုက်ခိုက်လာသည်နှင့် လျှပ်တစ်ပြက် ဓားကို ဆွဲထုတ်ကာ ထိုးချလိုက်လေသည်။



သူ၏ဓား ဆွဲထုတ်ပုံ ထိုးသွင်းပုံတို့သည်မျက်တောင် တစ်ခတ်ပင် မကြာလိုက်ပါချေ။

'အား'

အိုယန်ဖေးမှာ နာကျင်စွာ အော်ဟစ်ရင်း ကြမ်းပေါ် လဲကျသွားလေတော့သည်။

ငွေဖြူကိုက်ဆားချုပ်၏ လက်ထဲတွင် ဓားမရှိတော့ပါ။ မည်သည့်အချိန်က ပြန်သွင်းလိုက်မှန်းပင် မသိပါချေ။

ငွေဖြူကိုက်ဆားချုပ်က ကိုက်ဆားသားများကို တစ်ချက် ဝေ့ကြည့်လိုက်၏။

အားလုံး ထိတ်လန့်နေသည်ကို တွေ့လိုက်ရ၏။

သူ၏ မျက်နှာဖုံးအောက် လွတ်ဟာနေသော နှုတ်ခမ်းထောင့်တွင် ပြုံးယောင်သန်းနေ၏။

ငွေဖြူကိုက်ဆားချုပ်က တစ်လုံးချင်း ပြောလိုက်၏။

'ဒါဟာ အားလုံးအတွက် နမူနာပဲ၊ မင်းတို့ရဲ့ တာဝန်မကျေမှန်ရင်အိုယန်ဖေးနောက် လိုက်ရမှာပဲ'

အားလုံး မလှုပ်ကြပါချေ။

ငွေဖြူကိုက်ဆားချုပ်က စင်မြင့်ပေါ် တက်ပြီး၊ တံခါးပေါက်အတွင်း လှမ်းဝင်လိုက်၏၊

တံခါးမှာ ပြန်ပိတ်သွား၏။

မြေဖြူကိုက်ချပ် ပျောက်ကွယ်သွားတော့မှ ဂိုဏ်းသားအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး အခန်းတွင်းမှထွက်ခွာသွားကြလေတော့သည်။

— ပ —

အရက်ဆိုင်ရှင်က မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားတို့က ဘာကြောင့် သိချင်ရတာလဲ'

လှေဟန်ကျိုးက ပြုံးလိုက်၏။

'ကျုပ်ရဲ့ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ မိတ်ဆွေပါ၊ သူနဲ့ ပတ်သက်ပြီး အရေးတကြီး တွေ့ချင်နေလို့ပါ၊ သူ့နေရာလဲမသိ နာမည်ကလည်း ပြောင်းထားတယ်လို့ ကြားရတော့ ဒုက္ခ ဖြစ်နေတာပေါ့၊ ပြီးတော့ ဒီလို အစားအသောက်မျိုး ကြိုက်တဲ့ လူဟာ အလွန် ကောင်းမွန် ကျော်ကြားတဲ့ ခင်ဗျားရဲ့ဆိုင်မျိုးမှာ ဖောက်သည် ဖြစ်သင့်တယ် မဟုတ်လား'



အရက်ဆိုင်ရှင်က ပြုံးသွား၏။

သူသည် သူ့ ဆိုင်မှ အရက်နှင့် ရှေငါးကြင်း မည်မျှကောင်းမွန်ကြောင်း အတောမသတ်နိုင်အောင် ပြောနေလေသည်။

လှေဟန်ကျိုးမှာ စိတ်တိုလာ၏။

သို့ရာတွင် မျက်နှာပေါ်တွင်မူ အပြုံးကို ဆောင်ထားပြီး စိတ်ဝင်စားဟန်ဖြင့် နားထောင်နေရပေသည်။

ခိုမင်းသားက မနေနိုင်တော့ပါ။

ကြားဖြတ်မေးလိုက်လေသည်။

'ခင်ဗျားဆိုင်မှာ ဒီမျိုးအမြဲစားတတ်တဲ့ ဖောက်သည် ဘယ်နှစ်ယောက်လောက် ရှိသလဲ'

ဆိုင်ရှင်က....

'မြို့စားကြီးအပါအဝင် သုံးယောက်ပဲရှိတယ်ဗျ'

လှေဟန်ကျိုးက....

'နောက်နှစ်ယောက်က ဘယ်သူလဲ'

ဆိုင်ရှင်က....

'ဟန်ကျိုးမြို့က သူဌေးကြီး ချုပိန်ဖူးနဲ့ နှင်းဆီဂေဟာအ ချုန်တိတ် တို့ပဲ'

လှေဟန်ကျိုးက သေချာစွာ မှတ်သားလိုက်၏။

ဆိုင်ရှင်က ဆက်လက်၍ သူ့ ဆိုင်အကြောင်း ဆွေးမြီးတင်နေပြန်သည်။

ဤတစ်ကြိမ် လေ့ဟန်ကျိုးကစအောဇီအည်း၍ပင်နားမထောင်တော့ပါ။

ဆိုင်ရှင်ရှေ့မှ အမြန်ဆုံး ထွက်သွားလေတော့သည်။

—၀—

လျှုရှင်စွေ့က ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။
အတန်ကြာမှ ဝမ်ပေ့ဘက် လှည့်လိုက်ပြီး....
'ဒီကိစ္စ မင်း ဘယ်လိုသဘောရသလဲ'
ဟု မေးလိုက်၏။
ဝမ်ပေ့က —
'စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ စွန်ရဲကိစ္စ မှန်, မမှန်ထက် ဒီလူတွေမှာ အမှန်တကယ်ပဲ အန္တရာယ်ရှိလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်'
လျှုရှင်စွေ့က ဝမ်ကျီဘက် လှည့်လိုက်၏။
'မင်းကော'



ဝမ်ကျီက ဦးညွတ်လိုက်၏။

'ဒီကိစ္စကို မလွဲမသွေ ဆောင်ရွက်ရမှာပဲ'

လျှုရှင်စွေ့က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ဟုတ်တယ် ဝမ်ပေ့'

ဝမ်ပေ့က....
'အမိန့်ရှိပါ'

လျှုရှင်စွေ့က....
'ဒီကိစ္စကို မင်းပဲ ဆောင်ရွက်ပြီးတော့ အာကာသသား ခေါင်းဆောင် ရှောင်ကွမ်းဆီလဲ အကြောင်းကြားလိုက်ပါ'
ဝမ်ပေ့က....
'အမိန့်အတိုင်းပါ'

....၀....

လမ်းကြားလေးတစ်ခု....

လူနှစ်ယောက် လမ်းလျှောက်လာနေ၏။

ထိုလူ နှစ်ယောက်မှာ လှေဟန်ကျိုးနှင့် ခိုမင်းသားတို့ပင် ဖြစ်ပါသည်။

ခိုမင်းသားက ...

'သူဌေးကြီးက သူတော်ကျားဖြစ်နိုင်တဲ့ အထောက်အထား မတွေ့ရဘူး၊ ချယ်ရီ ဂေဟာပိုင်ရှင် ဖြစ်ဖို့ အနေအထား ရှိတယ်'

လှေဟန်ကျိုးက....

'ဟုတ်တယ်၊ ချယ်ရီဂေဟာပိုင်ရှင်ဟာ သူတော်ကျားဖြစ်မယ်လို့ ကျုပ်လဲ ယုံကြည်တယ်'

ခိုမင်းသားက...

'ဒါဆိုရင်....'

လှေဟန်ကျိုးက....

'ကျုပ်တို့ ချယ်ရီဂေဟာကို သွားကြတာပေါ့'

ခိုမင်းသားက ပြုံးလိုက်၏။

ထို့နောက် ရှေ့မှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

--- ၀ ---



ရွှေရောင်ဝတ်စုံရှင်သည် အခန်းတွင်း၌ ငြိမ်သက်စွာ ထိုင်နေလေသည်။ သူသည် လက်တွင်း၌ အရက်ခွက်အလွတ်ကို လှည့်ပတ်နေ၏။

'ဒေါင်....ဒေါင်....'

အပေါ်ဆီမှ အုန်းမှောင်းသံနှစ်ချက် ထွက်ပေါ်လာ၏။

ရွှေရောင်ဝတ်စုံရှင်သည် ခန္ဓာကိုယ် မတ်သွား၏။ မကြာမီ ပေါ်ပါသော ခြေသံကြားလိုက်ရပြီး အခန်းတွင်းသို့ လူ တစ်ယောက် ဝင်လာ၏။

ထိုလူသည် အခန်းတံခါး ပြန်ပိတ်လိုက်ပြီးနောက် ရွှေရောင်ဝတ်စုံရှင်၏ ရှေ့တွင် ဝင်ထိုင်လိုက်၏။

ရွှေရောင်ဝတ်စုံရှင်က ပြုံးလိုက်ပြီး....

'ရဲမှုကိစ္စ ဘယ်လိုလဲ'

ဟု စတင်မေးလိုက်လေသည်။

ထိုလူက....

'ရဲမှု သေပြီ'

ရွှေရောင်ဝတ်စုံရှင်က....

'ထိုးအဘိုးအိုတို့ နေရာသိပြီလား'

ထိုလူက သက်ပြင်းချလိုက်၏။

'ကျုပ်လူတွေက ရဲမှုထံက သတင်းမရခဲ့ဘဲ ဇက်လွန်သွားကြတယ်'

ရွှေရောင်ဝတ်စုံရှင်က—

'ဒီကိစ္စ မင်း ဘယ်လိုရှင်းမလဲ'

ထိုလူ၏မျက်နှာ မည်းမှောင်သွား၏။

'ကျုပ်ကိုစွ ကျုပ် နားလည်ပါတယ်'

ရွှေရောင်ဝတ်စုံရှင်က....

'ဒီလူက မသေသေးဘဲ ကျုပ် ဘယ်လို စိတ်ချနိုင်မှာလဲ'

ထိုလူက—

'ခင်ဗျား ဒီဘဝရောက်လာတဲ့အထိ သူတို့က ပြန်ထွက်လာခဲ့တာ မဟုတ်တော့ စိုးရိမ်စရာမရှိပါဘူး'

ရွှေရောင်ဝတ်စုံရှင်က....

'မင်း ထင်သလား'

ထိုလူက....

'ဟုတ်တယ်'

ရွှေရောင်ဝတ်စုံရှင်က....

'ကျုပ်ဘဝချောမွေ့မှ ခင်ဗျားတို့နဲ့ပူးပေါင်းဖို့ အဆင်ပြေမှာပေါ့၊ ကျုပ်ဘဝ ပြောင်းလဲသွားတာနဲ့ အစီအစဉ်တွေ အားလုံး ကမောက်ကမ ဖြစ်ကုန်လိမ့်မယ်ဆိုတာ ခင်ဗျား မသိဘူးလား'

ဟု ပြစ်တင် ပြောဆိုလိုက်၏။

ထိုလူက မဲ့လိုက်သည်။



'အစီအစဉ်စဖို့က ဒီကနေ့ပါဆိုရင် ရက်နှစ်ဆယ်ကျော်ပဲ လိုပါတော့တယ်၊ ခင်ဗျား ဘာမှ ပူစရာမရှိပါဘူး၊ အဲဒီနောက်ပိုင်း ခင်ဗျား ဘယ်သူပဲဖြစ်ဖြစ် ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး'

ရွှေရောင်ဝတ်စုံရှင်က....

'ကျုပ်ကတော့ ရက်နှစ်ဆယ်အတွင်း ဒီလူတွေ သေသွားဘာပဲ မြင်ချင်တယ်'

ထိုလူက ပခုံးတွန့်လိုက်၏။

ရွှေရောင်ဝတ်စုံရှင်က

'ခင်ဗျား မလုပ်နိုင်ရင် ကျုပ်ဘာသာ ကျုပ်ပဲ ဆောင်ရွက်ရမယ်'

ထိုလူ၏ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သူသည် ဒေါသလည်းထွက်သွားဟန် တူ၏။

'ကျုပ်တောင် မလုပ်နိုင်တာ ခင်ဗျားက လုပ်နိုင်ပါ့မလား'

ရွှေရောင်ဝတ်စုံရှင်က အားရပါးရ ပြုံးလိုက်၏။

'သိပ် လုပ်နိုင်တာပေါ့'

ထိုလူမှာ ပါးစပ်ပိတ်သွား၏။

ရွှေရောင်ဝတ်စုံရှင်က ရယ်မောလိုက်၏။

'ဒါပေမယ့် ခင်ဗျားတာဝန်ကို ခင်ဗျားပဲ ဆောင်ရွက်ပါ၊ ကျုပ် ကျော်လွန်ပြီး မလုပ်ပါဘူး'

ထိုလူက မျက်မှောင်ကြုတ်သွား၏။

ရွှေရောင်ဝတ်စုံရှင်က....

'ခင်ဗျားမှာ အတော်ဆုံးဓားသမား သုံးယောက်လောက် ရှိမလား'

ထိုလူက....

'အလွန်ကျွမ်းကျင်တဲ့ ဓားသမား နှစ်ဆယ်ယောက်ရှိတယ်'

ရွှေရောင်ဝတ်စုံရှင်က....

'လူများတာ မကောင်းပါဘူး၊ အဲဒီအထဲက သုံးယောက်ကို ရွေးချယ်ပြီးတော့....'

သူက စကားကို ရပ်တန့်လိုက်၏။

ထို့နောက် အိတ်ထဲမှ စာရွက်အလေးတစ်ရွက်ကို ထိုလူရှေ့သို့ ချပေးလိုက်လေသည်။

'ရော့'

ထိုလူက စာရွက်ကို ကြည့်လိုက်၏။

သူ၏ မျက်လုံးအစုံက ပြူးကျယ်သွား၏။

'ဒါကို ခင်ဗျား ဘယ်ကရတာလဲ'

ရွှေရောင်ဝတ်စုံရှင်က ရယ်မောလိုက်၏။

'ကျုပ်နည်းကျုပ်ဟန်နဲ့ ကြိုးစားစုံစမ်းရတာပေါ့၊ ကဲ....ရက် နှစ်ဆယ်အတွင်း....'

ထိုလူက ခေါင်းညိတ်လိုက်၏။

'ဒါဆိုရင်တော့ ရက်နှစ်ဆယ်အတွင်း ကောင်းကောင်း လုံလောက်ပါပြီ'



ရွှေရောင်ဝတ်စုံရှင်က....

'မင်းရဲ့ လူသုံးယောက်ကို တာဝန်ပေးလိုက်ပေတော့'

ထိုလူက ထရပ်လိုက်၏။

ရွှေရောင်ဝတ်စုံရှင်က....

'ဒီတစ်ကြိမ် ကျုပ် အရင် သွားအလှည့်'

ဟု ပြောလိုက်ပြီး အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

....o....

ရှောင်ကွမ်းက ရေနွေးကြမ်းခွက်ကို အသာချလိုက်၏။

ချိဝမ်က....

'မင်း အချိန်မဆိုင်းဘဲ သွားသင့်တယ်'

ရှောင်ကွမ်းက....

'ဟုတ်ကဲ့'

ချိဝမ်က....

'ဒီလူသုံးယောက်ကိုသာ ကျုပ်တို့ ရနိုင်ရင် စွန်ရဲ့ ဘယ်သူ ဘယ်ဝါဆိုတာ လွယ်လွယ်ကူကူ ဖော်ထုတ်နိုင်မှာ သေချာ တယ်'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

ချိဝမ်က စကား ဆက်လိုက်၏။

'ဒါဟာ လမ်းစပျောက်နေတဲ့ ကျုပ်တို့အတွက်အခွင့်အရေး တစ်ခုပါပဲ'

သူက ပြောရင်းရှောင်ကွမ်းအား ကြည့်လိုက်၏။

ရှောင်ကွမ်းမှာ မျက်မှောင်ကြုတ်ကာစဉ်းစားနေဟန် ရှိ၏။

ချိဝမ်က....

'ရှောင်ကွမ်း'

ရှောင်ကွမ်းက သတိဝင်လာပြီး....

'ပြောပါ အတ'

ချိဝမ်က သက်ပြင်း ချလိုက်ပြီး....

'မင်း ဘာတွေ စဉ်းစားနေတာလဲ၊ သူတော်ကျားတို့ သုံး ယောက်ကို ရအောင် ရှာဖွေ ခေါ်လာရမယ်'

ရှောင်ကွမ်းက....

'ကျုပ်လဲ ဒါကိုပဲ စဉ်းစားနေတာပါ'



ချိဝမ်က....

'စဉ်းစားနေဖို့ အချိန် မရှိဘူး၊ ဒီသတင်းရဖို့ ငွေဖြုဂိုဏ်းကလည်း လိုက်နေတယ်လို့ မြို့စား လျူရှင်စွေ့က အကြောင်းကြားလိုက်တယ် မဟုတ်လား၊ ရန်သူက သူတို့ကို ရှာမတွေ့ခင် မင်းက သူတို့ကိုလုံခြုံတဲ့ နေရာမှာ ထားနိုင်ရမယ်၊ သူတို့ကိုစည်းရုံး ပြီး စွန်ရဲကို ဖော်ထုတ်ရလိမ့်မယ်'

ရှောင်ကွမ်းက—

'ဟုတ်ကဲ့ ကျုပ် စဉ်းစားနေတာက သူတို့ကို ခေါ်ဖို့ ဘယ်သူ့ကို လွှတ်ရမလဲ ဆိုတာပါ'

ချိဝမ်က....

'မင်းက'

ရှောင်ကွမ်းက....

'နယ်စားကြီးနဲ့မွန်ဂိုကိုယ်စားလှယ်တွေ တွေ့ဆုံဖို့ခရီးအတွက် ကျုပ် စီမံ ဆောင်ရွက်ပေးရဦးမယ်၊ ဒီရက်အတွင်း ဒီမြို့ကခွာလို့ မရတာ သေချာနေလို့ပါ'

ချိဝမ်က သက်ပြင်း ချလိုက်၏။

'ဒုက္ခပဲ အရေးကြီးမှ မင်းက မအားလပ်ခဲ့ဘူး'

ရှောင်ကွမ်းက ...

'ဟုတ်တယ်၊ ကျုပ်ကိုယ်စား ဘယ်သူ့ကို တာဝန်ပေးရမလဲ၊ စဉ်းစားနေတာ၊ ဒီကိစ္စကို အပြင် လူသိလို့လဲ မဖြစ်ဘူး'

ချိုမ်က စဉ်းစားလိုက်၏။

'ကျုပ် သွားမယ်'

ရှောင်ကွမ်းက ခေါင်းခါလိုက်၏။

'မဖြစ်ပါဘူး'

ချိုမ်က ပြုံးလိုက်၏။

'မင်းက ကျုပ်ကို အထင်သေးလို့လား' ...

ရှောင်ကွမ်းက...

'ဘာဘာက အသက်ကြီးပါပြီ'

ချိုမ်က...

'အခု ကိစ္စက တိုက်ခိုက်ဖို့မှ မဟုတ်ပဲ၊ သူတို့ကို ဖော်ထုတ်စည်းရုံး သိမ်းသွင်းရမှာ'

ရှောင်ကွမ်းက...

'အခက်အခဲရှိမယ်'

ချိုမ်က...

'အကူအညီလိုရင် အာဏာသားတွေကို ကျုပ်က အသုံးပြုခွင့်ရဖို့ပဲ လိုတယ်'

ရှောင်ကွမ်းက စဉ်းစားလိုက်၏။

ယခု ကိစ္စသည် အလွန် သိမ်မွေ့ပေသည်။

စိတ်ဖြုပ်ထားသော လူများသည် သူတို့ကိုယ်သူတို့ယခင်ကစွန့်ရဲ၏ လူယုံများဟု ဝန်ခံကြလိမ့်မည် မဟုတ်ပါ။



ပါးနပ်စွာ စည်းရုံး ဆောင်ရွက်နိုင်မှသာ မိမိတို့အပေါ် ယုံကြည်ပြီး ကူညီပေလိမ့်မည်။

ထိုတာဝန်ကို ကြူးစိန်အား ပေးလိုက်သော်လည်း ကြူးစိန်သည် စိတ်မြန်လက်မြန် သမားတစ်ယောက် ဖြစ်၏။

စဉ်းစားတွေးခေါ် အား နည်းပေသည်။

'မင်း ဘာမှစဉ်းစားမနေပါနဲ့၊ ဒီတာဝန်ကို ကျုပ်ကလွဲလို့ ထမ်းဆောင်တဲ့လူ ရှိမှာမဟုတ်ပါဘူး

ရှောင်ကွမ်းက ခေါင်းကို ညင်သာစွာ ညိတ်လိုက်၏။

'ကောင်းပါပြီဘာဘာ၊ မြင်းလှည်းလွှတ်လိုက်မယ်၊ နယ်မြေအတွင်း အာဏာသားတွေကိုလဲ ဘာဘာကို ကူညီဖို့ အမိန့်ထုတ်လိုက်ပါမယ်'

ချိုမ်က...

'အင်း ကျုပ် အငြိမ်းစားယူပြီးကတည်းက အခုတစ်ခါပဲ စိတ်လှုပ်ရှား စရာ တွေ့ရတော့တယ်၊ ဒီတာဝန်ကို ကျုပ်အောင်မြင်အောင် ဆောင်ရွက်ခဲ့ပါ့မယ်'

ရှောင်ကွမ်းက....

'ကျေးဇူးတင်ပါတယ် ဘာဘာ'

ချိုမ်က လက်ကာပြလိုက်၏။

'ကျေးဇူးတင်စရာမလိုပါဘူး၊ ကျုပ် လုပ်သင့်လုပ်ထိုက်လို့ လုပ်ကိုင်ပေးတာပဲ'

ရှောင်ကွမ်းမှာ ချိုဝမ်အား ပေါ် ပို၍လေးစားသွားလေသည်။

သူသည် နဖူးနှင့်ကြမ်းပြင် ထိအောင်ပင် ဂါရဝပြုလိုက်မိလေတော့သည်။

....ဝ....

ချယ်ရီဂေဟာ....

တံခါးဝတွင် ကြေးဆိုင်းဘုတ်ကလေးတစ်ခု တပ်ထားခဲ့သည်။

အုတ်တံတိုင်းမှာ အတော်ပင်မြင့်မားပေသည်။

အတွင်းမှ အဆောက်အအုံကိုပင် မတွေ့ရချေ။

လေ့ဟန်ကျိုးက တံခါးကို အသာခေါက်လိုက်၏။

'ဒေါက် ဒေါက်'

ချောင်းကြည့်ပေါက် ပွင့်သွားပြီး....

'ဘယ်သူလဲ၊ ဘာကိစ္စလဲ'

တံခါးစောင့်၏ မာရေကျောရေအသံ ထွက်ပေါ်လာ၏။



လေ့ဟန်ကျိုးက နှာခေါင်းရှုံ့လိုက်ပြီး...

'တံခါးဖွင့်စမ်း၊ မင်းသခင် ချန်တိတ်နဲ့ တွေ့မလို့'

တံခါးစောင့်က ...

'ခင်ဗျားတို့ ကြိုတင်ချိန်းထားသလား'

လေ့ဟန်ကျိုးက....

'ချိန်းစရာမလိုဘူး'

တံခါးစောင့်က...

'ကြိုတင်မချိန်းထားရင်တော့ တွေ့ခွင့်ရမှာမဟုတ်ဘူးဗျ'

လေ့ဟန်ကျိုးက လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။

သူ၏လက်သည် ချောင်းကြည့်ပေါက်မှ ကြည့်နေသူ၏ မျက်နှာကို ထိုးချလိုက်ခြင်းဖြစ်၏။

'ခွပ်...'

တံခါးစောင့်မှာ နောက်ပြန်လဲကျသွားလေသည်။

တံခါးစောင့်က ခေါင်းသခြောင်းခြောက်ထွက်သွား၏။

သူသည် ချက်ချင်း တံခါးဖွင့်ကာ ခုန်ထွက်လာသည်။

သူ၏လက်တွင်း၌ ဓားတစ်ချောင်းက အသင့်ပါလာသည်။

'မင်းတို့က သေချင်လို့ ရန်စတာပဲ'

သူသည် ပြောရင်း လေ့ဟန်ကျိုးအား စလွယ်သိုင်း ခုတ်ချလိုက်၏။

လေ့ဟန်ကျိုးက လုံးဝ မရှောင်ပါ။

ခွေးက သူ့ခန္ဓာကိုယ်အနီး အရောက်တွင် ခိုမင်းသား၏လက်သီးက တံခါးစောင့်၏ နားထင်ကို ထိမှန်သွား၏။

'ခွပ် —'

တံခါးစောင့်မှာ မြေပေါ်လဲကျသွားလေသည်။

ဤတစ်ကြိမ်တွင် ပြန်ထလာနိုင်စွမ်း မရှိပါချေ။

လွေ့ဟန်ကျိုးက ခိုမင်းသားအား ပြုံးပြလိုက်ပြီး....

'အင်း–မင်းရဲ့လက်သီးက ခုထက်ထိ မလျော့ကျသေးပါလား' ခိုမင်းသားက ပခုံးတွန့်လိုက်၏။

ထို့နောက် ခြံတံခါးကို တွန်းဖွင့်ကာ အထဲသို့လှမ်းဝင်လိုက်လေသည်။

ခြံဝင်းအတွင်း လှပသော ပန်းခြံရှိ၏။

ရောင်စုံပန်းကလေးများ ဝေဆာဖူးပွင့်နေသည်။

ချယ်ရီဂေဟာဟု အမည်ပေးထားသော်လည်း ချယ်ရီပင်ကိုမူ တစ်ပင်မျှ မတွေ့ရပါချေ။

ပန်းခြံတစ်ဘက်တွင် ကျောက်ဖြူဖြင့် ရောစပ်ပြုလုပ်ထားသော အဆောက်အအုံတစ်ခု ရှိပေသည်။

ခြံဝင်းတစ်ခုလုံးတွင် မည်သူမျှ မတွေ့ရပါချေ။

လွေ့ဟန်ကျိုးနှင့် ခိုမင်းသားတို့က လမ်းကလေးအတိုင်း အဆောက်အအုံရှေ့သို့ လျှောက်လာခဲ့သည်။



အဆောက်အအုံတံခါးမှာ ပွင့်နေ၏။

လွေ့ဟန်ကျိုးက အထဲသို့လှမ်းဝင်လိုက်သည်နှင့်....

'ဝှစ်... ဝှစ်'

ဟူသောအသံနှင့်အတူ ဓားချက်က တံခါးကြားမှ ထွက်ပေါ်လာသည်။

သို့သော် လွေ့ဟန်ကျိုးက လျင်မြန်စွာပင် ကျွမ်းပစ်ကာ ဓားချက်အောက်မှ ရှောင်တိမ်းသွားလေသည်။

လွေ့ဟန်ကျိုးက ကြမ်းပြင်ပေါ် ခြေစုံရပ်ကာ ကြည့်လိုက်၏။ တံခါးကြားမှ လူနှစ်ယောက် ခုန်ထွက်လာသည်။

သူတို့၏ဓားကွက် ပုံအရ ကြေးတန်းစားဓားသမားဖြစ်ကြောင်း သိလိုက်ရလေသည်။

လွေ့ဟန်ကျိုးက ပြုံးလိုက်သည်။

သူ့ကဲ့သို့ ဝါရင့်ကြေးတန်းစား ဓားသမားကို မည်ကဲ့သို့ ယှဉ်ပြိုင်နိုင်ပါမည်နည်း။

ထိုစဉ် ထိုလူနှစ်ယောက်က ဘယ်ညာခွဲကာ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ထိုလူနှစ်ယောက်သည် ကြေးစားပီသလှ၏။ ဓားချက်တိုင်းတွင် ငဲ့ညှာမှုမရှိပါ။

ရန်သူလဲကျစေရန် နည်းပေါင်းစုံ အသုံးပြုထား၏။

လေ့ဟန်ကျိုးမှာ ထိုခေါင်းချက်ကို ထိုလူများထက် အဆပေါင်းများစွာ ကျွမ်းကျင်တတ်မြောက်ထားသည်။

သူ့အတွက် ထိုခေါင်းချက်ကို ခုခံကာကွယ်ရန် အလွန်ပင်လွယ်ကူလှပေသည်။

ခြေတစ်လှမ်းရွှေ့လိုက်သည်နှင့် ခေါင်းချက်များအောက်မှ ရှန်းထွက်ပြီးသား ဖြစ်သွားလေသည်။

ကြေးစား ခေါင်းသမားနှစ်ဦးမှာ ချက်ချင်းပင် ရှေ့တိုးကာ ထပ်မံတိုက်ခိုက်လိုက်လေသည်။

လေ့ဟန်ကျိုးက ရှောင်တိမ်း၍မပြီးဘဲ ပညာပြမှသာဖြစ်မည်ဟု နားလည်လိုက်၏။

ဤအချိန်တွင် သူသည် ရှောင်တိမ်းမနေတော့ပါ။

လျပ်တစ်ပြက် ရှေ့တိုးဝင်လိုက်သည်။

ခေါင်းချက်က သူ၏နံကြားမှ ချော်ထွက်သွား၏။

သူ၏ညာခြေနှင့် ဘယ်လက်တို့က လျပ်စစ်လက်သလို လှုပ်ရှားသွားလေသည်။

'ခွပ်'

'ဖုန်း'

ကြေးစား နှစ်ယောက်မှာ နောက်သို့ လွင့်စင်သွားလေသည်။ သို့သော် ချက်ချင်းပင် လူးလဲကာ ပြန်ထလာကြ၏။



ဤတင်ကြိမ်တွင် အရမ်းမဝင်ရဲပဲ အခြေအနေကို အကဲခတ်ပြီးမှ တိုက်ခိုက်ရန် ပြင်လိုက်ကြ၏။

ထိုစဉ်....

'ရပ်လိုက်'

ဟူသော အသံ ထွက်ပေါ်လာ၏။

ကြေးစား နှစ်ဦးမှာ ချက်ချင်းပင် နောက်ဆုတ်သွားကြ၏။ ညွှန်းတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာလေသည်။ ထိုလူသည် အဘိုးတန်ဝတ်စုံကို ဝတ်ဆင်ထား၏။ သူ၏ ထိပ်မှာ ပြောင်နေပြီး အသက်မှာ ခြောက်ဆယ်ဝန်းကျင်ခန့်ရှိပေသည်။

ထိုလူသည် ချယ်ရီဂေဟာပိုင်ရှင် ချွန်တိတ်ပင် ဖြစ်ပါသည်။ ချွန်တိတ်က လေ့ဟန်ကျိုးကိုအား စူးစိုက်ကြည့်လိုက်ပြီး.... 'မိတ်ဆွေတို့က ဘာကြောင့် ချယ်ရီဂေဟာထဲကို ကျူးကျော်ရန်စရတာလဲ'

ဟု မေးလိုက်၏။

လေ့ဟန်ကျိုးက လက်နှစ်ဘက်ဆုပ် ဦးညွှတ်လိုက်၏။ 'ကျုပ်တို့ တွေ့ခွင့်တောင်းတာ မရလို့ ကျူးကျော်ဝင်ရောက်ခဲ့ရတာကို ခွင့်လွှတ်ပါဗျာ'

ချွန်တိတ်က မှောင်ကြုတ်သွား၏။ 'ကျုပ်နဲ့ တွေ့ချင်လို့ ဟုတ်လား'

သူဘော်ကျားက—

'ဟုတ်ပါတယ်'

ချွန်တိတ်က....

'ဘာကိစ္စလဲ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ'

လေ့ဟန်ကျိုးက ...

'ကျုပ်တို့ ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးပါဘူး၊ ခင်ဗျားဟာ သူခိုးတော်ကျားဖြစ်တယ်ဆိုရင် လုံလောက်ပါပြီ'

ချွန်တိတ်၏မျက်လုံးများ တောက်ပသွား၏။

သူသည် ဣန္ဒြေမပျက်စေဘဲ ပြန်ပေးလိုက်၏။

'ခင်ဗျားတို့ ဘာတွေ လာပြောနေတာလဲ'

လေ့ဟန်ကျိုးက ...

'ကျုပ်တို့ အေးအေးဆေးဆေး ဆွေးနွေးရအောင်'

ချွန်တိတ်က ...

'မင်းတို့ လူမှားနေပြီ၊ ကျုပ်က ချွန်တိတ်ပါ၊ ဒီမှာ ကျုပ်ကို မသိတဲ့လူ မရှိပါဘူး'

လေ့ဟန်ကျိုးက ခေါင်းညိတ်လိုက်၏။

'ခင်ဗျားဟာ ချွန်တိတ်ဖြစ်သလို သူခိုးတော်ကျား ဖြစ်တယ်ဆိုတာလဲ ကျုပ်တို့သိပါတယ်'

ချွန်တိတ်က ခေါင်းခါယမ်းလိုက်၏။

'ခင်ဗျားတို့က အတင်းစွပ်စွဲနေပါလား၊ သူခိုးတော်ကျားဆိုတာ ကျုပ်တစ်ခါမှ မကြားဖူးပါဘူး'

သူက ပြောရင်း လက်ခုပ်တစ်ချက် တီးလိုက်၏။

အခန်းတွင်းသို့ ချွန်တိတ်၏ ကိုယ်ရံတော်ဆယ်ယောက်ခန့် ဝင်ရောက်လာကြ၏။



ချွန်တိတ်က....

'ကဲ....သူတို့ကို လိုက်ပို့လိုက်ပါ'

ဟု အမိန့်ပေးပြီး အခန်းတွင်းသို့ လှည့်ဝင်သွားလေသည်။

လေ့ဟန်ကျိုးနှင့် ခိုမင်းသားတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့က တိုက်ခိုက်မှုမဖြစ်လိုပါ။

ထို့ကြောင့် နောက်ပြန်ဆုတ်ရန် ဆုံးဖြတ်လိုက်ပြီး ချယ်ရီဂေဟာအတွင်းမှ ထွက်လာခဲ့လေသည်။

....o....

မြင်းလှည်းမှာ အရှိန်နှင့် ပြေးလွှားနေ၏။

ချိဝမ်သည် မြင်းလှည်းပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ငေးမောကြည့်နေ၏။

သူခရီးမထွက်သည်မှာ ကြာပြီဖြစ်သည်။

အိမ်ကလေးထဲတွင်သာ နေထိုင်ခဲ့သည်မှာ ဆယ်နှစ်နီးပါးမျှ ရှိခဲ့ပြီဖြစ်၏။

ယခု ပြင်ပလောကကြီး၏အလှအပများ တွေ့မြင်ရသောအခါ စိတ်မှာကြည်နူးလာမိ၏။

အသက်လည်း ဆယ်နှစ်စာခန့် နုပျိုသွားသလို ခံစားမိလေသည်။

ချိဝမ်က မြင်ကွင်းများကိုကြည့်ရင်း သူတော်ကျားထံသို့ နှစ်ရက်ခန့်သွားရဦးမည်ဟု သိလိုက်၏။

သူတော်ကျားနှင့်တွေ့လျှင် မည်သို့ပြောဆိုရမည်ကို တွေးတောစဉ်းစားနေလိုက်လေသည်။

....၀....

ည....

လထွက်လာပြီ ဖြစ်၏။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

လှိုင်စာပေ
အမှတ် ၁၂၁ ...ငွေ ၁၅၀ ... ၄၉ လမ်း

ထိုစဉ် ရုတ်တရက် ဆဲ့ဆဲ့ဝင်ဝင် အူလိုက်သော ခွေးအူသံက ထွက်ပေါ်လာ၏။

စိတ်အား ငယ်တတ်သူများအဖို့ ညသည် ခြောက်ချားစရာပင်။

ချယ်ရီဂေဟာ....

ချယ်ရီဂေဟာရှိ အခန်းတစ်ခုမှာ မီးလင်းနေ၏။

ချယ်ရီဂေဟာပိုင်ရှင် ချွန်တိတ်မှာ မအိပ်သေးပါ။ အခန်းထွင်း၌ တပ်ယောက်တည်းထိုင်ကာ အရက်သောက်နေလေသည်။

သူသည်စတုတ္ထမြောက်အရက်ခွက်ကို မော့ချလိုက်၏။ ပူအိုက်မှုမရှိဘဲ သူ၏မျက်နှာပေါ်တွင် ချွေးများစို့နေ၏။

ချွန်တိတ်က ခေါင်းကိုသာသာခါယမ်းလိုက်၏။

'ဒီလူတော့ ဘယ်သူလဲ၊ ဘယ်လိုကြောင့်ရောက်လာကြတာလဲ၊ ခေတ္တဘာသားဘက်ကဲတာလား၊ စွန်ရဲရှဲ့ဘက်ကလား'

'အို....ဒီလူတွေကို သတိမိန့်ပေးထားပြီပဲ၊ ပူစရာမရှိတော့ပါဘူးလေ'

ဟု တွေးတောနေ၏။

မှန်ပေသည်။

သူသည် လေ့ဟန်ကျိုးနှင့်ခိုဖင်းသားအား ရှင်းပစ်ရန် သူ၏တပည့်သားများအား အမိန့်ပေးပြီးပြီ ဖြစ်၏။

ယခုနေ့ညတွင်ပင် လေ့ဟန်ကျိုးနှင့်ခိုမင်းသားတို့ သေဆုံးသွားရမည် ဖြစ်ပေသည်။

ထိုစဉ် အခန်းတံခါးခေါက်သံ ထွက်ပေါ်လာ၏။

ချွန်တိတ်အမည်ခံ သူတော်ကျားပ်မျက်နှာ စင်းပသွား၏။

'သူတို့ပြန်လာကြပြီပဲ'

'ဝင်ခဲ့ကြပါ'

ဟု အော်လိုက်၏။

အခန်းတံခါးမှာ တဖြည်းဖြည်းချင်း ပွင့်သွားလေသည်။

လူတစ်ယောက်၏ခြေထောက်က အရင်ဝင်လာ၏။

မကြာမီ တစ်ကိုယ်လုံး အခန်းတွင်းသို့ ရောက်ရှိလာလေသည်။

ချွန်တိတ်အမည်ခံ သူတော်ကျား၏မျက်နှာပေါ်မှ အပြုံးများ ရုတ်ခြည်း ပျောက်ကွယ်သွားလေသည်။

'မင်း....မင်း....'

အခန်းတွင်းသို့ ဝင်ရောက်လာသူမှာ သူတော်ကျား၏ တပည့်များ မဟုတ်ကြပါ။

လေ့ဟန်ကျိုးပင် ဖြစ်ပါသည်။

လေ့ဟန်ကျိုးက သူတော်ကျား၏ရှေ့တွင် ဝင်ထိုင်လိုက်၏။



'ခင်ဗျားရဲ့ငယ်သားတွေက တစ်ယောက်မှမစွံပါဘူး၊ သူတို့ကို ကိုယ်ရံတော်ခန့်ထားတာ ခင်ဗျား အလွန်မှားယွင်းခဲ့တာပဲ'

သူတော်ကျားက မဲ့လိုက်၏။

'ခင်ဗျား ဘာကြောင့် ရောက်လာပြန်တာလဲ'

သူတော်ကျားက....

'ကျုပ် သူတော်ကျားမဟုတ်ဘူး'

လေ့ဟန်ကျိုးက....

'ကျုပ်စကားကို ဆုံးအောင်နားထောင်ပါဦး'

သူတော်ကျားက ပခုံးတွန့်လိုက်၏။

'မင်းက အတင်းစွပ်စွဲနေပါလား'

လေ့ဟန်ကျိုးက....

'ထားပါတော့၊ စွန်ရဲ မသေသေးဘူးဆိုတာ ခင်ဗျား သိရဲ့လား'

သူတော်ကျား၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

'မင်း....မင်း ဘယ်သူလဲ'

လေ့ဟန်ကျိုးက...

'ကျုပ်က လေ့ဟန်ကျိုးပါ'

သူတော်ကျား မျက်မှောင်ကြုတ်သွား၏။

သူ ဒီနာမည်ကို ကြားဖူးသည်ဟု ထင်မိ၏။

စဉ်းစားလိုက်တော့မှ နာမည်ကျော် ကြေးစား ဓားသမား တစ်ဦး ဖြစ်ကြောင်း မှတ်မိလိုက်၏။

သူ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

'မင်းက လေ့ဟန်ကျိုးကို၊ ကျုပ်ကို အလွယ်တကူ သက်နိုင်မယ်လို့ မထင်နဲ့'

သူသည် ဝုန်းခနဲ ထရပ်လိုက်၏။

သူ၏လက်တွင်၌ ပုဆိန်တစ်လက်က အသင့်ပါလာလေသည်။

သူတော်ကျားသည် ရုတ်ခြည်း ဆိုသလိုပင် လေ့ဟန်ကျိုးအား တိုက်ခိုက်လိုက်လေသည်။

'ဝှီ'

ပုဆိန်မှာ ပြင်းထန်သောအရှိန်ဖြင့် လေ့ဟန်ကျိုး၏ခေါင်းကို ဦးတည်ဝင်ရောက်လာ၏။

လေ့ဟန်ကျိုးမှာ ကုလားထိုင်နှင့်အတူ နောက်သို့ လှန်ချလိုက်ရာ ပုဆိန်ချက်အောက်မှ လွတ်မြောက်သွားလေသည်။

'ဒုန်း'

လေ့ဟန်ကျိုးက ခုန်ထလိုက်ပြီး လက်ကာလိုက်၏။

'သူတော်ကျား ခဏနေဦး၊ ခင်ဗျား အထင်လွဲနေပြီ'

ဟု အော်ဟစ် ဟန့်တားလိုက်၏။

သူတော်ကျားကား နားမထောင်ပါ။



ပုဆိန်ကိုဝေ့ယမ်းကာ ဆက်လက်၍တိုက်ခိုက်လိုက်လေသည်။

လေ့ဟန်ကျိုးက ရှောင်တိမ်းရင်း....

'ခင်ဗျား ဟာ သူတော်ကျား ဆိုတာ သိရှားနေပြီပဲ'

သူတော်ကျားက....

'ကျုပ်ကို သိသွားတဲ့ နောက်မှတော့ မင်းကို အလွတ်ပေးလို့ မဖြစ်တော့ပါဘူး'

သူသည် ပြောရင်း တရကြမ်း တိုက်ခိုက်လိုက်ပြန်၏။

ပုဆိန် ဝေ့ယမ်းမှုမှထွက်ပေါ် လာသော လေအရှိန်သည် တဝှီးဝှီးနှင့် မြည်နေလေသည်။

ပုဆိန်တချက်ထိမှန်လိုက်ပါက အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲသွားမည်မှာ သေချာလှပေသည်။

သူတော်ကျားသည် ပုဆိန်ကို အသုံးပြုရာတွင် ကျင်လည်လှပေသည်။

လေ့ဟန်ကျိုးက....

'ရပ်ပါဦး၊ ကျုပ်စကား နားထောင်ပါဦးဗျ'

သူက ဟန့်တားရင်း သူတော်ကျား၏ ပုဆိန်ချက်ကို ရှောင်တိမ်းနေရလေသည်။

သူတော်ကျားက မဲ့လိုက်၏။

'မင်းက ကျုပ်ကို ပရိယာယ်ဆင်လို့ မရပါဘူး၊ ဒါမျိုးတွေ ကျုပ်ကရိုးနေပါပြီ'

သူအပြောရင်း ဆက်လက်တိုက်ခိုက်ပြန်၏။

'ဝှစ်....ဝှစ်'

လေ့ဟန်ကျိုးမှာ ဒေါသတွက်သွား၏။

သူတော်ကျားအား အကြောင်းပြစရာ ဖြစ်မည်ဟု တွေးလိုက်မိ၏။

သူသည် ရှောင်တိမ်းရင်း လက်နှစ်ဖက်ဖြင့် တုံ့ပြန် တိုက်ခိုက်လိုက်လေတော့သည်။

လေ့ဟန်ကျိုး၏ တိုက်ခိုက်မှု စတင်လိုက်သည်နှင့် သူတော်ကျား၏ ပုဆိန်ချက်မှာ လျော့ကျသွား၏။

သူတော်ကျားမှာ ရင်ထိတ်သွား၏။

သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး အစွမ်းကုန် တိုက်ခိုက်လိုက်လေတော့သည်။

....o....



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

သိုင်းကွက် ငါးဆယ်ခန့် ရောက်ရှိလာပြီ ဖြစ်ပါသည်။

တိုက်ပွဲ အခြေအနေမှာ သိသာထင်ရှားလာ၏

လေ့ဟန်ကျိုးက လက်ချည်း တိုက်ခိုက် နေသော်လည်း အသာစီးမှ တိုက်ခိုက်နိုင်ပေသည်။

သူတော်ကျားမှာ ထိတ်လန့် လာ၏။

တစတစ အရှုံးနှင့် ရင်ဆိုင်နေရပြီ မဟုတ်ပါလား....

သို့သော် သူတော်ကျားမှာ နောက်ဆုတ်ရန် စိတ်မကူးပါ။

ကြံ့ကြံ့ခံကာ တိုက်ခိုက်နေဆဲပင် ဖြစ်၏။

လေ့ဟန်ကျိုးက စိတ်ရှည်တော့ပါ။

သိုင်းကွက်များ ပြောင်းလဲလိုက်လေသည်။

သူ၏|လက်သည်းစွန်ကုပ်သဏ္ဌာန်ဖြင့် သူတော်ကျား၏ ပုဆိန်ကိုင် လက်ကောက်ဝတ်ကို လျှပ်တပြက် ဖမ်းအုပ်မိသွား၏။

သူတော်ကျား က ရင်ထိတ်သွားပြီး အတွင်းအားသုံးကာ ရုန်းထွက်လိုက်လေသည်။

သို့သော် သူ၏လက်ကောက်ဝတ် တစ်ခုလုံး နာကျင်၍သာ လာ၏။

လေ့ဟန်ကျိုး၏ လက်မှ မလွတ်ပါချေ။

သူတော်ကျားက အံကြိတ်ကာ ဘယ်လက်သီးဖြင့် လေ့ဟန်ကျိုး၏ မျက်နှာကို ထိုးချလိုက်၏။

လေ့ဟန်ကျိုးက ခေါင်းကိုအသာငဲ့ကာ ရှောင်တိမ်းလိုက်၏။

သူတော်ကျားက လက်ကိုတင်ချက်လှည့်ပိုက်ရာ လက်ဝါးစောင်းက လေ့ဟန်ကျိုး၏သည်မျိုသို့ ချက်ချင်း ရောက်ရှိလာ၏။

လေ့ဟန်ကျိုးက သူ၏ကြီးမားသောလက်ဝါးဖြင့် သူတော်ကျား၏ လက်ဝါးကို ဖမ်းဆုပ်ထားလိုက်၏။

သူတော်ကျား မျက်နှာပျက်သွား၏။

သူ၏ လက်နှစ်ဘက်စလုံးသည် လေ့ဟန်ကျိုး၏ချုပ်ကိုင်မှုကို ခံနေရပြီ မဟုတ်ပါလော။

လေ့ဟန်ကျိုးက လက်ကိုပိုညှစ်ချလိုက်ပြီး....

'လွှတ်စမ်း'

'ခေါက်....'

သူတော်ကျား၏လက်တွင်းမှ ပုဆိန်များ ကြမ်းပေါ် ပြုတ်ကျသွားသလို၊ သူတော်ကျား၏မျက်နှာမှာ ရှုံ့မဲ့သွားတော့သည်။

လေ့ဟန်ကျိုးက...

'ခင်ဗျားရှုံးပြီ'

ဟု တိုးတိုးပြောလိုက်၏။

သူတော်ကျားက ခေါင်းညိတ်လိုက်၏။

လေ့ဟန်ကျိုးက...

'ခင်ဗျားနဲ့ကျုပ် အေးအေးဆေးဆေး စကားပြောရအောင်'

ဟု ပြောရင်း ပြန်တွန်းထုတ်လိုက်၏။



သူတော်ကျားမှာ နောက်သို့ယိုင်သွားပြီး ကုလားထိုင်ပေါ် ထိုင်လျက်သား ကျသွား၏။

လေ့ဟန်ကျိုးက သူတော်ကျားရှေ့တွင် ဝင်ထိုင်လိုက်၏။

ထို့နောက် စားပွဲပေါ်မှ အရက်အိုးအား ငှဲ့၍ သောက်လိုက်၏။

သူတော်ကျားမှာ အေးတိအေးစက်နိုင်လှသောလေ့ဟန်ကျိုးကို ကြည့်ကာ ပို၍ကြောက်ရွံ့လာမိလေသည်။

'ခင်....ခင်ဗျား ကျုပ်ကိုသတ်မှာလား'

လေ့ဟန်ကျိုးက ခေါင်းခါလိုက်၏။

'မသတ်ပါဘူး'

သူတော်ကျားက....

'ခင်ဗျား ကအယ်ပြောတာလား'

လေ့ဟန်ကျိုးက....

'ကျုပ် စကားဟာ ကတိပဲဆိုတာ သိုင်းလောကသားတွေ အားလုံး သိထားကြပါတယ်'

သူတော်ကျားက သက်ပြင်းချလိုက်၏။

သူသည် ယခုမှ စိတ်သက်သာရာ ရသွား၏။

'ခင်ဗျားနဲ့ ကျုပ် ဘာကိစ္စရှိလို့လဲ၊ ကျုပ်တို့ တစ်ကြိမ်မှ ဆုံတွေ့ခဲ့ခြင်း မရှိဘူး ထင်ပါတယ်၊ ခင်ဗျားနဲ့ ကျုပ်ကြားမှာ ဘာကိစ္စများ ရှိနေသလဲ၊ ကျုပ် စဉ်းစားလို့ကို မရပါဘူး'

လွေဟန်ကျိုးက....
'ခင်ဗျားနဲ့ ကျုပ်ကြားမှာ ကိစ္စမရှိတာ အမှန်ပဲ၊ ဒါကြောင့် ခေါင်းရှုပ်ခံ စဉ်းစားမနေပါနဲ့၊ ကျုပ် စကားဆုံးသွားရင် ခင်ဗျား သဘောပေါက်မှာပါ'

သူတော်ကျားက ပဟေဠိ ဖြစ်နေ၏။

သူက လွေဟန်ကျိုးအား စိုက်ကြည့်လိုက်ပြီး....

'ခင်ဗျား ရောက်လာတာက...'

လွေဟန်ကျိုးက....

'ခင်ဗျား သူတော်ကျားဆိုတာ ဝန်ခံပြီလား'

သူတော်ကျားက ခေါင်းညိတ်လိုက်၏။

'ခင်ဗျား သိပြီးပြီပဲ'

လွေဟန်ကျိုးက....
'ခင်ဗျားတို့ရဲ့ တစ်ချိန်က ခေါင်းဆောင်ဖြစ်တဲ့ စွန်ရဲ မသေသေးဘူးဆိုတာ ခင်ဗျားတို့ သိသလား'

သူတော်ကျားက....
'မသိပါဘူး'

လွေဟန်ကျိုးက....
'သူ မသေသေးပါဘူး'
သူတော်ကျားက သိပ်အံ့သြဟန် မရှိပါ။



လွေဟန်ကျိုးက....
'ဒီစကားကြားတာ ခင်ဗျား အံ့အားသင့်ပုံ မပြပါလား'
သူတော်ကျားက သက်ပြင်းချလိုက်၏၊

'စွန်ရဲလို လူဟာ လွယ်လွယ်ကူကူနဲ့ သေဆုံးသွားမယ် ထောင်တော့လို့ပါ၊ သူလဲ ကျုပ်တို့ကို ဇာတ်မြှုပ်နေမှာ တွက်ထားလို့ပါ'

လွေဟန်ကျိုးက....

'သူ ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျား သိသလား'

သူတော်ကျားက....

'ကျုပ်တို့အားလုံး ဇာတ်မြှုပ်ပြီးတဲ့နောက် ဘာသတင်းမှ စုံစမ်းမနေတော့ဘူး'

လွေဟန်ကျိုးက....

'စွန်ရဲက ခင်ဗျားတို့ ဘယ်မှာရှိတယ်ဆိုတာ သိရင် ငြိမ်နေမှာ မဟုတ်ဘူး၊ ခင်ဗျားတို့ကို ရှင်းပစ်မှာပဲ'

သူတော်ကျားက ရယ်မောလိုက်၏။

'သူဟာ ကျုပ်တို့ရဲ့ တစ်ချိန်က ခေါင်းဆောင်ပဲ၊ ကျုပ်တို့ကို ဘာကြောင့် သတ်ရမှာလဲ၊ ခင်ဗျားက ခြိမ်းခြောက်တာ များယွင်းနေပြီ'

လွေဟန်ကျိုးက ပြုံးလိုက်၏။

'ခင်ဗျားကသာ ရုံပွဲငွေတွေ သုံးမသွားရင်တော့ ခင်ဗျား ပြောသလို ဖြစ်နိုင်ပါတယ်'

သူတော်ကျား၏ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

လေ့ဟန်ကျီးက သူ ရမ်းပစ်လိုက်သော စကား မြှားက ချက်ကောင်း ထိသွားကြောင်း နားလည်လိုက်၏။

သူက ဆက်ပြောလိုက်၏။

'ကျုပ်တောင်မှ ခင်ဗျားကို ရှာဖွေနိုင်ခဲ့ရင် စွန်ရဲဟာ ပိုလို့တောင် ရှာနိုင်မှာ သေချာတယ်'

သူတော်ကျား၏ မျက်နှာ ပိုပျက်လာ၏။

အလွန်ထိတ်လန့်သွားကြောင်းလည်း မဖုံးဖိနိုင်တဲ့ ပေါ်လွင်လာသည်။

လေ့ဟန်ကျီးက အာမျှ ဆက်မပြောသေးဘဲ အရက်ကို တစိမ့်စိမ့် သောက်နေလိုက်ရ၏။

သူတော်ကျားက လေ့ဟန်ကျီးအား စိုက်ကြည့်လိုက်၏။

'မင်းက ဒီအကြောင်းတွေပြောပြပြီး ကျုပ်ကို အကျပ်ကိုင် ငွေညှစ်မလို့လား'

သူ့စကားအဆုံးတွင် လေ့ဟန်ကျီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

သူတော်ကျားက....

လှပစာပေ
ဝန်ရဲ(၃)
စာမှတ် ၁၈/၁၃၈၊

'မင်း ဘာရယ်တာလဲ'

လေ့ဟန်ကျီးက....

'ကျုပ်ကို ခေါ်ညှစ်တဲ့ လူတစ်ယောက်လို့ ခင်ဗျားက ကြားဖူးထားလို့လား'

သူတော်က....

'ငွေမညှစ်ချင်ရင် ဘာလိုချင်သလဲ'

လေ့ဟန်ကျီးက....

'ခင်ဗျားရဲ့ ပူးပေါင်း ကူညီမှု'

သူတော် မျက်မှောင် ကြုတ်သွား၏။

'ကျုပ်က ကူညီရမယ် ဟုတ်လား'

'ဟုတ်တယ်'

'ဘာကူညီရမှာလဲ'

လေ့ဟန်ကျီးက...

'ဘယ်သူဟာ စွန်ရဲ ဖြစ်တယ်ဆိုတာကို ကျုပ်ကို ပြသဖို့ပါပဲ'

သူတော်ကျားက....

'ဒါဆို ခင်ဗျားက စွန်ရဲကို....'

လေ့ဟန်ကျီးက....

'ကျုပ် အစအဆုံး ရှင်းပြပါ့မယ်'

သူက သူသိသမျှ အားလုံးကို ရှင်းပြလိုက်၏။

သူတော်ကျားက ကြားဖြတ်မမေးပဲ ငြိမ်သက်စွာနားထောင်နေလိုက်၏။

လေ့ဟန်ကျိုးက စကားဆုံးတော့မှ....

'ဇွန်ရဲဟာ နယ်စားဂေဟာမှာ ရှိတယ်လို့ ခင်ဗျား ယူဆထားတာကိုး'

လေ့ဟန်ကျိုးက....

'သူ့ဟာ နယ်စားဂေဟာမှာ မရှိရင် ကျုးယု သေမှာ မဟုတ်ပါဘူး'

သူတော်ကျားက သက်ပြင်းချလိုက်၏။

'ကျုပ် သူ့ကို သစ္စာဖောက်လို့ ကောင်းမှာ မဟုတ်ပါဘူး'

လေ့ဟန်ကျိုးက....

'သူကတော့ ခင်ဗျားတို့ကို အရှင်ထားမယ် မထင်ဘူး'

သူတော်ကျားက....

'ကျုပ် စဉ်းစားပါရစေ'

လေ့ဟန်ကျိုးက ထရပ်လိုက်၏။

'ကောင်းပြီလေ၊ မနက်ဖြန်ည ကျုပ် လာခဲ့မယ်'



သူသည် အခန်းတွင်းမှ တစ်လျှမ်းချင်း ထွက်ခွာ သွားလေတော့သည်။

— ၀ —

ဝတ်စုံဖြူ ဝတ်ဆင်၍ ခါးစည်းကြိုး အညိုရောင် စည်းနှောင်ထားသော လူသုံးယောက်တအခန်းကျယ်တွင် တန်းစီဝင်ရောက်လာ၏။

ထိုလူ သုံးယောက်အနက် နှစ်ဦးက ဓား ကိုင်ဆောင်ပြီး တစ်ဦးကမူ ထူးဆန်းသော လက်ဝါးသဏ္ဍာန် လက်နက်ကို ကိုင်ဆောင်ထားပေသည်။

ထိုလူ သုံးယောက်သည် အခန်းတွင်း စင်မြင့်ရှေ့၌ဒူးထောက်ကာ နေလိုက်ကြလေသည်။

ထိုစဉ် စင်မြင့်နောက်မှ တံခါးပွင့်လာပြီး ငွေဖြူဂိုဏ်းချုပ် ထွက်ပေါ်လာလေသည်။

ငွေဖြူဂိုဏ်းချုပ် ထွက်လာသည်နှင့် ဝတ်စုံဖြူသုံးယောက်က ဂါရဝပြုလိုက်ကြ၏။

ငွေဖြူဂိုဏ်းချုပ်က ခုံရှည်တွင် ဝင်ထိုင်လိုက်၏။

ပြီးမှ အနိမ့်အမြင့် မရှိသော လေသံဖြင့် စတင်ပြောလိုက်၏။
'မင်းတို့အတွက် အထူးတာဝန် ရှိတယ်'

ဝတ်စုံဖြူသုံးယောက်က ချက်ချင်းခေါင်းညိတ်လိုက်ကြပြီး....

'အမိန့်ရှိပါ ဂိုဏ်းချုပ်'

ငွေဖြူဂိုဏ်းချုပ်က....

'ဓားဘီလူးတန်'

ဓားဘီလူးတန်က ရှေ့တစ်လှမ်း တိုးကာ အမိန့်ကို နာခံလိုက်၏။

ငွေဖြူဂိုဏ်းချုပ်က....
'မင်းက ခေါင်းဆောင်ပြီး တာဝန်ကိုကျေအောင် ထမ်းရွက်ရမယ်'

ဓားဘီလူးတန်က....
'အမိန့်အတိုင်းပါ'

ငွေဖြူဂိုဏ်းချုပ်က....
'ဒီလူတွေကို ရက်နှစ်ဆယ် အတွင်း အပြီးတိုင် သုတ်သင်လိုက်ပါ'

ဟု အေးစက်စွာ အမိန့်ပေးလိုက်၏။



ထို့နောက် စာရွက်ပိုင်းကလေးအား ဓားဘီလူး တန်ထံသို့ ပစ်လွှင့်လိုက်လေသည်။

ဓားဘီလူး တန်က စာရွက်ကို ယူကြည့်လိုက်သည်။
စာရွက်ပေါ်တွင် အမည်နှင့် လိပ်စာသုံးခု ရေးသားထားသည်ကို တွေ့လိုက်ရသည်။

ငွေဖြူဂိုဏ်းချုပ်က...

'သူတို့မသေသ၍ မင်းတို့ဂိုဏ်းကို ပြန်လာစရာမလိုဘူးဆိုတာလဲ မှတ်ထားပါ'

သူ၏အသံတွင် ရက်စက်မည့်အရိပ်အယောင်များ ပေါ်လွင်နေသည်။

ဓားဘီလူးတန်က ထိုတာဝန်ကို အောင်မြင်အောင်ဆောင်ရွက်ရမည်ဟု ကောင်းစွာ နားလည်လိုက်၏။
တာဝန် မကျေပြွန်လျှင် မိမိတို့သည်လည်း ကြီးမားသော ပြစ်ဒဏ်ကျခံရမည်ဆိုသည်ကိုပါ နားလည်သဘောပေါက်နေမိလေသည်။

ငွေဖြူဂိုဏ်းချုပ်က....
'မင်းတို့ ဒီကနေ့ပဲချက်ချင်းခရီးထွက်ပါ၊ဘာမေးစရာ ရှိသေးသလဲ'

ဓားဘီလူးတန်က....
'မရှိတော့ပါဘူး'

ငွေဖြူဂိုဏ်းချုပ်က....

'ကောင်းပြီ၊ သွားပေတော့'

ဓားဘာဂီလူးတို့က ဦးညွှတ် အရိုအသေပြုလိုက်ပြီး လျင်မြန်စွာ ထွက်ခွာသွားကြလေသည်။

ဓားဘာဂီလူးတန်တို့လူစု ထွက်သွားပြီး မကြာမီ ဝတ်စုံဖြူ တစ်ယောက် ဝင်ရောက်လာသည်။

ငွေဖြူဂိုဏ်းချုပ်က....

'ရှာနမ်မှူး ကျောက်'

'အမိန့်ရှိပါ ဂိုဏ်းချုပ်'

'သံပေသီးကို သိသလား'

ရှာနခွဲမှူး ကျောက်က....

'သိပါတယ်'

ငွေဖြူဂိုဏ်းချုပ်က....

'သူဟာ ကျုပ်တို့ကို ခြေရာခံလိုက်နေတယ်၊ သူ့ကို အနား ပေးလိုက်ပါ'

ရှာနခွဲမှူး ကျောက်က ခေါင်းညိတ်လိုက်ပြီး....

'အမိန့်အတိုင်းပါ'

သူသည် ငွေဖြူဂိုဏ်းချုပ်အား ဦးညွှတ်ကာ ထွက်ခွာသွား လေသည်။



ငွေဖြူ ဂိုဏ်းချုပ်မှာ စင်မြင့်အောက်၏ တံခါးပေါက်မှ ပြန်ထွက်လာခဲ့လေသည်။

ထိုအခါ အလွန်ခန်းနားမသော အခန်းတစ်ခုသို့ ရောက်ရှိလာသည်။

အခန်းကျင်း၌ အသက်ငါးဆယ်ခန့် လူတစ်ယောက် ထိုင်နေလေသည်။

ထိုလူ၏ ဝတ်ဆင်ပုံအရ မွန်ဂိုတပ်မှူးကြီးတစ်ဦးဖြစ်ကြောင်း သိသာလှပေသည်။

ငွေဖြူဂိုဏ်းချုပ်က အရိုအသေပြုကာ မွန်ဂိုတပ်မှူးရှေ့တွင် ဝင်ထိုင်လိုက်လေသည်။

မွန်ဂိုတပ်မှူးက....

'အခြေအနေ ဘယ်လိုလဲ'

ငွေဖြူဂိုဏ်းချုပ်က....

'ကောင်းပါတယ်၊ ဒါပေမယ့် ခင်ဗျားလှုပ်ရှားမှုတွေ နည်းသေးတဲ့အတွက် ဆက်လက်ဆောင်ရွက်သင့်ပါတယ်'

မွန်ဂိုတပ်မှူးက....

'ဆက်လုပ်ပါ၊ အဓိက ကတော့ မျိုးချစ်အုပ်စုတွေက မင်းရဲ့ ငွေဖြူဂိုဏ်းကို အာရုံစိုက်နေဖို့ပဲ'

ငွေဖြူဂိုဏ်းချုပ်က....

'အမိန့်အတိုင်းပါ'

မွန်ဂိုတပ်မှူးက....

'စွန်ရဲ့ဘက်က အသင့်ပဲ မဟုတ်လား'

ငွေဖြူဂိုဏ်းချုပ်က....

'ဟုတ်ကဲ့၊ ချိန်းဆိုတဲ့နေ့မှာ သူရောက်လာပြီး တရားဝင်စာချုပ်...'

မွန်ဂိုတပ်မှူးက လက်ကာပြလိုက်သည်။

'ကောင်းပြီ၊ မင်းဘက်က များများ လုပ်ရှားပေတော့၊ ဒါပေမယ့် အန္တရာယ်ကို သတိထားပါ၊ အကောင်းဆုံးက သိပ်နာမည်မကြီးတဲ့ လူတွေကိုသာ များများ သုတ်သင်ပါ၊ မင်းတို့အတွက်လဲ ရှောင်လွှယ်မယ်'

ငွေဖြူဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်သော်လည်း စိတ်ထဲမှမူ ကျေနပ်မခံလိုပါ။

သူက စွန့်စားရသည့် အတူတူ နာမည်ကျော်များကိုသာ သုတ်သင်ရန် ဆုံးဖြတ်ထား၏။

နာမည်ကျော်တစ်ဦးအား လုပ်ကြံခြင်းသည် မထင်ရှားသူ ဆယ်ဦးထက်မက ပို၍ ကျော်ကြားစေနိုင်သည် မဟုတ်ပါလော။

မွန်ဂိုတပ်မှူးက....

'မင်း စွန်ရဲ့ကို သတင်းပို့လိုက်ပါ'



ငွေဖြူဂိုဏ်းချုပ်က....

'ဟုတ်ကဲ့'

မွန်ဂိုတပ်မှူးက....

'နယ်စပ်ကို ကျုပ်တို့တပ်တွေ ချီတက်လာနေကြပြီ၊ ချိန်းဆိုတဲ့ရက်မှာ အချိန်မီ ရောက်လာပါလိမ့်မယ်'

ငွေဖြူဂိုဏ်းချုပ်က....

'ဟုတ်ကဲ့၊ သတင်းကို ချက်ချင်းပို့လိုက်ပါ့မယ်'

မွန်ဂိုတပ်မှူးက....

'ကောင်းပြီ.... ကျုပ် သွားမယ်၊ မင်း သတိထားရမှာက ကိုယ်လုပ်သင့်တာထက် ပိုမလုပ်စို့ပဲ'

ဟု သတိပေးပြီး အခန်းတွင်းမှ ထွက်ခွာ သွားလေတော့သည်။

...

နောက်တစ်နေ့....

နေလုံး ပျောက်ကွယ်သွားပြီဖြစ်၏။

အမှောင်ထုက စတင် ဝင်ရောက်လာလေသည်။

သူတော်ကျားမှာ အခန်းတွင်း၌ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေ၏။

ယနေ့ည....

လွှေဟန်ကျိုးနှင့် ချိန်းဆိုထားသည် မဟုတ်ပါလား။

သူ တစ်နေ့နှင့်တစ်ည စဉ်းစားခဲ့ပြီဖြစ်၏။

သူ့တွင် ခိုင်မာသောအဖြေ အသင့်ရှိနေပြီ ဖြစ်ပါသည်။

ထို့စဉ်....

ပေါ့ပါးသောခြေသံ ထွက်ပေါ်လာ၏။

သူတော်ကျားက....

'ခင်ဗျားရောက်လာရင် ဝင်လာခဲ့ပါ'

ဟု ဖိတ်ခေါ်လိုက်လေသည်။

သူ၏ စကားအဆုံးတွင် လွှေဟန်ကျိုးက အခန်းတွင်းသို့ ရောက်ရှိလာ၏။

သူတော်ကျားက....

'ကျုပ် ခင်ဗျားကို စောင့်နေတာပါ'



လွှေဟန်ကျိုးက....

'ခင်ဗျား စဉ်းစားပြီးပြီ ထင်တယ်'

သူတော်ကျား က ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့၊ ကျုပ် ခင်ဗျားကို ဘယ်လိုမှ မကူညီနိုင်ပါဘူး'

လွှေဟန်ကျိုးက သက်ပြင်းချလိုက်၏။

'စွန်ရဲ အသက်ရှင်နေရင် ဒီနယ်မြေတစ်ခုလုံးနဲ့ မွန်ဂိုလက်ကို တစ်နေ့မဟုတ်တစ်နေ့ ကျရောက်သွားနိုင်တယ်၊ ခင်ဗျားတို့က ဒီအချိန်ကိုပဲ စောင့်မျှော်နေတာထင်တယ်'

သူတော်ကျားက ခေါင်းခါလိုက်၏။

'ကျုပ်ဟာ တစ်ချိန်က မွန်ဂိုသစ္စာခံ အဖွဲ့ အစည်းလူ ဖြစ်ခဲ့ပေမယ့် အခုတော့ မဟုတ်တော့ပါဘူး'

လွှေဟန်ကျိုးက....

'ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့ အရင်စိတ်ဓာတ်ကတော့ မပြောင်းလဲသေးပါလား'

သူတော်ကျားက....

'ကျုပ် အတိတ်ကို မေ့ထားခဲ့ပါပြီ၊ နောင် ကျုပ် ဘာမှ လှုပ်ရှားမှာ မဟုတ်ပါဘူး'

လွှေဟန်ကျိုးက....

'ခင်ဗျားရဲ့ အရင်ကအပြစ်တွေကို ဆေးကြောတဲ့ အနေနဲ့ စွန်ရဲကို ဖော်ထုတ်သင့်ပါတယ်'

သူတော်ကျားက....

'ကျုပ်ဟာ သူ့ရဲ့လူယုံတစ်ယောက်ဗျ၊ သူနဲ့မပတ်သက်တော့ပေမယ့် သူ့ကိုဒုက္ခပေးဖို့တော့ ကျုပ်မလုပ်နိုင်တာ ဝမ်းနည်းပါတယ်'

လေ့ဟန်ကျီးက....

'ကျူးယုလိုလူကိုတောင် သူရှင်းပစ်ခဲ့တာပဲ၊ ခင်ဗျားတို့ကိုလဲ အလွတ်ပေးမယ် မထင်ပါဘူး'

သူတော်ကျားက....

'ဒါကတော့ သူ့သဘောပေါ့ဗျာ၊ ကျုပ်ရဲ့ သဘောထားကတော့ ပြောင်းလိမ့်မယ် မထင်ပါဘူး'

လေ့ဟန်ကျီးက...

'တရားပဒေဆိုတာ အမြဲရှောင်တိမ်းလို့ မရပါဘူး'

သူတော်ကျားက ပခုံးတွန့်လိုက်၏။

'ခင်ဗျားပါးစပ်က ဒီစကားထွက်တာ အံ့အားသင့်စရာပါပဲဗျာ'

လေ့ဟန်ကျီးက အေးစက်စွာ ပြုံးလိုက်၏။

'ခင်ဗျားတို့ကို အာဏာသားတွေနဲ့မျိုးချစ်သိုင်းသမားတွေက နေ့မှာမဟုတ်ဘူး'

သူတော်ကျားက သက်ပြင်းချလိုက်၏။



'ခင်ဗျား ခြိမ်းခြောက်မှုကို ကျုပ်တကယ်ပဲ ထိတ်လန့်မိတာ အမှန်ပဲ၊ ဒါပေမယ့် ကျုပ်က ဆုံးဖြတ်ပြီးရင် ပြန်ပြင်မှာမဟုတ်ပါဘူး'

လေ့ဟန်ကျီးမှာ တွေဝေသွား၏။

သူတော်ကျားသည် ခေါင်းမာသူတစ်ဦး ဖြစ်ပေသည်။ သူမည်သို့ပင် အကြပ်ကိုင်စေကာမူ သူတော်ကျား၏ဆုံးဖြတ်ချက်အထိုင်လဲသွားမည် မထင်ပါ။

လေ့ဟန်ကျီးက....

'အင်း....ကျုပ်ကလဲ အကြပ်ကိုင်ဖို့ ဝါသနာမပါဘူး၊ ခင်ဗျား ကျုပ်ကို တခြားကူညီနိုင်မယ့်နည်းလမ်းကော မရှိဘူးလား'

သူတော်ကျားက ပြုံးလိုက်၏။

'ခင်ဗျား တကယ်ပွင့်လင်းတဲ့လူပဲ၊ ကျုပ်ဘာကူညီရမလဲ ပြောပါ၊ စွန်ရဲကိုဖော်ထုတ်ဖို့မဟုတ်တဲ့ အကူအညီဆိုရင် ကျုပ်ပေးပါ့မယ်'

လေ့ဟန်ကျုံးက....

'ထီးအဘိုးအိုနဲ့ အပြုံးမျက်နှာတို့ရှိနေတဲ့နေရာကို ပြောပြဖို့ပါပဲ'

သူတော်ကျားက....

'ခင်ဗျား သူတို့ကိုလဲ စွန်ရဲကိုဖော်ထုတ်ခိုင်းဖို့ပဲ မဟုတ်လား၊ တခြားအကူအညီ ပြောင်းတောင်းပါ'

ဓလွှဟန်ကျိုးက....

'ခင်ဗျားက စွန်ရဲကိုဖော်ထုတ်တဲ့ အကူအညီမဟုတ်ရင် ပေးမယ်ဆိုဗျ'

မူးတော်ကျားက....

'အဓိပ္ပာယ်အတူတူ ဖြစ်နေတာကိုး'

ဓလွှဟန်ကျိုးက....

'အများကြီး ကွာခြားပါတယ်ဗျာ၊ သူတို့က ကျုပ်ကိုမကူညီတဲ့ ခင်ဗျားကိုပဲ ငြင်းနိုင်တဲ့အခွင့်အရေးရှိရတာပဲ မဟုတ်လား'

သူတော်ကျားမှာ တွေဝေသွား၏။

ဓလွှဟန်ကျိုးက....

'ကျုပ်က ခင်ဗျားကိုအကြပ်ကိုင်တာ မဟုတ်ဘူးနော်၊ ဒါကို ခင်ဗျားနားလည်ပါတယ်'

သူတော်ကျားက ခေါင်းညိတ်လိုက်၏။

'ခင်ဗျားဟာ စွန်ရဲအတွက် ပြိုင်ဘက်ကောင်း တစ်ယောက်ဖြစ်မှာ သေချာတယ်'

ဓလွှဟန်ကျိုးက....

'ကျုပ်ကို မြှောက်တော့မလား'

သူတော်ကျားက ခေါင်းညိတ်လိုက်၏။

သူသည် အမည်နှင့် လိပ်စာနှစ်ခုကို ရွတ်ပြလိုက်၏။



'ကျုပ်က စွန်ရဲကိုသစ္စာဖောက်ဖို့ မဖြစ်တဲ့အတွက် ခင်ဗျားကို မကူညီနိုင်တာ ခွင့်လွှတ်ပါဗျာ'

ဓလွှဟန်ကျိုးက....

'ကိစ္စမရှိပါဘူး၊ ဒီလောက်အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ကဲ....ကျုပ်သွားမယ်'

သူက သူတော်ကျားအား နှုတ်ဆက်ပြီးအခန်းတွင်းမှ လျင်မြန်စွာ ခုန်ထွက်သွားလေတော့သည်။

.... ....

လမ်းမပေါ်တွင် မြင်းလှည်းတစ်စီး ရပ်နေ၏။

မြင်းလှည်းပေါ်တွင် ချိဝမ်က ထိုင်နေ၏။

သူသည် ယခုမှရောက်ရှိလာခြင်း ဖြစ်၏။

ညဲခမှောင်နေသဖြင့် ချယ်ရီဂေဟာကို အကဲခတ်ရှုသာ ခကရပ်၍ ကြည့်နေခြင်းဖြစ်၏။

နံနက်မှ သူတော်ကျားနှင့်တွေ့ဆုံရန် ဆုံးဖြတ်ထား၏။ ထိုစဉ် ချယ်ရီဂေဟာ၏ မြင့်မားသော အုတ်တံတိုင်းကို ခုန်ကျော်ထွက်လာသော လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရလေသည်။

ချိဝမ်က မျက်မှောင်ကြုတ်သွား၏။

'ဒီလူရဲ့ ကိုယ်ဖော့ပညာ ကောင်းလှချည်လား'

ဟု ကြိတ်၍ ချီးကျူးလိုက်၏။

ထိုအခိုက် အုတ်တံတိုင်း ကျော်ထွက်လာသူက လမ်းအတိုင်း ပြေးလွှားသွားရာ လရောင်ဖြင့် ထိုလူ၏ မျက်နှာကို ကောင်းစွာ တွေ့မြင်လိုက်ရလေသည်။

ချိဝမ်က မျက်မှောင် ကြုတ်သွား၏။

'လက်စသပ်တော့ လွှေဟန်ကျီးပါလား၊ ဘာကိစ္စနဲ့သူတော်ကျားဆီ လာတာလဲ'

သူ စဉ်းစားမရပါ။

နောက်ဆုံး ချိဝမ်က မြင်းလှည်းမောင်းသူအား တည်းခိုရန် နေရာသို့ မောင်းရန် အမိန့်ပေးလိုက်လေတော့သည်။

....၃—



ညဉ့်နက်လာပြီဖြစ်၏။

အအေးဓာတ်က ပိုကဲလာ၏။

သူတော်ကျား၏ အခန်းမှာ မီးလင်းနေ၏။

သူတော်ကျားမှာ မအိပ်နိုင်သေးပါ။ တစ်ယောက် တည်း အရက်သောက်ကာ စဉ်းစားနေ၏။

သူ သောက်နေသော အရက်သည် အကောင်းဆုံး နှစ်ချိဝါး ရှက်စိမ်းအရက် ဖြစ်၏။

သူသည် လေးခွက်ထက် ပိုသောက်လေ့ မရှိပါ။

ယနေ့တွင်မူ သူသည်ရှစ်ခွက်တိတိသောက်ခဲ့ပြီဖြစ်၏။ ရပ်တန့်ရန်လည်း စိတ်ကူး မရှိပါ။

အတော်လည်း မူးနေပြီ ဖြစ်၏။ သူသည် အရက်သောက်ရင်း အတိတ်ဘဝများကို ပြန်လည် သတိရနေမိ၏။

သူသည် လွှေဟန်ကျီး၏ စကားများကို နားထောင်နေမိ၏။ စွန်ရဲသည် အလွန် လျှို့ဝှက်ပြီး နားလည်ရ ခက်သူ ဖြစ်၏။

သူတို့ လူယုံ ခုနစ်ယောက်ပင် စွန်ရဲ၏ စိတ်ထားကိုကောင်းစွာ မသိနိုင်ခဲ့ပါ။ စွန်ရဲ သေဆုံးချိန်သည် သူတို့အဖွဲ့ အစည်း အစစ အရာရာ အရှုံးနှင့် ရင်ဆိုင်နေရချိန် ဖြစ်၏။

ထို့ကြောင့်လည်း သူက ဇာတ်မြှုပ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်၏။ ဇာတ်မမြှုပ်လျှင် သူ ယနေ့ အသက်ရှင်လိမ့်မည်မဟုတ်ပါ။

သူသည် ဘဏ္ဍာရေးတာဝန်ခံ ဖြစ်သည့်အားလျော်စွာ အ
အစည်း၏ ရုံးငွေများကိုပါ ယူဆောင်ခဲ့ခြင်း ဖြစ်သည်။

ဇာတ်မြုပ်စဉ် သူက စွန်ရဲ မသေနိုင်သေးကြောင်း တွက်ဆ
လိုက်၏။ ထို့ကြောင့် မိမိသည် အာဏာသားများ၊ မျိုးချစ်
သိုင်းသမားများသာမက စွန်ရဲကိုပါ ရှောင်တိမ်းရမည့်ဟူနားလည်
ထား၏။

သူက ငွေကို အသုံးပြုကာ ချယ်ရီဂေဟာရှင် ချွန်တိတ်အဖြစ်
ပီပီရိစွာ ဇာတ်မြုပ်ဘဝသစ်စနိုင်ခဲ့၏။

ယခု သူ့ဘဝ လုံခြုံပါမည်လော....

လေ့ဟန်ကျိုးက သူ့အား တွေ့သွားပြီ ဖြစ်၏။ သူသည်
ကျူးယုအား သတိရလာ၏။ ကျူးယုသည် စွန်ရဲ၏ လူယုံခုနှစ်ဦး
အနက် စွန်ရဲနှင့် အနီးကပ်ဆုံး နေခဲ့ရသူ ဖြစ်၏။

ယခု ကျူးယု သေဆုံးသွားရချေပြီ။ လေ့ဟန်ကျိုးက စွန်ရဲ
လက်ချက်ဟု ဖောက်ချက်ချ ဆွဲပြသွား၏။

သူတော်ကျားက သက်ပြင်းချလိုက်၏။ သူ့တွင် အန္တရာယ်
စတင် ကျ ရောက်လာနိုင်သည်ဟု ခံစားလိုက်ရလေသည်။

သူသည် နောက်တစ်နေ့မှ စ၍ လုံခြုံရေး အစီအမံများ
တင်းကြပ်စွာ ပြုလုပ်ရန်လည်း စိတ်ပိုင်းဖြတ်ထားလိုက်၏။

သူတော်ကျားက လေပူတစ်ချက် မှုတ်ထုတ်ပြီး နာမပြောက်
ခွက်ကို ဆက်စသပ်လိုက်၏။



ထို့နောက် အနားယူရန် ထရပ်လိုက်၏။ အရက်သောက်ခြင်း
များသွားသဖြင့် မူးဝေနေပြီး ခန္ဓာကိုယ်ပင် ယိမ်းယိုင်သွား
လေသည်။

ထိုစဉ် အခန်းတွင်းသို့ လူသုံးယောက် ဝင်ရောက်လာသည်ကို
မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။

သူတော်ကျားက မျက်မှောင်ကြုတ်သွားကာ ကြည့်လိုက်၏။
ဝတ်စုံဖြူ ဝတ်ဆင်ထားသော လူသုံးယောက်....

လက်ထဲတွင် လက်နက်ကိုယ်စီ အသင့် ကိုင်ထားကြသည်ကို
တွေ့လိုက်ရလေသည်။

'မင်း....မင်းတို့ ဘယ်သူတွေလဲ'

ဝတ်စုံဖြူက....

'မင်းရဲ့သေမင်း'

ဟု အေးစက်စွာ ပြောလိုက်ပြီး ဓားနှင့် ခုတ်ချလိုက်လေ
သည်။

သူတော်ကျားက ထိတ်လန့်သွားပြီး ကုလားထိုင်ကိုဆွဲကာ
ခုခံပေးလိုက်၏။

'ဝုန်း__'

ပြင်းထန်သောဓားချက်ကြောင့် ကုလားထိုင်ပင် ကျိုးပြတ်
လွင့်စင်သွားလေသည်။

သူတော်ကျားက နောက်သို့ ကမန်းကတန်း ဆုတ်သွားပြီး သူ၏လက်စွဲတော်ပုဆိန်ကို ဆွဲယူလိုက်၏။

သို့သော်....

ဝတ်စုံဖြူတစ်ဦး၏ လက်ဝါးပုံသဏ္ဍာန် လက်နက်ဆန်းက သူ၏လက်မောင်းသို့ တိုးဝင်လာသည့်အတွက် ပုဆိန်ကိုလွှတ်ကာ နံဘေးသို့ ရှောင်တိမ်းလိုက်ရ၏။

ထိုစဉ်....

တတိယလူ၏ဓားချက်က သူ၏ရင်ဝသို့ တိုးဝင် လာပြန်လေသည်။

သူတော်ကျားက နောက်သို့ လှန်ချလိုက်၏။

ဓားသည် သူ၏ခါးကို ထိမှန်သွားလေသည်။

သူတော်ကျားမှာ ယိုင်ထွက်သွား၏။

ထိတ်လန့်လွန်းသဖြင့် အော်ဟစ်ရန် မေ့လျော့နေ၏။

ထိုစဉ် ဝတ်စုံဖြူသုံးယောက်က ရှေ့သို့ခုန်ဝင်ကာ ပြိုင်တူ တိုက်ခိုက်လိုက်လေသည်။

သူတော်ကျားက အလျင်အမြန် ရှောင်တိမ်းလိုက်၏။

သို့သော်....

အရက်မူးနေသည့်အတွက် သူ၏လှုပ်ရှားမှုများက လေးလံ နေ၏။



ဝတ်စုံဖြူများ၏ဓားချက်က သူ၏ခန္ဓာကိုယ်အား ထိမှန်သွားလေသည်။

သူတော်ကျားက ဒယီးဒယိုင်ဖြင့် ထွက်ပြေးရန် ကြိုးစားလိုက်၏။

သို့သော် ...

ဝတ်စုံဖြူများလက်မှ မလွတ်ပါချေ။

ဓားချက်များက အဆက်မပြတ် ကျရောက်လာလေသည်။

'အား....'

သူတော်ကျားမှာ နာကျင်စွာအော်ဟစ်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

ဝတ်စုံဖြူ သုံးယောက်မှာ ဝင်လာစဉ်ကကဲ့သို့ပင် အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

....●....

နောက်တစ်နေ့ နံနက်....

ချယ်ရီဂေဟာသို့ မြင်းလှည်းတစ်စီး ထိုးဆိုက်လာ၏။

မြင်းလှည်းပေါ်မှ ချိဝမ်နှင့်အတူ အာကာသသားတစ်ယောက် ဆင်းလာကြလေသည်။

အာကာသသားက ကြီးမားသော တံခါးကို တစ်ချက် မော့ကြည့်လိုက်၏။

ပြီးမှ ကြေးကွင်းကိုလှုပ်ယမ်းကာ ခေါက်လိုက်၏။

'ဒေါက် ...ဒေါက်....ဒေါက်'

အတန်ကြာသည်အထိ အထဲမှတုန့်ပြန်သံမရှိပါ။

အာကာသသားက နောက်တစ်ကြိမ် ခပ်ကြမ်းကြမ်းလှုပ်ယမ်း ခေါက်လိုက်ပြန်၏။

'ဒေါက် ...ဒေါက် ...ဒေါက်'

ဤတစ်ကြိမ် အသံကကျယ်လောင်စွာ ထွက်ပေါ်လာ၏။

နားဒေါသူများပင် ကြားလောက်သည်ဟု ချိဝမ်က ထင်မိလေသည်။

သို့သော် ..

ချယ်ရီဂေဟာထမှ ငြိမ်သက်ဆဲ....

အာကာသသားခေါင်းဆောင်က ချိဝမ်ဘက်သို့ လှည့်ကြည့်လိုက်၏။



ချိဝမ်က အသာ ပခုံးတွန့်ပြလိုက်လေသည်။

အာကာသသားခေါင်းဆောင်က တံခါးကို တွန်းလှုပ် ကြည့်လိုက်၏။

ထိုအခါ တံခါးမှာ ရွေ့လျားသွားလေသည်။

အာကာသသား ခေါင်းဆောင်က တစ်ယောက်တည်း ပြောသလို ပြောလိုက်လေသည်။

'တံခါးက ဖွင့်ထားတာပဲ'

ချိဝမ်နှင့် အာကာသသားတို့က တံခါးကိုတွန်းဖွင့်ကာအထဲသို့ ဝင်လိုက်ကြ၏။

သူတို့၏ခြေလှမ်းများ ဆက်မလှမ်းနိုင်ဘဲ ရုတ်ခြည်း ရပ်တန့်လိုက်ရလေတော့သည်။

သူတို့ရှေ့ မြေပြင်ပေါ်ဝယ် လူတစ်ယောက် လဲကျနေ၏။

အာကာသသားက လျင်မြန်စွာ ထိုလူအနီးဒူးထောက်ထိုင်လိုက်ပြီး စစ်ဆေးကြည့်လိုက်၏။

'သွေးကြောပိတ်ခံရတာပဲ'

သူသည် ထိုလူ၏သွေးကြောကို ဖွင့်ပေးလိုက်၏။

ထိုလူမှာ ချက်ချင်း သတိရလာ၏။

အာဏာသားကို တွေ့သောအခါ ဆွဲအားသင့် သွားရလေသည်။

အာဏာသားက....

'ခင်ဗျားကို ဘယ်သူ သေးကြောပိတ်သွားတာလဲ'

ထိုလူက....

'မှုသိလိုက်ဘူး၊ ရှုတ်တရက် ကျုပ် တစ်ကိုယ်လုံး ထုံကျဉ်ပြီး မေ့သွားတာ၊ ခုကျွပဲ သခင်ကြီး....'

လူသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

အာဏာသားနှင့် ချိဝမ်တို့မှာလည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး အိမ်ဘက်သို့ လျင်မြန်စွာ ပြေးလွှား သွားကြလေတော့သည်။

....ဝ....



ချိဝမ်က သက်ပြင်းချလိုက်၏။

'ကျုပ်တို့ နောက်ကျသွားပြီ'

အာဏာသားက သူတော်ကျား အဆောင်းအနီးမှ ထ၍ လိုက်ပြီး....

'ညဦးစတည်းက လုပ်ကြံခံရတာပဲ'

ဟု မှတ်ချက်ချလိုက်၏။

ချိဝမ်မှာ ညက ချယ်ရီဂေဟာတွင်းမှ ထွက်သွားသော လေ့ဟန်ကျိုးကို ပြန်မြင်ယောင်မိ၏။

သူ အချိန်မရှိတော့ကြောင်း နားလည်လိုက်၏။ အကျိုးမရှိသော ဤနေရာတွင် အချိန်ဖြုန်းနေရန် မလိုတော့ပါ။

သူက အာဏာသားဘက် လှည့်လိုက်ပြီး....

'ဒီက ကိစ္စတွေ ခင်းပွဲ တာဝန်ယူ ရှင်းလင်းလိုက်ပါ၊ ရှောင်ကွမ်းဆီကိုလဲ အကြောင်းကြားလိုက်၊ ကျုပ် အမြန်ဆုံး ခရီးဆက်မှ ဖြစ်မယ်'

အာဏာသားက ချိဝမ်အား ဦးညွှတ်လိုက်ပြီး....

'ဟုတ်ကဲ့ ဘာဘ၊ ကျွန်တော် အားလုံး ဆောင်ရွက်လိုက်ပါ့မယ်'

ချိဝမ်မှာ အာဏာသား၏ စကားကိုပင် နားထောင်မနေတော့ပါ၊ ချယ်ရီဂေဟာတွင်းမှ အမြန် ပြေးထွက်လိုက်၏။

မြင်းလှည်းပေါ်သို့ တက်လိုက်ပြီး အမိန့် ပေးလိုက်ေ
သည်။

'ကွမ်းမင်အန်း ကျေးရွာကို အမြန်မောင်း'

....o....

မြစ်ဆိပ်တစ်ခု....

မြစ်ဆိပ်တွင် လှေကလေးများ အစီအရီ ဆိုက်ကပ်ထားေ
သည်။

မြစ်ကမ်းနဖူး လမ်းပေါ်တွင် လူသွားလူလာကား ရှုပ်ထွေ
နေကြပေသည်။

လမ်းကြားတွင်း၌ အရက်ဆိုင်များ၊ လောင်းကစားဝိုင်
များလည်း ပြည့်နှက်နေ၏။

ဆိပ်ကမ်းဝန်းကျင်မှာ ဒုစရိုက်အငွေ့အသက်များ ကေ
ပါချေ။ လောင်းကစားအိမ်တစ်လုံးအတွင်းမှ လူတစ်ယော
ထွက်လာ၏။



ထိုလူသည် မျိုးချစ်သိုင်းသမား သံပေသီးပင် ဖြစ်ပါသည်။ ဘသည် ငွေဖြူဂိုဏ်း၏သတင်းများကို လိုက်လံစုဆောင်းနေခြင်း ဖြစ်ပါသည်။

ဒုစရိုက်သမားများ၏ သတင်းကို သိလိုလျှင် ဒုစရိုက်သမားများ ကျက်စားရာ နေရာများတွင် စုံစမ်းရမည်ကို သံပေသီးက ကောင်းစွာ နားလည်ခဲ့၏။

သူသည် အဘိုးအိုတစ်ဦးအသွင် ရုပ်ဖျက်ကာ လောင်းကစားဝိုင်းများတွင် နေခဲ့ခြင်း ဖြစ်၏။

သုံးရက်ခန့် စုံစမ်းတော့မှ ငွေဖြူဂိုဏ်းသားတစ်ဦး ဖြစ်နိုင်ဖွယ်ရာရှိသော လူတစ်ယောက်ကို သတိထားလိုက်မိလေသည်။

လမ်းကြားလေးမှာ ကျဉ်းမြောင်းလှ၏။ သံပေသီးက လောင်းကစားဝိုင်းမှ ထွက်လာခဲ့ပြီး မလှမ်းမကမ်းရှိ လမ်းဘေး အရက်ဆိုင်တွင် ဝင်ထိုင်လိုက်၏။

တခဏကြာသောအခါ လောင်းကစားဂေဟာအတွင်းမှ လူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

သံပေသီး၏ မျက်လုံးများက တောက်ပသွား၏။ ထိုလူသည် လောင်းကစားရာတွင် ရှုံနိမ့်လာဟန် တူပေသည်။

ပတ်ဝန်းကျင်ကို တင်ချက်မျှ မကြည့်ဘဲ ခေါင်းငိုက်စိုက်ချကာ လျှောက်သွားနေ၏။

သံပေသီးက ထိုလူကျော်ဖြတ်သွားသည် အသိခစားရှိနေပြီးမှ ထိုလူ၏နောက်သို့ မသိမသာ နောက်ယောင်ခံ၍ လိုက်သွားလေတော့သည်။

....o....

သံပေသီးက ထိုလူဝင်သွားသော အိမ်ကို မှတ်သားလိုက်၏။ ထိုလူအကြောင်း သူရနိုင်သလောက် စုံစမ်းထားပြီး ဖြစ်၏။

ထိုလူမှာ ဟုဖေး ဖြစ်၏။ ကျန်းစီးတောင်ပိုင်းမှ သိုင်းသမားတစ်ယောက် ဖြစ်၏။

အဆင့်မြင့် သိုင်းသမားတစ်ဦးတော့ မဟုတ်ပါ။

သူသည် အလုပ်အကိုင် မရှိသော်လည်း လောင်းကစားရာတွင်မှ ငွေများစွာ လောင်းကစားနိုင်သူ ဖြစ်၏။

သူ သည်နေရာမှ ခကြာခဏ ပျောက်သွားတက်ပြီး ပြန်လာသည်နှင့် ငွေများ ပါလာတတ်ကြောင်း သိရ၏။

သူ ကြည့်နေစဉ် ဟုဖေးက ပြန်ထွက်လာ၏။



သံပေသီးက မျက်မှောင် ကြုတ်သွား၏။

'ဒီလူ ထပ်ကစားဖို့ ငွေပြန်ယူတာ ပါလား'

ဟုဖေးမှာ တခဏအတွင်း သူ၏ မျက်စေ့ ရှေ့မှ ပျောက်ကွယ် သွားလေသည်။

သံပေသီးက ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်၏။ မှောင်ရီပျိုးနေပြီး လူသွားလူလာ ဆင်းရှင်း နေ၏။

သံပေသီးက ဟုဖေး၏အိမ်သို့ ခတ်တည်တည် လျှောက်၍ ဝင်သွားလေတော့သည်။

....o....

ညဉ့်နက် နေပြီ ဖြစ်၏။

ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေ၏။

ထိုစဉ် သီချင်းသံ ထွက်ပေါ်လာ၏။

မကြာမီ လမ်းပေါ်သို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူမှာ ဟုဖေးဝင် ဖြစ်သည်။

ဟုဖေးမှာ သီချင်းဆိုရင်း မြောက်ကြွ မြောက်ကြွနှင့် လျှောက်လာနေ၏။

သူ၏ မျက်နှာမှာလည်း ပြုံးရွှင် နေ၏။

လောင်းကစားဝိုင်းတွင် အနိုင်ရခဲ့ဟန် တူပေသည်။

ဟုဖေးက အိမ်တံခါးကို ဖွင့်ကာ အထဲသို့ လှမ်းဝင်လိုက်၏၊

ထိုနောက် မီးအိမ်ကို ထွန်းညှိလိုက်၏။

မီးရောင်းသည် အိမ်ခန်းအတွင်း လင်းထိန်သွားလေသည်။

ဟုဖေးက အိတ်ထဲမှ ငွေများကို နှိုက်ကာ စားပွဲပေါ်သို့ ဖြန့်တင်လိုက်၏။

ထိုနောက် သဘောကျစွာ ရယ်မောလိုက် လေသည်။

'ဟား....ဟား... ဟား'

သူ၏ ရယ်သံသည် တပိုင်းတစနှင့် ရပ်တံ့သွား၏။
အိမ်ခန်း အတွင်မှ ထွက်လာသော ဝတ်စုံဖြူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဟုဖေးက သက်ပြင်း ချလိုက်ပြီး....
'ဘာကိစ္စလဲ'
ဟု မေးလိုက်၏။
ဝတ်စုံဖြူက....



'ကျုပ် ဂိုဏ်းချုပ်အမိန့်နဲ့လာတာ၊ မင်းတို့ခေါင်းဆောင် ဘယ်မှာရှိသလဲ'

ဟုဖေးက....
'ဘာကိစ္စလဲပြောပါ'

ဝတ်စုံဖြူက....
'မင်းသိစရာ မလိုဘူး၊ မင်းတို့ခေါင်းဆောင် ဘယ်မှာရှိသလဲ'

ဟုဖေးက....
'အခုချိန်ဆိုရင် ဌာနခွဲမှူးအောင့်ကို တွေ့ဖို့မလွယ်ဘူး၊ မနက်ကျ ကျုပ်လိုက်ပို့....'

ဝတ်စုံဖြူက လက်ကာလိုက်၏။

'အဲ့ဒီအထိ အချိန်မရှိဘူး'

ဟုဖေးက....
'သူ့အိမ်ကို သွားကြည့်'

ဝတ်စုံဖြူက
'သူ့အိမ်ဘယ်မှာလဲ'

ဟုဖေးက ...

'ဒီက နှစ်လမ်းကျော် တတိယအိမ်'

သူသည် ပြောရင်းမှ ဝတ်စုံဖြူအား သေသေချာချာ ကြည့်လိုက်၏။

ခါးစည်းက အဖြူရောင်ပင်—

သူနှင့်ဆင်တူ လူတစ်ယောက်က အကြောကြီးနှင့် ဆက်ဆံနေသည်ဟု ခံစားလိုက်ရ၏။

ဟုဖေးက....

'မှင်းဘယ်အဖွဲ့ကလဲ'

ဝတ်စုံဖြူက....

'မင်းသိစရာ မလိုဘူး'

ဟုဖေးက မဲ့လိုက်ပြီး....

'မင်းကိုယ်မှင်း အာခေါင်ထင်နေလို့ ဒီလိုဆက်ဆံရတာလဲ ပြောစမ်း၊ မင်းဘယ်ဌာနခွဲကလဲ'

ဝတ်စုံဖြူက....

'ဌာနခွဲနှစ်'

ဟုဖေး မျက်လုံးပြူးသွား၏။

သူတို့ ငွေဖြူဂိုဏ်းသည် အင်အားသိပ်မကြီးပါ။

သို့သော် ဌာနခွဲမှူးကိုမူ တစ်၊ နှစ်၊ သုံးဟု အသုံးမပြုဘဲ ရွှေ၊ ငွေ၊ ကြေးဟု ခွဲခြားအသုံးပြု၏။

ရွှေဌာနခွဲသည် ခေါင်းဆောင်ကြီးတန်၏ ဌာနခွဲဖြစ်ပြီး လက်ရွေးစင်များနှင့် စုစည်းထား၏။

ငွေဌာနခွဲသည် ဌာနခွဲမှူးကျော်၏ ဌာနခွဲဖြစ်ပြီး ဌာနချုပ်တွင် တာဝန်ယူရပေသည်။



သူတို့ကြေးဌာနခွဲမှာမူ အဆင့်အနိမ့်ဆုံးဖြစ်ပြီး ဂိုဏ်းချုပ်နိုင်းစေသည့် တာဝန်များအနက် သိပ်အရေးမကြီးလှသော တာဝန်များသာယူရပေသည်။

ဟုဖေးက ဝတ်စုံဖြူအား စိုက်ကြည့်လိုက်၏။

'မင်းဘယ်သူလဲ၊ ဘာကြောင့် ငွေဖြူဂိုဏ်းသားဟန် ဆောင်စီးတာလဲ'

ဟု အေးစက်စွာ မေးလိုက်၏။

ဝတ်စုံဖြူက မျက်နှာဖုံးစွပ်ကို ချွတ်လိုက်၏။

သံပေသီး၏မျက်နှာ ပေါ်ထွက်လာ၏။

သံပေသီးမှာ သူအလိမ်ပေါ်သွားပြီဖြစ်၍ ဟုဖေးအား ရင်ဆိုင်ဖမ်းဆီးစစ်ဆေးရန်သာ ဆုံးဖြတ်လိုက်လေသည်။

'ဟုဖေး၊ မင်းဟာ ငွေဖြူဂိုဏ်းသားဆိုတာ ငြင်းမရတော့ပါဘူး'

မှန်ပေသည်။

ယခု သံပေသီးဝတ်ဆင်ထားသည့် ဝတ်စုံဖြူသည် ဟုဖေး၏ အိပ်ခန်းမှရရှိသော ဝတ်စုံပင် မဟုတ်ပါလား။

ဟုဖေးက ဓားကိုဆွဲထုတ်လိုက်၏။

'မင်းဘယ်သူလဲ၊ ကျုပ်ငွေဖြူဂိုဏ်းသားဆိုတာ သိသွားတဲ့နောက် ခင်ဗျားအတွက် သေဖို့ပဲရှိမယ်'

သံပေသီးက....

'ကျုပ်နာမည်ရဝ်းတောင် မေ့နေပြီ၊ ဒါပေမယ့် လူတွေကတော့ ကျုပ်ကိုသံပေသီးလို့ပဲ ခေါ်ကြတယ်'

ဟုဖေး၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သံပေသီးဟူသော အမည်ကို ဤနယ်တစ်ခွင်ရှိ သိုင်းသမားတိုင်းက ကောင်းစွာ ကြားဖူးကြ၏။

မျိုးချစ်သိုင်းသမား ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး သစ္စာဖောက်များ၊ ဒုစရိုက်သမားများကို ရက်ရက်စက်စက် နှိမ်နင်းတတ်သူပင် မဟုတ်ပါလား။

ဟုဖေးမှာ သံပေသီးဟုသိလိုက်သည်နှင့် ဘာမျှစဉ်းစားမနေတော့ပါ။

ဓားကိုဝေ့ယမ်းကာ တရကြမ်းခုတ်လိုက်လေသည်။

သံပေသီးက ပြုံးလိုက်ပြီး လက်ဝါးနှစ်ဘက်နှင့် ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

...၀...



အခန်းကာလေးအတွင်း တစ်ယောက်နှင့်တစ်ယောက် အပြင်းအထန် တိုက်ခိုက်နေကြသည်။

သံပေသီးအဖို့ ဟုဖေးအား သိုင်းကွက် သုံးဆယ်အတွင်း ကောင်းစွာ အနိုင်ယူနိုင်၏။

သို့သော် ယခု သိုင်းကွက်သုံးဆယ်ကျော်နေပြီဖြစ်၏။

သူက ဟုဖေးအား အသေမလိုချင်ပါ။

အရှင်ဖမ်းပြီး ငွေဖြူဂိုဏ်းအကြောင်း စုံစမ်းလို၏။

ထို့ကြောင့် သူက အေးအေးဆေးဆေး တိုက်ခိုက်နေခြင်းဖြစ်ပါသည်။

နောက်ထပ် သိုင်းကွက်နှစ်ဆယ်ခန့် ရောက်သောအခါ သံပေသီးက ဟုဖေး၏ ဓားကွက်များကို ကောင်းစွာ နားလည်သွားလေသည်။

သူက ဓားကိုတိမ်ဖောက်သိုင်းကွက်ဖြင့် လက်ကို လျှပ်တစ်ပြက် ဆန့်ထုတ်လိုက်ရာ ဟုဖေး၏ ဓားကိုင်လက်ကို ချုပ်ကိုင်မိသွားသည်။

သံပေသီးက လက်ကို အသာညှစ်ချလိုက်ရာ....

'ချွမ်....'

ဓားမှာ ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားလေသည်။
ဟုဖေး၏မျက်နှာမှာလည်း ဖြူရော်သွား၏။

သံပေသီးက ပြုံးလိုက်သည်။

'မှင်းရှုံ ပြီ'

ဟုမေးက အံကြိတ်လိုက်သည်။

သံပေသီးက....

'ပြောစမ်း'

ဟုဖေးက....

'ဘာပြောရမှာလဲ'

သံပေသီးက....

'မင်းတို့ ငွေဖြူဂိုဏ်းအကြောင်း....'

ဟုဖေးက....

'ကျုပ်က သာမန်ဂိုဏ်းသားပါ'

သံပေသီးက....

'မင်းသိသလောက်ပြောစမ်း၊ ဌာနခွဲ ဘယ်နှစ်ခုရှိသလဲ'

ဟုဖေးက....

'ဌာနခွဲ သုံးခုပါ'

'ဘယ်လိုခေါ်သလဲ'

'ရွှေ၊ ငွေ၊ ကြေးလို့ ခွဲထားတယ်'

သံပေသီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။



သူ၏အမှားကို နားလည်သွားသည်။

သံပေသီးက....

'မင်းတို့ဌာနခွဲက....'

ဟုဖေးက....

'ကြေးပါ'

သံပေသီးက....

'အင်အားနဲ့ တခြားကိစ္စတွေအားလုံး မင်းသိသလောက် ပြောစမ်း'

ဟုဖေးက....

'ဟုတ်ကဲ့ ပြောပါမယ်၊ ကျုပ်ကိုအရင်လွှတ်ပါ၊ နာလှပြီ'

သံပေသီးက တစ်ချက်စဉ်းစားလိုက်၏။

ဟုဖေးကို သူက စည်သည့်အချိန်တွင်မဆို အလွယ်တကူ အနိုင်ယူနိုင်ပေသည်။

ဟုဖေးအား မှုစရာမလိုပါ။

သံပေသီးက ဟုဖေးအား လွှတ်ပေးလိုက်၏။

ဟုဖေးက သူ၏လက်ကောက်ဝတ်ကို ပွတ်သပ်ရင်းမှရုတ်တရက် အိတ်ထဲမှ ဆေးလုံးတစ်လုံးကို ထုတ်ယူကာ သောက်ချလိုက်လေသည်။

သံပေသီးက ဟုဖေး ဤသို့ပြုလိမ့်မည်ဟု မထင်ခဲ့ပါ။

သူက ထိတ်လန့်စွာဖြင့် ဟန့်တားလိုက်၏။

'မလုပ်နဲ့'

သို့သော် သူ၏ ဟန့်တားမှုမှာ နောက်ကျသွားပြီ ဖြစ်သည်။

ဟူဖေးမှာ တစ်ချက် တုန်ခါသွားပြီး ကြမ်းပြင်ပေါ် လဲကျသွားလည်း။

သူ၏ဘစ်ကိုယ်လုံးမှာ မည်းနက်လာသည်ကို တွေ့မြင်လိုက်ရ၏။

သံပေသီးက သက်ပြင်းချလိုက်၏။

'အတော် ကြောက်စရာကောင်းတဲ့ အဆိပ်ပါလား'

သူသည် ဟူဖေး၏အလောင်းကို ထစ်ချက်ကြည့်လိုက်၏။

ငွေဖြူဂိုဏ်းအကြောင်း အနည်းအကျဉ်းသာ သိရပြီး ဟူဖေးသေဆုံးသွားပြီ ဖြစ်၏။

အရေးအကြီးဆုံးအချက်ဖြစ်သော ငွှာနချုပ် တည်နေရာကို မမေးလိုက်မိသည်မှာ နောင်တရမိ၏။

သို့သော် သူ ဘာတတ်နိုင်တော့မည်နည်း။

သူက ဟူဖေးထံမှ သိထားရသော ကြေးငွှာနခွဲမှူး အော့ထံ သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

....o....



'ရပ်စမ်း'

အော်ဟောက်သံ ထွက်ပေါ်လာ၏။

ဝတ်စုံဖြူက ပန်းချုံအကွယ်မှ ထွက်လာခဲ့၏။

သူ့အား အစောင့်ငါးယောက်ခန့်က ဝိုင်းရံထားလိုက်၏။

ဝတ်စုံဖြူက တုန်လှုပ်ဟန်မရှိပါ။

အစောင့်များအား တစ်ဦးချင်းကြည့်လိုက်ပြီး....

'ငွှာနခွဲမှူးအော့ဆီ ပို့ပေးပါ'

ဟု လေသံနှင့် ပြောလိုက်လေသည်။

အစောင့်များက....

'ငွှာနခွဲမှူး အော့ မရှိဘူး၊ မင်းက....'

ဝတ်စုံဖြူက...

'ငွေငွှာနခွဲကပါ'

အစောင့်များက အရှိအသေပြုလိုက်၏။

ဝတ်စုံဖြူက....

'ငွှာနခွဲမှူး အော့နဲ့ အရေးတကြီး တွေ့စရာရှိလို့ဗျ'

အစောင့်က....

ငွှာနခွဲမှူးက ညနေကပဲ အရေးပေါ်ကိစ္စနဲ့ ထွက်သွားပါတယ်'

ဝတ်စုံဖြူက....

'ဘယ်တော့ ပြန်လာမလဲ'

အစေခံ့က....
'ခင်ဗျားတို့ဆီကအမိန့်ကြောင့် ထွက်သွားတာပဲ၊ ခင်ဗျား
ဘယ်လိုလုပ် ရောက်လာတာလဲ'
ဝတ်စုံဖြူက....
'ကျုပ်ကို ဂိုဏ်းချုပ် လွှတ်လိုက်တာပါ၊ ဠာနခွဲမှူး အော
လျှို့ဝှက် အကြောင်းကြားဖို့ ရှိလို့'

အစေခံ့က....
'ဠာနချုပ်ကိုသာ ပြန်လိုက်သွားပါ'
ဝတ်စုံဖြူမှာ သံပေသီးပင် ဖြစ်၏။
သူက အစေခံမျာ:၏စကားကြောင့် ခုကျသွား၏။
သူက စကားများ မှားနေသဖြင့် ဠာနချုပ်ကို စုံစမ်း
အခက်တွေ့သွားလေသည်။

သူက အကြံထုတ်လိုက်၏။

လျပ်တစ်ပြက် အကြံတစ်ခု ရလာလေသည်။

သံပေသီးက....
'ခက်တာပဲဗျာ၊ ကျုပ်ကလဲ ဠာနချုပ်က ထွက်ခွင့်ရ
မြို့မှာ နည်းနည်းလောက် နေမလားလို့....'
အစေခံများက ပခုံးတွန့်လိုက်၏။
သံပေသီးက....
'ခင်ဗျားတို့ ကျုပ်ကို ကူညီနိုင်မလား'
အစေခံ့က....



'ဘာကူညီရမှာလဲ'

သံပေသီးက....
'ကျုပ်တို့စာ ဠာနချုပ်ကို သွားပေးပါ'
အစေခံ့က....
'ကောင်းပြီလေ၊ ဠာနချုပ် နေရာကိုတော့ ကျုပ်တို့မသိ
ဘူးဗျ၊ ခင်ဗျား သေသေချာချာပြောပြမှ ဖြစ်မယ်'
သံပေသီးက....

'မင်းတို့ မသိဘူး ဟုတ်လား'

အစေခံ့က ခေါင်းညိတ်လိုက်၏။

'ကျုပ်က အစေခံပဲ၊ ဘယ်လိုလုပ် ဒါတွေသိခွင့်ရှိမှာလဲ'

သံပေသီးက....
'မင်းတို့တာဝန်က....'

အစေခံ့က....
'ဠာနခွဲမှူး အောင်ရဲ့ ဂေဟာ လုံခြုံရေးပဲ တာဝန်ယူရ
တာဗျ'

သံပေသီးက သက်ပြင်းချလိုက်၏။
အစေခံများ အမှန်အတိုင်း ပြောနေခြင်း ဖြစ်သည်ကို သူက
ကောင်းစွာ သိလိုက်၏။
ထိုလူများသည် ငွေဖြူဂိုဏ်းသား ဖြစ်သော်လည်း သာမန်
ဂိုဏ်းသားလေးများသာဖြစ်ပြီး အရေးမပါသူများပင်။

သူက ပြုံးလိုက်ပြီး....

'ဒါဆိုလဲ နေပါစေတော့ဗျာ၊ ကျုပ်ပဲ ပြန်ပါတော့မယ်'

သူက နှုတ်ဆက်ပြီး လျင်မြန်စွာ ထွက်သွားခဲ့၏။

သူ့တွင် တစ်ခြားလုပ်စရာ မရှိတော့ပါ။

ဌာနခွဲမှူးအောဘ့ကို စောင့်ကြည့်ရန်သာ ရှိတော့သည် မဟုတ်ပါလော။

....o....

ရှောင်ကွမ်းမှာ အလုပ်များနေ၏။

သူသည် နယ်စားကြီး၏ ခရီးစဉ်တစ်လျှောက်ကို လုံခြုံရေး အစီအစဉ်များ ချမှတ်နေ၏။

လုံခြုံရေးအတွက် ရဲမက်များ ကြိုတင်ချထားသင့်သည့်နေရာကို သတ်မှတ်ပေးလိုက်၏။



တစ်ဖန်....

အခကာသားများကိုလည်း တာဝန်များ အသီးသီး ခွဲဝေပေးနေရ၏။

သူ၏အစီအမံများကိုလည်း ထပ်ခါ ထပ်ခါ စစ်ဆေးကြည့်သည်။

ပျော့ကွက်၊ဟာကွက်၊ လစ်ကွက် မရှိအောင် ဂရုပြုလေ့လာခဲ့၏။

သူ၏ လုံခြုံရေးအစီအစဉ်မှာ အစွမ်းကုန် ကြိုးစား ဆောင်ရွက်မှုကြောင့် ကောင်းမွန်လှ၏။

မည်သည့်ရန်သူမျှ နယ်စားကြီးတို့အနီး ကပ်နိုင်မည် မဟုတ်ပါပေ။

ထို့အတူ နယ်စားကြီး၏ ခရီးစဉ်ကိုလည်း အလွန်လျှို့ဝှက်စွာ ရေးဆွဲထား၏။

နယ်စားကြီး၏ ခရီးစဉ်ကို သူမှလွဲ၍ မည်သူမျှ အချိန်မတိုင်မီ သိမည်မဟုတ်ပါ။

ရှောင်ကွမ်းက ခါးတစ်ချက် ဆန့်လိုက်၏။

သူ့ခေါင်းတွင်းသို့ ချီဝမ် ရှုတ်တရက် ရောက်ရှိလာ၏။

'အင်း... ဘာတချီဝမ်ထံက ဘာသတင်းမှလဲ မရသေးပါလား၊ အဲဆင်မှုပြေပါလား'

ဟု တွေးလိုက်မိ၏။

ထိုစဉ် အာဏာသားတစ်ဦး ဝင်ရောက်လာ၏။

'ဆရာ'

'ဘာကိစ္စလဲ'

'ဆရာနဲ့တွေ့ဖို့ ခြေမြန်တော် တစ်ယောက် ရောက်လာပါတယ်'

ရှောင်ကွမ်းက မျက်မှောင်ကြုတ်သွား၏။

'လွှတ်လိုက်ပါ'

အာဏာသားပြန်ထွက်သွားပြီး မကြာမီပင် အခန်းတွင်းသို့ ခြေမြန်တော်တစ်ဦး ဝင်ရောက်လာ၏။

ခြေမြန်တော်က ဦးညွှတ် လိုက်ပြီးနောက် စာတစ်စောင် ထုတ်ပေးလိုက်၏။

ရှောင်ကွမ်းက စာကို ဖောက်ကာ ဖတ်လိုက်၏။

'ချယ်ရီဂေဟာရှင် ချွန်တိတ် လုပ်ကြံခံလိုက်ရသည်' ဟုသာ ရေးသားထားသည်ကို တွေ့လိုက်ရ၏။

ရှောင်ကွမ်းမှာ အံကို တင်းတင်းကြိတ်လိုက်၏။

'တောက်'

ပြင်းထန်သော တောက်ခေါက်သံကြောင့် ခြေမြန်တော်မှာ ထိတ်လန့်သွားလေသည်။

ရှောင်ကွမ်းက သတိပြန် ထိန်းလိုက်ပြီး....



'မင်း သွားနိုင်ပြီ'

ခြေမြန်တော်မှာ အခန်းတွင်းမှလျှပ်မြန်စွာထွက်ခွာသွားလေတော့သည်။ ရှောင်ကွမ်းမှာ မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်၏။

ချွန်တိတ်သည် သူတော်ကျား ဖြစ်၏။ ထိုအချက်ကို သိသူ သိပ်မရှိပါ။ ယခု ချွန်တိတ်ခေါ် သူတော်ကျား နှုတ်ပိတ်ခံလိုက်ရပြီ ဖြစ်၏။

မည်သူ့လက်ချက်နည်း....

အဖြေကား အလွန် ရှင်းလှ၏။

ရှောင်ကွမ်း၏ မျက်မှောင် ပိုကြုတ်သွား၏။

'သူတော်ကျားကို စွန်ရဲ ဘယ်လို ရှာတွေ့သွားသလဲ၊ သူတို့ နေရာကို ငါတို့ သိရပြီးမှ ဘာကြောင့် စွန်ရဲက သိသွားသလဲ'

ရှောင်ကွမ်းက လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

'ငါတို့ဆီက သတင်း ပေါက်ကြားမှု မရှိတာ သေချာတယ်၊ ဘာကြောင့်ဆိုရင် ဝမ်ပေ့ရဲ့သတင်း ပို့ချက်ကို ငါတစ်ဦးတည်း လက်ခံခဲ့တယ်၊ ပြီးတာနဲ့ ဆာဘချိဝမ်ကိုစေလွှတ်ခဲ့တာပဲ၊ ဝမ်ပေ့ဘက်က သတင်း ပေါက်ကြားမှု ရှိနေတာ ဖြစ်ရမယ်'

ရှောင်ကွမ်းက စားပွဲအား လက်ချောင်းကလေး လေးချောင်းများနှင့် ခေါက်ကာ စဉ်းစားနေလိုက်၏။

ထို့နောက် ဝမ်ပေ့ထံ စာတစ်စောင် ကောက်ရေးလိုက်၏။ သူ၏ သတင်းပို့ခိုကို ထုတ်ယူလိုက်ပြီး စာကို ခြေထောက်တွင် ချည်နှောင်လိုက်၏။

ထို့နောက် သတင်းပို့ ခိုကလေးအား ပြတင်းပေါက်မှ တစ်ဆင့် လွှတ်လိုက်လေတော့သည်။

....o....

'ဖျတ်....ဖျတ်....ဖျတ်

ခိုတောင်ပံခတ်သံ ထွက်ပေါ်လာ၏။

မြို့စား လျူရင်စွေ့ဂေဟာ အထက်တွင် ခိုကလေး တစ်ကောင်က ဝဲပျံ နေလေသည်။

ထိုစဉ် ပြတင်းတံခါး ပွင့်သွား၏။

ခိုကလေးက အောက်သို့ ထိုးဆင်းလာပြီး ပြတင်းပေါက်သို့ တိုးဝင်သွား၏။ ထို့နောက် အခန်းတွင်းရှိ လှောင်အိမ်ကလေး အတွင်းသို့ ဝင်ကာ အစာများ စားသောက် လိုက်လေသည်။



ထိုစဉ် လက်တစ်ဖက်က ခိုကလေးအား အသာဆုပ်ကိုင်ကာ အပြင်သို့ ဆွဲထုတ်လိုက်၏။ ထို့နောက် ခိုခြေထောက်မှ စာကို ဖြုတ်ယူကာ ခိုကလေးအား လှောင်အိမ်ထဲ ထည့်ပြီး တံခါးပြန် ပိတ်လိုက်၏။

ပြီးမှ စာကို ပွင့်ဖတ်လိုက်၏။

'ဝမ်ပေ့....

မင်းတို့ဆီမှာ စွန်ရဲရဲ့ သူလျှို ရှိနိုင်တယ်၊ အမြန် စိစစ်ရှာပါ”

ရှောင်ကွမ်း။

စာဆုံးသွားသည်နှင့် စာကို မီးရှို့ လိုက်လေသည်။

စာရွက်ကလေးမှာ တစ်ခဏချင်း ပြာကျသွား၏။

'ရှောင်ကွမ်း ခင်ဗျားဟာ တကယ်ပဲ ဉာဏ်ကောင်းပါတယ်”

ချီးကျူးသော လေသံ ထွက်ပေါ်လာ၏။

'ဒါပေမယ့် ဝမ်ပေ့က ဒီသတင်းကို ဘယ်တော့မှ သိမှာ မဟုတ်ဘူး'

ထို လူက ပြုံးရင်း ပြောနေ၏။

ထိုလူမှာ အခြားသူမဟုတ်ပါ။ စင်ကျိုပင် ဖြစ်ပါတော့သည်။ သူသည် ရှောင်ကွမ်းကို အလွန် သတိထား ရမည်ဟု နားလည် လိုက်လေသည်။

တစ်ဖန် ရှောင်ကွမ်းသည် စွန်ရဲကိစ္စတွင် အတော် သိရှိနေပြီ ဟုလည်း ယုံကြည်မိ၏။ ထိုအကြောင်းများကိုစွန်ရဲထံသို့သတင်း ပို့ရန်လည်း ဆုံးဖြတ်လိုက်လေတော့သည်။

....o....

*

ရွှေရောင်ဝတ်စုံရှင်က အခန်းတွင်း လျှင်မြန်စွာ ဝင်ရောက် လာခဲ့လေသည်။

အခန်းတွင်း၌ သူ၏ အဆက်အသွယ်က အရင် ရောက်နှင့် သည်ကိုတွေ့လိုက်ရ၏။

'ခင်ဗျား နောက်ကျလှချည်လား'

ရွှေရောင်ဝတ်စုံရှင်က....

'ဆွေးနွေးပွဲ ရှိနေတာ မင်းလဲ သိတာပဲ'

ထိုလူက....

'ထားပါတော့ဗျာ'



ရွှေရောင်ဝတ်စုံရှင်က....

'ဘာကိစ္စလဲ'

ထိုလူက....

'ကျုပ်တို့တပ်တွေ ချိန်းတဲ့ရက်မှာ အတိအကျရောက်ပါလိမ့်မယ်၊ အခု စတင်ထွက်လာနေပြီဆိုတာ လာပြီးအကြောင်းကြားတာပါ'

ရွှေရောင်ဝတ်စုံရှင်က....

'ကောင်းပြီ၊ ကျုပ်လဲ ဆောင်ရွက်သင့်တာတွေ ဆောင်ရွက်ထားလိုက်ပါမယ်၊ ဒါထက် ကျုပ်ခိုင်းတဲ့ကိစ္စ ဘယ်လိုလဲ'

ထိုလူက ရယ်မောလိုက်သည်။

'ဘာမှမပူပါနဲ့ဗျာ'

မီးရောင်က လေအဝေ့တွင် ယိမ်းနွဲ့သွား၏။

ရွှေရောင်ဝတ်စုံရှင်နှင့် စကားပြောနေသူမှာ ငွေဖြူဂိုဏ်းချုပ်ပင် ဖြစ်ပါသည်။

ရွှေရောင်ဝတ်စုံရှင်က....

'သူတို့ဟာ ကျုပ်အတွက် တစ်နေ့ အန္တရာယ် ဖြစ်လာနိုင်တယ်၊ သူတို့ကို စုံစမ်းပြီး ရှင်းပစ်ဖို့ ကျုပ်အချိန်မရခဲ့လို့ ခုထိ ရှင်သန်နေကြတာပါ'

ငွေဖြူဂိုဏ်းချုပ်က....

'မကြာခင် သူတို့အားလုံး သေမင်းနိုင်ငံကို ခရီးထွက်သွားမှာပါ၊ အခုတော့ သူတော်ကျွန်းက အရှင်သွားနှင့်ပြီဗျ'

ရွှေရောင်ဝတ်စုံရှင်က ပြုံးသွား၏။

'သူတော်ကျားကို ရှင်းလိုက်နိုင်ပြီပေါ့'

ငွေဖြူဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ မကြာခင် ထိုးအတိုးအိုနဲ့ အပြုံးမျက်နှာကို ရှင်းပစ်တော့မှာပါ၊ ခင်ဗျားအတွက် ဘာမှ ပူစရာမလိုတော့ပါဘူး'

ရွှေရောင်ဝတ်စုံရှင်က....

'ကောင်းတယ်၊ သူတို့အတွက်တော့ ကျုပ်စိတ်မအေးဘူး၊ ဒါပေမယ့် သူတို့ရှိနေသရွေ့ ကျုပ်ဟာ စွန်ရဲ ဖြစ်ကြောင်း သိနိုင်တဲ့အခြေအနေ ရှိနေတယ်၊ ကျုပ် စွန်ရဲဖြစ်တယ်ဆိုတာကို ဘယ်သူမှ မသိစေရဘူး၊ သိတဲ့လူဟာ သေရမှာပဲ'

ငွေဖြူဂိုဏ်းချုပ်က ရယ်မောလိုက်၏။

'ကျုပ်ကို တစ်ခု ကူညီဦးဗျ'

ရွှေရောင်ဝတ်စုံရှင်က....

'ဘာလဲ၊ ပြောပါ'

ငွေဖြူဂိုဏ်းချုပ်က....

'သံပေသီးကို သိသလား'

'သိတာပေါ့'

'သူ ဘယ်မှာရှိတယ်ဆိုတာ အမြန်စုံစမ်းပေးပါ'



ရွှေရောင်ဝတ်စုံရှင်က....

'ဘာကြောင့်လဲ'

ငွေဖြူဂိုဏ်းချုပ်က....

'သူက ကျုပ်တို့ဂိုဏ်းကို သဲကြီးမဲကြီး စုံစမ်းနေတယ်ဗျ၊ သူ့ကို မရှင်းပစ်လို့ မဖြစ်တော့ဘူး'

ရွှေရောင်ဝတ်စုံရှင်က....

'ကျုပ် အကောင်းဆုံး အကြံပေးပါရစေ'

ငွေဖြူဂိုဏ်းချုပ်က....

'ပြောပါ'

ရွှေရောင်ဝတ်စုံရှင်က....

'သံပေသီးသာ သေသွားရင် ခင်ဗျားတို့ ငွေဖြူဂိုဏ်းကို မျိုးချစ်သိုင်းသမားတွေ အားလုံးက မရအရ ရှာဖွေပြီး တိုက်ခိုက်လိမ့်မယ်၊ သူ့ကို လွှတ်ထားလိုက်ပါ၊ အချိန်မတန်ခင် တခြားကိစ္စသာ ဆောင်ရွက်ပါ၊ သံပေသီးတို့ လူစုဟာ မျှား မကြာခင် အာလမှာ ကျုပ်တို့ရဲ့ ချေမှုန်းခြင်းကို ခံရမှာပဲ'

ငွေဖြူဂိုဏ်းချုပ်က....

'ခင်ဗျား ကိစ္စကို စိတ်ချလက်ချ ဆောင်ရွက်ရအောင် အားလုံးရဲ့ အာရုံဟာ ကျုပ်ဆီရောက်နေဖို့လိုတယ်၊ အားလုံးက ကျုပ်ကို မဲခနေမှ ခင်ဗျားက အစီအစဉ်အတိုင်း အခက်အခဲမရှိ ဆောင်ရွက်နိုင်မှာပဲ'

ရွှေရောင်ဝတ်စုံရှင်က တွေဝေသွား၏။

အတန်ကြာမှ....

'ကောင်းပြီလေ၊ မနက်ဖြန်ညကျရင် ကျုပ် စုံစမ်းပြီး ပြောနိုင်ပါလိမ့်မယ်'

....၀....

ငွေဖြူဂိုဏ်းချုပ် ထွက်ခွာသွားပြီ ဖြစ်၏။

ရွှေရောင်ဝတ်စုံရှင်က အခန်းတွင်းမှ ခိုလှောင်အိမ်များကို စစ်ဆေးကြည့်လိုက်၏။

ခိုတစ်ကောင်၏ ခြေထောက်တွင် စာတစ်စောင်ကိုတွေ့လိုက်ရ၏။ စာကို ဖြုတ်ယူကာ မီးရောင်အောက်ဝယ် ဖြန့်ဖတ်လိုက်၏။



'ရွှောင်ကွမ်းကို သတိထား၊
စွန်ရဲ ကိစ္စ စုံစမ်းနေတယ်၊
အတော်များများ သိနေပြီဟု ယူဆရတယ်၊
သူတော်ကျားတို့ ကိစ္စ ပေါက်ကြားသွားတာကို ရိပ်စားမိသွားတယ်'

ဟု တစ်ကြောင်းစီ ရေးသားထားသည်ကို တွေ့လိုက်ရလေသည်။

ရွှေရောင်ဝတ်စုံရှင်က စာကို မီးအိမ်မှ မီးဖြင့် ရှို့လိုက်၏။

'ရွှောင်ကွမ်း....ရွှောင်ကွမ်း၊ မင်းဟာ တကယ် ထက်မြက်တဲ့ အကာသသားခေါင်းဆောင်တစ်ယောက်ပါလား'

သူသည် အခန်းတွင်း ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၏။

'ရွှောင်ကွမ်းဟာ အန္တရာယ် ဖြစ်လာနိုင်ပြီ၊ ဝါ ဘယ်လိုလုပ်မလဲ၊ ရွှောင်ကွမ်းကို ရှင်းပစ်ရမလား၊ မဖြစ်သေးဘူး၊ ရွှောင်ကွမ်း အခုချိန်သေလို့ မဖြစ်ဘူး၊ အင်း... ရက်သိပ်မှမလိုတော့ပဲ၊ သူ အသက်ရှင်ပါစေဦး၊ ဒီရက်ပိုင်းမှာ သူ ဘာမှ မလှုပ်ရှားနိုင်တဲ့ အလုပ်များနေတာပဲ၊ ဝါကို ရအောင် မစုံစမ်းနိုင်ပါဘူး'

သူသည် တွေးရင်း ကျေနပ်စွာ ရယ်မောလိုက်၏။

'ရွှောင်ကွမ်း....မင်းက ကျုပ်ကို စုံစမ်းတာဟာ ကိုယ့်သေတွင်း ကိုယ်တူးတာနဲ့ အတူတူပါပဲ၊ ဒီအတွက် မင်းလဲ

အချိန်တန်ရင် သေရမှာပေါ့၊ အခုတော့ မင်း သေလို့ မဖြစ်သေးဘူး၊ မင်းဟာ ငါ့အတွက် အရေးပါတဲ့ လူတစ်ယောက် ဖြစ်နေသေးတယ်'

သူသည် တစ်ယောက်တည်း ရေရွတ်လိုက်ပြီးနောက် အခန်းတွင်းမှ ထွက်ခွာလာခဲ့၏။

ထိုအခန်းလေးသည် သီးခြား အဆောင်ကလေး တစ်ခုမှ အခန်းလေးတစ်ခု ဖြစ်နေသည်ကို တွေ့လိုက်ရမည် ဖြစ်ပါသည်။

....၁....

လမ်း မအတိုင်း မြင်းနှစ်ကောင် ပြေးလွှားနေ၏။

မြင်းများပေါ်တွင် လေ့ဟန်ကျိုးနှင့် ခိုမင်းသားတို့ လိုက်ပါလာလေသည်။



ခိုမင်းသားက....

'လေ့ဟန်ကျိုး ကျုပ် မေးစရာ တစ်ခုရှိသေးတယ်ဗျ'

လေ့ဟန်ကျိုးက....

'မေးပါ'

ခိုမင်းသားက ...

'သူတော်ကျားကို ဘာကြောင့် လက်လျော့လိုက်တာလဲ'

လေ့ဟန်ကျိုးက သက်ပြင်းချလိုက်၏။

'သူတော်ကျားက လူတစ်မျိုးဗျ၊ သူက ကျုပ်ကို မကူညီနိုင်ဘူး၊ စွန်ရဲနဲ့ မပတ်သက်တော့ပေမယ့် စွန်ရဲကို ဒုက္ခပေးချင်စိတ် ရှိဘူး'

ခိုမင်းသားက....

'သူ့ကို ကျုပ်တို့သိနေပြီပဲ၊ အကြပ်ကိုင်လိုက်ရင် သူ ဘယ်လို မဘတ်နိုင်ပါဘူး'

ခိုမင်းသားက ပါးစပ်ပိတ်သွား၏။

အတန်ကြာမှ ...

'ဒါဆို ကျုပ်တို့ စွန်ရဲကို ဖော်ထုတ်ဖို့ လမ်းပျောက်သွားပြီပေါ့'

ဟု ပြောလိုက်၏။

ပ လှေသွှာဟန်ကျွီးက....

'မပျောက်ပါဘူး'

ခိုမင်းသားက....

'ဘာကြောင့်လဲ'

လှေသွှာဟန်ကျွီးက....

'ဘာကြောင့်လဲဆိုတော့ ဆူတောင်ကျားဆီက ထမ်းအတိုးအို အပြုံးမျက်နှာတို့ရဲ့ သတင်းကို ရခဲ့လို့ပဲ၊ သူတို့ ဘယ်မှာရှိတယ် ဆိုတာ ကျုပ် သိထားပြီ'

ခိုမင်းသားက....

'သူတို့က ကူညီပါ့မလား'

လှေသွှာဟန်ကျွီးက....

'ကူညီပါစေလို့ ဆုတောင်းရမှာပေါ့'

ခိုမင်းသားက....

'ဒါထက် သူတို့က ဘယ်မှာလဲ'

လှေသွှာဟန်ကျွီးက....

'ကျုပ်က အပြုံး မျက်နှာဆီ အရင်သွားမယ်လို့ စိတ်က ထားတယ်'

ခိုမင်းသားက မျက်မှောင် ကြုတ်သွားပြီး....



'အပြုံးမျက်နှာက ဘယ်မှာနေလို့လဲ'

လှေသွှာဟန်ကျွီးက တစ်လုံးချင်း ပြောလိုက်၏၊

'ကွမ်မင်အန်း ကျေးရွာမှာ'

....o....

အချိန် သုံးရက်တိတိ ကုန်ဆုံးသွားပြီ ဖြစ်၏။

သုံပေသီးသည် ရှပ်ဖျက်ကာ ကြေး၄ာနခွဲမှုးအောင်၏ ဧဂ စာကို အကဲခတ်နေ၏။

သူသည် နေ့စဉ်ပင် ၄ာနခွဲမှုးအောင်၏ အိမ်သို့ မျက်ခြည်မပြတ် စောင့်ကြည့်နေခြင်း ဖြစ်၏။

အခြေအနေကား ထူးခြားလာခြင်း မရှိပါ။

ယနေ့လည်း ပျင်းရိငြီးငွေ့ဘွယ်ရာပင် ဖြစ်၏။

ထိုစဉ် မြင်းလှည်းဘီးသံကို ကြားလိုက်ရ၏။

သံပေသီး၏ ခေါင်းမှာ ဆတ်ခနဲ ထောင်သွား၏။

သူ၏ စူးရှသော မျက်လုံးများက လမ်းမပေါ်သို့ ရောက်သွား၏။

မကြာမီ အလုံပိတ်မြင်းလှည်းတစီး မောင်းနှင်လာသည်ကို တွေ့လိုက်ရလေသည်။

သံပေသီးက အကဲခတ်ကြည့်ရှုနေလိုက်၏။

မြင်းလှည်းမှာ လျင်မြန်စွာ မောင်းနှင်လာပြီး ရွာနခွဲမှူးအော၏ ဂေဟာဝတွင် ရပ်တန့်သွား၏။

ခြံတံခါးမှာ ချက်ချင်းပွင့်သွားပြီး အစေခံမျာ:က ပျာပျာသလဲ အရိုအသေပြုလိုက်သည်ကို တွေ့ရ၏။

မြင်းလှည်းက ခြံတွင်းမောင်းဝင်သွားပြီးနောက် ခြံတံခါးမှာ ပြန်လည် ပိတ်သွားလေသည်။

သံပေသီးက သဘောကျစွာ ပြုံးလိုက်၏။

ထိုမြင်းလှည်းသည် ရွာနခွဲမှူးအောကို တင်ဆောင်လာသည့် မြင်းလှည်း ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

သူ စောင့်မျှော်နေကျ ိုး နပ်သွားပြီ မဟုတ်ပါလား....

သံပေသီးက ထိုင်ရာမှထ၍ ဂေဟာနှင့် ဆန့်ကျင်ဘက်သို့ လျှောက်သွားလိုက်၏။

သူသည် ယနေ့ညတွင်ပင် ရွာနခွဲမှူးအောအား ဝင်ရောက်ဖမ်းဆီးရန် စိတ်ကူးလိုက်၏။



သူတစ်ယောက်တည်းဝင်ရန် စိတ်မကူးပါ။ သူ၏ မိတ်ဆွေမျိုးချစ်သိုင်းသမားနှင့်အတူ ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်ထားပြီ မဟုတ်ပါလား။

—o—

ည....

လတွေးလေးသာ ရှိ၏။

တိမ်ထူထပ်နေသောကြောင့် လမှာ မကြာခင်ကလင် တိမ်များ၏ ဖုံးအုပ်ခြင်းကို ခံလိုက်ရပေသည်။

လမ်းမပေါ်တွင် လူသွားလူလာမရှိတော့ပါ။ အိမ်တိုင်းလိုလို မီးမှိတ်ထားကြပြီ ဖြစ်၏။

ထိုအချိန်တွင် လူလေးယောက်က အမှောင်ထုကို အကာအကွယ်ယူရင်း တရွေ့ရွေ့ လျှောက်လာကြလေသည်။

ထိုလူ လေးယောက်မှာ သံပေသီးနှင့် မျိုးချစ်သိုင်းသမားများပင် ဖြစ်ပေသည်။

သံပေသီးမှာ ဌာနခွဲမှူးအောင့်၏ ဂေဟာကို တစ်ကြိမ် ရောက်ခဲ့ပြီ ဖြစ်၏။

ထို့ကြောင့် သူ ရှေ့မှမင် ဦးဆောင်လာခဲ့၏။

ရန်သူကို အလစ် အငိုက်ဖမ်းမိနိုင်ရန်အတွက် ဟုဖေး ထံမှ ရရှိခဲ့သော ဝတီစု ဖြိုကိုပင် ဝတ်ဆင်လေသည်။

မကြာမီ ဌာနခွဲမှူးအောင့် ခြံဝင်းသို့ ရောက်ရှိလာ၏။

သံပေသီးက အုတ်တံတိုင်းကို ပေါ့ပါးစွာပင် ခုန်ကျော်ဝင်လိုက်၏။

မျိုးချစ်သိုင်းသမား သုံးယောက်လည်း သံပေသီးနောက်မှ လိုက်ဝင်ပြီး ချုံများကို အကာအကွယ်ယူလိုက်ကြ၏။

ခြေလှမ်းဆယ်လှမ်းမျှပင် အရောက်ဝယ်....

'ရပ်'

ဟူသော ခပ်အုပ်အုပ်အသံနှင့်အတူ အစောင့်တစ်ဦး ထွက်ပေါ်လာ၏။

သံပေသီးက....

'ဌာနခွဲမှူးအောင့် ရောက်ပြီလား၊ ကျုပ်က ရွှေဌာနခွဲကပါ'



အစောင့်က....

'ရောက်ပါပြီ'

ဟု ပြောရင်း အရိုအသေပြုလိုက်၏။

သံပေသီးက ရုတ်ခြည်းပင်အစောင့်အနီးတိုးကာ သွေးကြောပိတ်လိုက်လေသည်။

အစောင့်မှာ အသံမထွက်နိုင်ဘဲ ပျော့ခွေသွား၏။

သံပေသီးက အစောင့်ကို ချုံကွယ်များကြား ထိုးသွင်းထားလိုက်ပြီး ဆက်လျှောက်လာခဲ့၏။

မျိုးချစ်သိုင်းသမား သုံးယောက်ကလည်း အခြေအနေကို ကြည့်ကာ နောက်မှလိုက်ပါလာကြလေသည်။

သံပေသီးက အဆောက်အအုံရှေ့သို့ ခြေလှမ်း မှန်မှန်ဖြင့် လျှောက်သွား၏။

တံခါးအနီးအရောက်တွင် အကွယ်မှ လှံရှည်ကိုင် အစောင့်နှစ်ဦးက ထွက်ပေါ်လာပြီး ဟန့်တားလိုက်၏။

သံပေသီးက....

'ကျုပ် ဌာနခွဲမှူးအောင့်နဲ့ တွေ့ချင်တယ်'

အစောင့်က ...

'ဘယ်သူလို့ ပြောရမလဲ'

သံပေသီးက....

'ရွှေ ဌာနခွဲကပါ'

အစောင့်က ဦးညွတ်ပြီး အတွင်းသို့ဝင်သွား၏။

သံပေသီးက သူ၏အဖော်များအား ပုန်းအောင်းနေရန် မသိစသာ လက်ဖြင့် အချက်ပေးလိုက်၏။

ထိုစဉ် အစောင့်က ပြန်ထွက်လာ၏။

'အထဲဝင်နိုင်ပါပြီ၊ ညှော်ခန်းထဲမှာ ဌာနခွဲမှူး အသင့်စောင့်နေပါတယ်'

သံပေသီးက အတွင်းသို့ လှမ်းဝင်လိုက်၏။

စကြံန်လမ်းကလေးအတိုင်း မီးလင်းနေသော အခန်းဆီသို့ ဦးတည်လျှောက်သွားလိုက်၏။

ယခုထိ အဆင်ပြေချောမွေ့နေသဖြင့် ကျေနပ်သွားမိ၏။

ဝတ်စုံဖြူနှင့်ခေါင်းစွပ်ကြောင့် သူ့အားမည်သူမျှမရိပ်စားမိနိုင်ဟုလည်း နားလည်ထား၏။

သူသာ အဆင်ပြေအောင် ပြောဆိုနိုင်ပါက ဌာနခွဲမှူးအော့အား အလစ်အငိုက်ဖမ်းနိုင်မည်ဟုလည်း တွက်ဆလိုက်၏။

သူဝင်ပြီးမကြာမီ သူ၏အဖော်များက အစောင့်များကို ရှင်းပြီး ဝင်ရောက်လာကြမည် ဖြစ်၏။

ထိုအချိန်တွင် သူကလည်း ဌာနခွဲမှူးအော့အား ဖမ်းထားပြီး ဖြစ်သင့်သည်ဟု တွေးလိုက်ပြီး ခပ်သွက်သွက် လျှောက်သွားလိုက်လေသည်။



မကြာမီ မီးလင်းနေသောအခန်းသို့ ရောက်ရှိလာ၏။ ထိုအခန်းမှာ ညှော်ခန်းပင်ဖြစ်၏။

ညှော်ခန်းတွင်း၌ လူနှစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

သံပေသီးက ရင်ထိတ်သွား၏။

သူက ဌာနခွဲမှူးအော့အား မမြင်ဖူးပါ။ မည်သူမည်ဝါက ဌာနခွဲမှူးအော့ဖြစ်ကြောင်း မသိပါချေ။

သို့သော် လူကပါးနပ်သူဖြစ်၏။

ဦးညွှတ်အရိုအသေပြုလိုက်ရင်းက ညာဘက်မှလူသည် ဌာနခွဲမှူးအော့ဖြစ်ကြောင်း ရိပ်စားမိ၏။

အကြောင်းမှာ ထိုလူ၏နေထိုင်ပုံသည် အိမ်ရှင်ဟန်ပေါက်နေသည် မဟုတ်ပါလော။ သံပေသီးက ဦးညွှတ်ဂါရဝပြုရင်းက အကဲခတ်နေ၏။

ဌာနခွဲမှူးအော့မှာ ပုပုဖြင့်ဖြီး အသားအနည်းငယ်ညို၏။ ကျန်တစ်ဦးကိုမူ လူကမြင်ဖူးသည်ဟု ထင်၏။

မည်သူမည်ဝါဖြစ်ကြောင်း စဉ်းစားမရဘဲ ဖြစ်နေ၏။ ထိုစဉ် ဌာနခွဲမှူးအော့၏အသံ ထွက်ပေါ်လာ၏။

'မင်းကဟန်ဆောင်ကောင်းသားပဲ၊ မင်းခေါင်းစွပ်ချွတ်လိုက်စမ်းပါ'

သံပေသီး၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။

သူစကားတစ်ခွန်းမှ မဟာရသေးပါ။

အပြုအမူများကလည်း မှားယွင်းခြင်းမရှိနိုင်သေးပါ။

အဘယ့်ကြောင့် ဌာနခွဲမှူးအောင့်က ရိပ်စားမိသွားသနည်း။

'အင်း....ငါ့ကို အငိုက်ဖမ်းစမ်းသပ်တာများလား'

သူက ယင်းသို့တွေးလိုက်မိသည်နှင့်....

'ခင်ဗျာ ဌာနခွဲမှူး ဘယ်လိုပြောလိုက်တာလဲဗျ'

ဌာနခွဲမှူးအောင့်က....

'မင်းဟန်ဆောင်တာကို ပြောတာပါ'

သံပေသီးက...

'ကျုပ်ကို ဒီလိုမကျိစားပါနဲ့၊ ကျုပ်က ရွှေဂိုဏ်းခွဲကပါ၊ ဂိုဏ်းခွဲမှူးရဲ့အမိန့်နဲ့ ရောက်ရှိလာတာပါ'

သူ့စကားအဆုံးတွင် ဌာနခွဲမှူးအောင့်က သဘောကျစွာ ရယ်မောလိုက်၏။

'မင်းမဆိုးဘူး၊ ကဲပါလေ မင်းခေါင်းစွပ်သာ ချွတ်လိုက်စမ်းပါ'

သံပေသီး၏လက်ဖဝါးပြင်၌ ချွေးစေးများထွက်လာ၏။



ဌာနခွဲမှူးအောင့်က....

'မင်းရဲ့ဟန်ဆောင်မှုကကောင်းပေမယ့် တစ်ကွက်ကလေးမှား သွားလို့ ကျုပ်တို့ကသိလိုက်တာပါ'

သံပေသီးက ဆက်ပြင်းချလိုက်၏။

ဝှူလိမ်ညာ၍မရကြောင်း နားလည်လိုက်၏။

ဌာနခွဲမှူးအောင့်က သူဟန်ဆောင်ထားကြောင်း မည်သို့သိ သွားသည်ကို စဉ်းစားမရ ဖြစ်သွား၏။

ထို့စဉ် ဌာနခွဲမှူးအောင့်က ဆက်ပြောလိုက်၏။

'မင်းအံ့သြသွားသလား၊ ဘာကြောင့်သိတာလဲဆို ဘာ မမေး တော့ဘူးလား'

သံပေသီးက....

'ခင်ဗျားက မမေးလဲပြောမှာပဲ မဟုတ်လား'

ဌာနခွဲမှူးအောင့်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

သူသည် ဘယ်ဘက်မှလူကို ညွှန်ပြလိုက်၏။

'သူ့ကို သိသလား'

သံပေသီးက ပါးစပ်ပိတ်ထား၏။

ဌာနခွဲမှူးအောင့်က...

'သူဟာ မင်းဟန်ဆောင်လာတဲ့ ရွှေဌာနခွဲရဲ့ ဌာနခွဲမှူးတစ် ယောက်ပါပဲ'

သံပေသီးမှာ ကိုယ့်ကိုကိုယ် ဒေါသ ထွက်သွားလေသည်။ သူသည် ကိုယ့်ဒေသတွင်း ကိုယ်တူးသလို ဖြစ်နေသည် မဟုတ်ပါလော....

ယခုမှတော့ မထူးတော့ပါ။ ထိုဌာနခွဲမှူး နှစ်ယောက်စလုံးအား တိုက်ခိုက် ဖမ်းဆီးရန် စိတ်ကူးလိုက်လေသည်။

ဌာနခွဲမှူးတန်က....

'မင်းက ကိုယ့်ဌာနခွဲမှူးကိုမှ မသိခဲ့တဲ့ အမှားပါ။ အလွန်ကြီးကျယ်တဲ့ အမှားပါပဲ၊ မင်း ဘယ်သူလဲ'

သံပေသီးက ခေါင်းစွပ်ကို ချွတ်ချလိုက်၏။

ဌာနခွဲမှူးတန်မှာ အံ့အားသင့်သွား၏။

'သံပေသီး'

သံပေသီးက....

'ဟုတ်တယ်၊ ကျုပ် သံပေသီး သိုင်းသမားပဲ၊ မင်းတို့တွေကို ဆုံးမဖို့ ရောက်လာတာပဲ'

ဌာနခွဲမှူးတန်က သဘောကျစွာ ရယ်မောလိုက်၏။

'ကျုပ်က ခင်ဗျား ဖြစ်လိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ကောင်းတယ်၊ ကျုပ်တို့ ထောင်ချောက်ထဲကို ခင်ဗျားက ဝင်လာခဲ့တာပဲ၊ ကျုပ်တို့ ခင်ဗျားကို ပင်ပင်ပန်းပန်း မရှာဖွေရတော့ဘူးပေါ့'



သံပေသီးက....

'မင်းတို့နဲ့ ကျုပ် ဘယ်သူ သာသလဲဆိုတာ ယှဉ်ကြည့်ကြသေးတာပေါ့'

ဌာနခွဲမှူးတန်က...

'ကျုပ်မအားပါဘူးဗျာ၊ ခင်ဗျားကို ညှော်ခံမယ့်လူတွေ ရှိပါတယ်'

သူ စကားအဆုံးတွင် အခန်းတွင်းသို့ ဝတ်စုံဖြူ နှစ်ဆယ်ခန့် ဝင်ရောက်လာကြလေတော့သည်။

သံပေသီး၏ ရင်ထဲ၌ ဧေးလံသွားလေသည်။

ဌာနခွဲမှူးတန်က....

'ကဲ....ကိုယ့်ကိစ္စကိုယ်ရှင်းတော့ ကျုပ်က ခရီးဆက်ရဦးမယ်၊ ကျုပ်တာဝန်လဲ မပြီးသေးဘူးဗျ'

သူက ပြောပြီး အခန်းတွင်းမှ ထွက်သွားလေတော့သည်။

ဌာနခွဲမှူး အောင်က ဝတ်စုံဖြူတစ်ဦးဘက်သို့လှည့်လိုက်၏။

'ဌာနခွဲမှူး ကျောက်၊ သူကို ကျုပ်တို့ပဲ တာဝန်ယူ လိုက်ပါမယ်ဗျာ'

ဌာနခွဲမှူးကျောက်က ရယ်ရွှင်စွာ ခေါင်းညိတ်၍ ဝင်ထိုင်လိုက်၏။

'ကျုပ်က သူ ဒီမြို့မှာ ရောက်နေတယ်ဆိုလို့ လိုက်လာခဲ့တာ၊ ခုတော့လဲ အဆင်သင့် သူက ရောက်လာခဲ့တယ်၊ ကျုပ်အတွက် ဒုက္ခမများတော့ဘူးပေါ့ဗျာ'

ထိုစဉ်မှာပင်....

'ဒုန်း'

'ဒုန်း'

ဟူသော အသံနှင့်အတူ လူသုံးယောက်က အခန်းတွင်းသို့ လွင့်စဉ်ကျရောက်လာ၏။ ထိုလူသုံးယောက်မှာ ကြမ်းပေါ်မှ ပြန်မထလာနိုင်ပါချေ။

သူတို့၏ တစ်ကိုယ်လုံးတွင် သွေးများ ချင်းချင်း နီရဲနေလေသည်။ သံပေသီးမှာ မျက်နှာပျက်သွား၏။

ထိုလူသုံးယောက်သည် သူ၏အဖော် မျိုးချစ် သိုင်းသမားများပင် မဟုတ်ပါလော...

သူ၏ မိုက်မဲမှုကြောင့် သူက အလစ်အငိုက်ဖမ်းရန် မဆိုထားနှင့် သူပင် အငိုက်မိခဲ့ရပြီ မဟုတ်ပါလော....

ငှာနခွဲမှူးအော့က....

'သံပေသီး ခင်ဗျား ဘယ်လိုမှ လွတ်ဖို့လမ်းမရှိတော့ပါဘူး၊ ခုခံမနေပဲ အရှုံးပေးလိုက်ပါတော့'

သံပေသီးက မဲ့လိုက်၏။

ငှာနခွဲမှူး ကျောက်က....

'သံပေသီး ခင်ဗျားကို ဒီဂေဟာထဲကတင် မကဘူး၊ ဒီမြို့အနှံ့ ကျုပ်တို့လူတွေက ပိတ်ဆို့ထားတယ်၊ ခင်ဗျားဘယ်လိုရုန်းထွက်နိုင်မှာလဲ'



သံပေသီးက....

'ကျုပ်က အညံ့ခံခဲ့တာတောင် မင်းတို့က ကျုပ်ကို လွှတ်မယ် မထင်ပါဘူး'

ငှာနခွဲမှူးကျောက်က....

'ဟုတ်တယ်၊ ဒါပေမယ့် လှလှပပ သေခွင့်ရမယ်၊ ပြီးတော့ ကျုပ်ကိုယ်တိုင် မြေမြှုပ်ပေးပါ့မယ်'

သံပေသီးက....

'အခွင့်အရေးက စိတ်ဝင်စားစရာပဲ'

ငှာနခွဲမှူး အော့က....

'ခင်ဗျား အညံ့မခံရင် အလောင်းကို လွှင့်ပစ်လိုက်မှာပဲ'

သံပေသီးက ရယ်မောလိုက်၏။

'ကျုပ်နဲ့အတူ အဖော်ဖြစ် ရသလောက်တော့ ခေါ်သွားချင်ပါတယ်ဗျာ'

ငှာနခွဲမှူးအော့က...

'ခင်ဗျားက ခွေးသေဝက်သေ သေချင်နေတာကိုး'

သူက ဓားကိုတစ်ချက် ဝေ့ယမ်းလိုက်၏။

ဝတ်စုံဖြူများက သံပေသီးအား ဝိုင်းရံလိုက်လေသည်။

သံပေသီး၏ရင်ထဲ၌ အေးစက်သွား၏။

ယခု အခန်းထဲ၌ ဝတ်စုံဖြူသုံးဆယ်ခန့် ရှိနေ၏။

ဤမျှများပြားသော ရန်သူများကို သူ ကုန်စင်အောင် သုတ်သင်နိုင်လိမ့်မည် မဟုတ်ပါ။

သူလည်း ရန်သူလက်ချက်နှင့် မည်သို့မျှ အသက်ရှင်သန်ရန် အခွင့်အလမ်းမရှိဘဲ သေဆုံးရမည်သာဖြစ်၏။

သူသည် ဝတ်စုံဖြူများကို ကြည့်လိုက်၏။

ထိုစဉ် ဝတ်စုံဖြူ လေးငါးယောက်က တိုက်ပွဲကို စတင်လိုက်လေသည်။

အားလုံးက ဓားကိုင်ထားကြ၏။

သူသည် ဝတ်စုံဖြူများကိုကြည့်ရင်း ရုတ်တရက် အကြံတစ်ခု ရရှိလာလေသည်။

သူ၏တွက်ဆမှုသာမှန်လျှင် သူသည် ဤနေရာမှ လွတ်မြောက်သွားနိုင်ပေသည်။

သံပေသီးက ဌာသံတစ်ချက်ပေးလိုက်ပြီး ဝတ်စုံဖြူများကြား အဆင်းတိုးဝင်ကာ တိုက်ခိုက်လိုက်၏။

သူ၏ ကြမ်းရမ်းသော တိုက်ကွက်ကြောင့် ဝတ်စုံဖြူများ ရှဲသွား၏။

သံပေသီးက အနီးရှိဝတ်စုံဖြူကို လှမ်းဆွဲလိုက်ပြီး ဓားကို လုယူလိုက်သည်။

ဌာနခွဲမှူးကျောက်က....

'ဟေ့-ခနခက်မဆုတ်နဲ့၊ ဝိုင်းတိုက်စမ်း'



သူ၏အမိန့်သံအဆုံးဝယ် ဝတ်စုံဖြူများက ရှေ့သို့ပြန်လည်တိုးလာကြလေသည်။

သံပေသီးက ဘယ်လက်ကို တစ်ချက် ဓဝ ယမ်းလိုက်၏။

သူ၏ နာမည်ကျော်ဆက်နက်ပုန်းဖြစ်သော သံပေသီးလေးများက လွင့်ပျံထွက်လာ၏။

သံပေသီးလေးများက ညှိခန်းတွင်း၌ ထွန်းညှိထားသော မီးအိမ်များကို ထိမှန်သွား၏။

'ဖုတ်'

ဟူသော အသံနှင့်အတူ မီးအိမ်များငြိမ်းသွားပြီး အခန်းတစ်ခုလုံး မှောင်အတိ ကျသွားလေသည်။

ဌာနခွဲမှူးကျောက်က....

'ဟေ့ မီးအမြန်တွန်း'

ဟု အော်ဟစ်ရင်း တံခါးပေါက်ကို ပိတ်ဆို့ထား လိုက်လေသည်။

သံပေသီး မည်မျှ ကြိုးစားစေကာမူ အခန်းထဲ၌ ဤတံခါးပေါက်တစ်ခုသာရှိ၏။

သူ ပိတ်ဆို့ထားသည့် အတွက် မည်သို့မျှ ထွက်ပြေးနိုင်မည် မဟုတ်ပါချေ။

ဌာနခွဲမှူးကျောက်က တွေးရင်းပြုံးလိုက်၏။

'သံပေသီး မင်းလောက် လျှော်ပဲနဲ့ မင်းကိုသတ်ဖို့ တာဝန် မယူပါဘူး'

ဟု စိတ်ထဲက ကြိတ်၍ ရေရွတ်လိုက်လေသည်။

....၀....

ဌာနခွဲမှူးအော့က မီးအိမ်များ ပြန်လည် ထွန်းညှိလိုက်၏။ အခန်းတွင်း မီးရောင် ပြန်လည် လင်းထိန်သွား၏။

ဌာနခွဲမှူးကျော်က လျှော်ပြုံးပြုံးဖြင့် သံပေသီးအား လှမ်းကြည့်လိုက်လေသည်။

သူ၏ မျက်မှောင်ကြုတ်သွား၏။

သူ၏ အပြုံးများ ပျောက်ကွယ်သွား၏။

အခန်းတွင်း၌ သံပေသီးကို မတွေ့ရပါချေ။

ဌာနခွဲမှူး ကျော်က ကုလားထိုင်ဆီသို့ ပြန်လျှောက်လာ၏။



ဝတ်စုံဖြူ အားလုံးက စက်ဝိုင်းသဏ္ဌာန် ခုနှစ်ယောက်သား၏ အလယ်တွင် သံပေသီး မရှိပါ။

ဤ အခန်းသည် တံခါးပေါက် တစ်ခုသာ ရှိ၏။

သံပေသီးက မီးအိမ် ငြိမ်းသတ်ရန် ကြံစည်သည်ကို သိလိုက်သည်။

သူက တံခါးပေါက်ကို ပိတ်ဆို့လိုက်ခြင်း ဖြစ်၏။

သံပေသီး မည်မျှ လျှင်မြန်ပါစေ ဤအခန်း တွင်းမှ ထွက်မသွားနိုင်ပါ။

သံပေသီး တစ်ယောက် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

မြေလျှို၍ မိုးပျံ သွားပါသလော...

သူ တွေးရင်း ဦးနှောက် ခြောက်လာ၏။

ဝတ်စုံဖြူများအလည်း သံပေသီးပျောက်သွားသဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေကြလေသည်။

ဌာနခွဲမှူးအော့က...

'သံပေသီး ဘယ်ရောက်သွားပြီလဲ'

ဟု အော်ဟစ်မေးလိုက်၏။

မည်သူမျှ သူ့အမေးကို မဖြေနိုင်ကြပါ။

သံပေသီးမှာ သူတို့ရှေ့မှောက်၌ပင် ပျောက်ဆုံးသွားသည် မဟုတ်ပါလော။

ငှာနခွဲမှူးကျောက်ကား ဝတ်စုံဖြူများကို ကြည့်လိုက်၏။

သူသည် အတွေးတစ်ခု ရုတ်ခြည်းရလာ၏။

'သံပေသီးဟာ ဝတ်စုံဖြူဝတ်ဆင်ပြီး ရောက်လာတဲ့ လူဆသာ ကျုပ်တို့ရဲ့ဝတ်စုံဖြူတွေထဲ ရောနှောနေလိုက်ရင်...'

ငှာနခွဲမှူး ကျောက်ကား အတွေးဆုံးသည်နှင့် အားရပါးရ ရယ်မောလိုက်လေသည်။

ငှာနခွဲမှူးအောင်က...

'ငှာနခွဲမှူးကျောက်ကား ဘာဖြစ်လို့ ဒီလောက်ရယ်မောနေရ တာလဲ'

ငှာနခွဲမှူးကျောက်က...

'သံပေသီးကို သဘောကျလို့ပါ'

ငှာနခွဲမှူးအောင်က...

'မင်းက သဘောကျနေ၊ သူကား လွတ်မြောက် သွားပြီဗျ ကျုပ်တို့ရှေ့ကတင် အလွတ်ရုန်းသွားပြီ'

ငှာနခွဲမှူးကျောက်ကား လက်ကာပြလိုက်ပြီး...

'ခပ္ပပါနဲ့ဗျာ'



ငှာနခွဲမှူးအောင်က ငှာနခွဲမှူးကျောက်ကို စိုက်ကြည့်လိုက် လေသည်။

ငှာနခွဲမှူးကျောက်က...

'သံပေသီးက ဒီအခန်းထဲမှာတင် ရှိပါတယ်'

ငှာနခွဲမှူးအောင်က အံ့အားသင့်သွား၏။

'ဒီအခန်းထဲမှာ ဟုတ်လား'

ငှာနခွဲမှူးကျောက်က...

'ဟုတ်ပါတယ်'

'ဘယ်မှာလဲ'

'ဟောဒီ ဝတ်စုံဖြူတွေထဲမှာ ရှိပါတယ်'

ငှာနခွဲမှူးက သဘောပေါက်သွား၏။

ဝတ်စုံဖြူများကလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ငှာနခွဲမှူးအောင်က ဝတ်စုံဖြူများကို တစ်ဦးချင်းစီ စိုက် ကြည့်လိုက်လေသည်။

သူ တွေးမရ ဖြစ်သွား၏။

သူ၏ ယောက်သားများ အားလုံးသည် ခေါင်းစွပ်များ စွပ်ထား ကြ၏။

သူကိုယ်တိုင်လည်း ထိုယောက်သားများ စည်သူမည်ဝါ ဆိုသည် ကို မခွဲခြားနိုင်ပါချေ။

ဌာနခွဲမှူးအောင်က ဌာနခွဲမှူးကျောက်ဘက်သို့ လှမ်းကြည့်လိုက်၏။

'ကျုပ်တို့ ဘယ်လိုလုပ်မလဲ'

ဟု လေသံနှင့် မေးလိုက်၏။

ဌာနခွဲမှူးကျောက်က....

'လွယ်လွယ်လေးပါ။ အစားလုံး တစ်ယောက်ကိုတစ်ယောက် ရှာဖွေခိုင်းလိုက်'

မျက်နှာဖုံးချွတ်ရန် အမိန့်ကိုမူ သူ မပေးနိုင်ပါ။

ထိုအမိန့်ကို ဂိုဏ်းချုပ်ကသာပေးနိုင်၏။

မိမိ သဘောအလျောက် ချက်ကျင်မူ ရ၏။ များသောအားဖြင့် အဆင့်နိမ့် ဂိုဏ်းသားများက မိမိကိုယ်ကို ဖုံးကွယ်ချင်ကြပေသည်။

ဌာနခွဲမှူးအောင်က....

'ကဲ....တစ်ယောက်ချင်းစီ ရှာဖွေကြစမ်း၊ သံပေသီးဆီမှာ လက်နက်ပုန်းကို မလွဲမသွေ တွေ့ရမှာပဲ'

သံပေသီးမှာ ရင်ထိတ်သွား၏။

ဤအတိုင်းဆိုလျှင် သူက ဝတ်စုံဖြူများကြား ရောနှော ပုန်းကွယ်နေ၍ ရမည်မဟုတ်တော့ပါ။



သူသည် တံခါးပေါက်ကို မသိမသာ လှမ်းကြည့်လိုက်၏။ သူနှင့် အတန်ဝေးနေ၏။

သို့သော် သူ စွန့်စားရပေမည်။

မစွန့်စားဝံ့က အသက်ရှင်ရန် အခွင့်အလမ်းရှိမည် မဟုတ်ပါ။

လက်ဖိုက် အသေခံရခြင်းထက် စွန့်စား အသေခံရခြင်းကို ပို၍မြတ်သည် မဟုတ်ပါလော။

သံပေသီးက ဆုံးဖြတ်ချက်ကို ခိုင်ခိုင်ချလိုက်၏။

သူသည် ရုတ်တရက် အနီးမှ ငွေဖြူဂိုဏ်းသား နှစ်ဦးကို လှမ်းဆွဲကာ ဌာနခွဲမှူးနှစ်ဦးထံ ပစ်လွှင့်လိုက်၏။

ထို့နောက် တစ်ဆက်တည်းပင် တံခါးဝကို တစ်ရှိန်ထိုး ပြေးထွက်လိုက်လေသည်။

ဌာနခွဲမှူးကျောက်မှာ ရုတ်ခြည်းပင် ပစ်လွှင့်လာသည့် ငွေဖြူဂိုဏ်းသားအား လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်၏။

'စုန်း...'

ငွေဖြူဂိုဏ်းသားမှာ လွင့်စဉ်ထွက်သွား၏။

ဌာနခွဲမှူးကျောက်မှာ သံပေသီးအား ဟန့်တားရန် မမီမှန်း နားလည်လိုက်၏။

ထို့ကြောင့် လက်ကို ဝေ့ယမ်းလိုက်ရာ ဓားပါးလွှ ငါးလက်ခန့်က သံပေသီးထံသို့ စုပြုံတိုးဝင်သွားလေသည်။

သူသည် သံပေသီး တံခါးစသို့ မထွက်နိုင်စေရန် ရည်ရွယ်ပြီး လမ်းကို ပိတ်ဆို့ပစ်လွှင့်လိုက်ခြင်း ဖြစ်၏။

ငှားနခွဲမှူးအောင့်ကလည်း ဓားကို ဆွဲထုတ်ကာ နောက်မှ ပြေးလိုက်သွားလေသည်။ သံပေသီးမှာ အကျဉ်းအကြပ်ထဲသို့ ကျရောက်သွား၏။

ဓားပါးလေးများအား လွှတ်ရန် သူ၏ အခန်းတွင်း ပြန်ဆုတ်ရမည့် ဖြစ်၏။

ထိုအခါ ငှားနခွဲမှူးအောင့်က မီသွားမည် ဖြစ်၏။

သူက နောက်ဆုတ်မရှောင်တိမ်းတော့ဘဲ လက်ကို ဝေ့ယမ်းရင်း အခန်းထဲမှ ခုန်ထွက်လိုက်၏။

'ချွမ်....ချွမ်....ချွမ်'

ဓားပါးလေး သုံးလက်မှာ သံပေသီး၏ လက်နှင့် ထိကာ ပြုတ်ကျသွား၏။

ကျန်ဓားပါးလေး သုံးချောင်းကမူ သံပေသီး၏ ကျောပြင်သို့ စိုက်ဝင်သွား၏။

သံပေသီးမှာ မြေပေါ် ပြုတ်ကျသွား၏။

'ဝုန်း'



သို့သော် သံပေသီးက ရုတ်ခြည်း ခုန်ထကာ ပြေးထွက်သွားသည်။

ငှားနခွဲမှူးအောင့်က ပြေးလိုက်သော်လည်းမမီလိုက်တော့ချေ။

'တောက်'

ငှားနခွဲမှူးအောင့်က မကျေမနပ်နှင့် တက်ခေါက်လိုက်၏။

'ပြေးပါစေကွာ'

ငှားနခွဲမှူး ကျော်အသံ ထွက်ပေါ်လာ၏။

ငှားနခွဲမှူးအောင့်က—

'သူ လွတ်သွားတာနဲ့ ကျုပ်တို့ကို လာပြီး တိုက်ခိုက်မှာ သေချာတယ်'

ငှားနခွဲမှူးကျော်က....

'သူ ဒီမြို့ထဲက မလွတ်စေရပါဘူး၊ ကျုပ် နေရာအနှံ့ လူခွဲထားပါတယ်၊ သူ့အတွက် ကျုပ်က ငွေကို လမ်းခင်းခဲ့ရတာ သူသိရင် ဂုဏ်ယူမှာ သေချာတယ်'

ငှားနခွဲမှူးအောင့်က....

'ခင်ဗျားက ကြေးစားတွေ ငှားထားသလား'

'ဟုတ်တယ်၊ သူက ဒီက ထွက်ပြေးသွားတာနဲ့ ကြေးစားဆယ့်နှစ်ယောက်က သူ့ကို သုတ်သင်ဖို့ နောက်က လိုက်သွားကြပါလိမ့်မယ်'

ဌာနခွဲမှူးအော့တာ ဆက်ပြင်းချလိုက်၏။

'သူသေမှ ဖြစ်မယ်'

ဌာနခွဲမှူးဈော်ကက ပိုင်နိုင်စွာ ပြောလိုက်၏။

'နေ့မကူးခင် သေကို သေရမယ်'

....o....

ကွမ်းမင်အန်းကျေးရွာ ...

ကွမ်းမင်အန်းကျေးရွာသည် အိမ်ခြေလေးရာကျော်မျှရှိသော ရွာကြီးတစ်ရွာ ဖြစ်ပေသည်။

ချန်ကျန်းနယ်တွင် ကွမ်းမင်အန်းကျေးရွာကို မှသိသူ ရှိသိမ့်မည် မဟုတ်ပါချေ။

ကွမ်းမင်အန်း ကျေးရွာသည် 'လူတစ်ယောက်' ဟု ဂိုဏ်ပြ ရှည့်ခေါ်ထားခြင်း ဖြစ်၏။



ထိုလူ၏အမည်ကို အစွဲပြုကာ အမည်ပေး မှည့်ခေါ်ခဲ့ခြင်း ဖြစ်၏။

ကွမ်းမင်အန်း ဆိုသူသည် လွန်ခဲ့သော နှစ်တစ်ရာခန့်က ချန်ကျန်းနယ်တွင် ကျော်ကြားခဲ့သော သူရဲကောင်းတစ်ဦး ဖြစ်ပေသည်။

လူသည် မွန်ဂိုများကို ရုပ်ရှပ်ချိ ' ချိ ' တိုက်ခိုက်ခဲ့သူဖြစ်၏။

ချန်ကျန်းနယ်သည် မွန်ဂိုများနှင့် နီးကပ်နေပြီး အမြဲပင် တိုက်ခိုက်နေရသော နယ်တစ်နယ် ဖြစ်၏။

ကွမ်းမင်အန်းလက်ထက်တွင်မွန်ဂိုများကို အောင်မြင်စွာ တိုက်ခိုက် မောင်းထုတ်နိုင်ခဲ့ရုံမက မွန်ဂိုနယ်အချို့ကိုပင် သိမ်းပိုက်ထားနိုင်ခဲ့ပေသည်။

သူသည် ရိုးဖြောင့်ပြီး သစ္စာရှိ၏။

ငယ်သားများအပေါ် သနားကြင်နာတတ်သော ခေါင်းဆောင်ကောင်း တစ်ဦး ဖြစ်၏။

ကွမ်းမင်အန်းလက်အောက်တွင် ချန်ကျန်းနယ် တစ်ခွင်လုံး စုစည်း ကျစ်လျစ်ခိုင်မာခဲ့ပေသည်။

သူသည် ချန်ကျန်း နယ်သူနယ်သားတို့၏ စံပြသူရဲကောင်း တစ်ဦး ဖြစ်ခဲ့ပေသည်။ သူ့လက်ထက်တွင် တိုက်ပွဲတိုင်း အောင်မြင်ခဲ့၏။

သို့သော် ကွမ်းမင်အန်းသည် ရှောင်လွှဲမရသော မြရကာမင်းနှင့် စစ်ဆင်ရာတွင်မူ ရှုံးနိမ့်ခဲ့ရ၏။

အသက် လေးဆယ်ကျော် အရွယ်ကောင်းဆဲပင် အဖျားရောဂါဖြင့် ကွယ်လွန်သွားခဲ့၏။

ထို့နောက်ပိုင်း သူ၏ဇာတိရွာအလေးကို ကွမ်းမင်အန်းရွာဟု ခေါ်ဝေါ်ကာ ဂုဏ်ပြုသတ်မှတ်ခဲ့ပေသည်။

ခိုမင်းသားမှာ ရွာ၏နောက်ခံသမိုင်းကို တွေးရင်း မျက်မှောင်ကြုတ်သွားမိလေသည်။

အပြုံးမျက်နှာကဲ့သို့သော မှန်ဂိုသစ္စာခံတစ်ဦးက ကျွန်ုပ်ရွာတွင် ဇာတ်မြှုပ်ပုန်းကွယ်နေသည်မှာ အံ့သြစရာပင် မဟုတ်ပါလား။

....o....

လှေဟန်ကျိုးက ဖြေလျှမ်းကို ရပ်တန့်လိုက်၏။

သူက အိမ်ကလေးအား အကဲခတ်လိုက်သည်။

အိမ်ကလေးမှာ သေးငယ်သော်လည်း သပ်ရပ်၏။



ခြံခင်းငယ်ကလေးခတ်ထားပြီး ဆေးဖြူသုတ်ထား၏။

ခြံဝင်းထဲတွင် နှင်းဆီပင်တစ်မျိုးတည်းကိုသာ စိုက်ပျိုးထားကြောင်း တွေ့လိုက်ရလေသည်။

လှေဟန်ကျိုးက ခြံတံခါးကို လက်လျှိုဖွင့်လိုက်ပြီး အထဲသို့ လှမ်းဝင်လာခဲ့၏။ အိမ်တံခါးကို အသာအယာ ခေါက်လိုက်သည်။

'ဒေါက်....ဒေါက်....ဒေါက်'

တံခါးခေါက်သံအဆုံးဝယ် တံခါးပွင့်လာ၏။

အိမ်တွင်း၌ ရွာသားသုံးလေးဦးခန့် ရှိနေသည်ကို တွေ့လိုက်ရသည်။

တံခါးဖွင့်ပေးသူက....

'ဘာကိစ္စများရှိလို့လဲ'

ဟု ချိုသာစွာ မေးလိုက်လေသည်။

လှေဟန်ကျိုးက လေသံနှစ့် ပြောလိုက်၏၊

'ကျုပ် သူတော်ကျားဆီက လာခဲ့တာပါ'

အိမ်ရှင်က မျက်မှောင်ကြုတ်သွားပြီး....

'ခင်ဗျား အိမ်မှားနေပြီထင်တယ်'

လှေဟန်ကျိုးက ပြုံးလိုက်၏။

'ခင်ဗျားရဲ့အပြုံးကို မမေ့သေးပါဘူး'

အိမ်ရှင်၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သူသည် အိမ်တွင်းသို့ မသိမသာ တစ်ချက်ကြည့်လိုက်ပြီး....

'မိတ်ဆွေတို့သွားချင်တဲ့နေရာက ညာဘက်လမ်းမှာဗျ'
ဟု ကျယ်လောင်စွာ ပြောပြီးမှ လေသံပျော့ဖြင့် ပြောလိုက်လေသည်။

လေ့ဟန်ကျိုးက ဦးညွတ်လိုက်၏။

'ကျေးဇူးတင်ပါတယ်'

သူသည် အိမ်တလေးရှေ့မှ လှည့်ထွက်လာခဲ့လေသည်။

သူက ခိုမင်းသားနှင့်အတူ မင်းလမ်းမဘက်သို့ ပြန်လျှောက်လာခဲ့သည်။

ညဲရောက်သည့်အချိန်အထိ စားသောက်ဆိုင်တစ်တစ်ခုခုတွင် အချိန်ဖြုန်းနေရန်လည်း စိတ်ကူးလိုက်၏။

မင်းလမ်းမအတိုင်း လျှောက်လာစဉ် ရှေ့တူရူမှ မြင်းလှည်းတစ်စီး လာနေသည်ကို တွေ့လိုက်ရ၏။

လေ့ဟန်ကျိုးအာ မျက်မှောင်ကြုတ်သွား၏။

'ခိုမင်းသား၊ ခင်ဗျား ဒီမြင်းလှည်းကို မြင်ဘူးသလား'

ခိုမင်းသားက မြင်းလှည်းကို ကြည့်လိုက်၏။
သာမန်မြင်းလှည်းတစ်စီးပင် ဖြစ်၏။
'မသိဘူး'
လေ့ဟန်ကျိုးက....
'ကျုပ် သူတော်ကျားအိမ်က အထွက်မှာ တစ်ခါတွေ့ဖူးခဲ့သလိုပဲ'



ခိုမင်းသားက ပြုံးလိုက်သည်။
'ဒီမြင်းလှည်းမျိုးက နေရာတကာမှာ တွေ့နိုင်ပါတယ်ဗျာ'
သူတို့ကြည့်နေစဉ် မြင်းလှည်းက ဖြတ်ကျော်သွား၏။
လေ့ဟန်ကျိုးက ခေါင်းကိုခါယမ်းရင်း....
'မဟုတ်ဘူး၊ ကျုပ်တွေ့ခဲ့ဖူးတာ သေချာတယ်၊ ဒီမြင်းလှည်းဟာ ခရီးဝေးက လာခဲ့သလိုပဲ'

ခိုမင်းသားက ရယ်မောလိုက်၏။
'အရေးမကြီးတာတွေ ခေါင်းထဲ ထည့်ထားမနေစမ်းပါနဲ့၊ အခုလောလောဆယ် ဝမ်းဖြည့်ဖို့က အရေးကြီးတယ်ဗျ'

လေ့ဟန်ကျိုးက ပခုံးတွန့်လိုက်၏။
သူသည် ခိုမင်းသားနှင့်အတူ စားသောက်ဆိုင်ဘက်သို့ ထွက်လာခဲ့လေတော့သည်။

—o—

ချိုဝမ်မှာ မြင်းလှည်းပေါ်၌ ထိုင်နေ၏။

'မင်းတွေ့သလား'

သူ၏နံဘေးမှ အာကာသသားက…

'ဘာလဲ ဘဘ'

ချိုဝမ်က…

'ခွေးစာကျ လူနှစ်ယောက်လေ'

အာကာသသားက…

'ကုန်သည်တွေနဲ့တူတယ်'

ချိုဝမ်က ပြုံးလိုက်၏။

'သူ့ရဲ့ကုန်ကို မင်းသိချင် အံ့သြသွားမှာပဲ'

အာကာသသားက…

'ဘာဖြစ်လို့လဲ ဘဘ'

ချိုဝမ်က…

'သူက အသက်ကိုပဲ အရောင်းအဝယ်ပြုတဲ့ ကုန်သည်လေ'

အာကာသသား အံ့အားသင့်သွား၏။

ချိုဝမ်က စကားဆက်လိုက်၏။

'သူဟာ လေ့ဟန်ကျိုးဆိုတာပဲ'

ဤအာကာသသားက မျက်မှောင်ကြုတ်သွား၏။

'သူက ကွမ်းမင်အန်းကို ဘာလာလုပ်တာတာပါလိမ့်'

ချိုဝမ်က



'သူတော်…အဲ…အဲ ချယ်ရီဂေဟာကချွန်တိတ်အသတ်ခံရတဲ့ညက သူတို့ အဲဒီဂေဟာက ထွက်သွားတာ တွေ့ခဲ့ရတယ်၊ အခုလဲ သူနဲ့ကျုပ် ခရီးစဉ်တာတူနေပြီထင်တယ်'

အာကာသသားက…

'သူက နာမည်ကြီးပဲ၊ သူ့ကို အရေးမယူကြဘူးလား'

ချိုဝမ်က…

'လေ့ဟန်ကျိုးက ပိရိလွန်းတယ်၊ သူ့လက်ချက်မှန်း သိပေမယ့် တစ်ကြိမ်မှ အထောက်အထား မပြနိုင်ခဲ့ဘူး၊ ဒါကြောင့် ဆက်ပိုက်ကြည့်နေခဲ့ရတာပေါ့'

အာကာသသားက မဲ့လိုက်၏။

'သူက ကျုပ်နယ်ထဲမှာ တစ်ခုခုလုပ်ရင်တော့ အထောက်အထားအသေအထားပြီး သူ့ကို ဖမ်းဆီးပစ်လိုက်မှာပဲ'

ဟု ကြုံးဝါးလိုက်၏။

ချိုဝမ်က အံကြိတ်လိုက်၏။

လေ့ဟန်ကျိုးနှင့် တကယ်တမ်း ရင်ဆိုင်ရလျှင်ပြောသလောက် အားကိုးနိုင်ပါစေဟုလည်း ဆု တောင်းလိုက်၏။

ထိုစဉ် မြင်းလှည်းမှာ ဆေးဖြူသုတ်ထားသော ခြံဝင်းလေးအနီးသို့ ရောက်ရှိလာ၏။

ချိုဝမ်က…

'ရောက်ပြီ'

အာဏာသားက အမိန့်ပေးလိုက်ရာ မြင်းလှည်းက တုံ့ခနဲ ရပ်တန့်သွားလေသည်။

ထိုအခိုက် ရှေ့မှလာနေသော မြင်းသုံးစီးက ရုတ်တရက် လမ်းကြားကလေးအတွင်း ချိုးကွေ့လိုက်၏။

အာဏာသားက အောက်သို့ အရင်ခုန်ဆင်းလိုက်ပြီး မြင်းလှည်းတံခါးကို ဖွင့်ကာ ချိဝမ်အား ဖေးမ၍ အောက်သို့ ချလိုက်သည်။

ချိဝမ်က သူ့အား အာဏာသားက တကယ် အဘိုးအိုကဲ့သို့ ပြုမူနေသဖြင့် ရယ်ချင်မိသည်။

သူသည် တစ်ချိန်က အာဏာသားခေါင်းဆောင်ဖြစ်ခဲ့သည့် အတွက် အာဏာသားများအပေါ် ယခုအထိ အရှိန်အဝါ ရှိနေသေး၏။

ရှောင်ကွမ်းကလည်း သူ့အား ကူညီရန် အမိန့်ထုတ်ထားသဖြင့် သူ ရောက်လေရာ၌ အာဏာသားများကို ခိုင်းစေနိုင်ပေသည်။

အာဏာသားက ချိဝမ်အား မေးဆတ်ပြပြီးနောက် တံခါးကို အသာ ခေါက်လိုက်လေသည်။

'ဒေါက်....ဒေါက်'

အိမ်ရှင်က တံခါးဖွင့်လိုက်၏။

အာဏာသားအား တွေ့လိုက်ရသောအခါ မျက်မှောင်ကြုတ်သွား၏။



'ဘာကိစ္စများ ရှိလို့လဲ'

အာဏာသားက ...

'ချန်ကျန်းမြို့တော်က မိတ်ဆွေတစ်ဦးလာ ခင်ဗျားနဲ့ တွေ့ချင်လို့ပါ'

အိမ်ရှင်က သက်ပြင်းချလိုက်၏။

သူ့ထံသို့ သူစိမ်းများ တစ်ဦးပြီးတစ်ဦး ရောက်လာခြင်းကိုလည်း စနိုးစနောင့် ဖြစ်နေမိလေသည်။

သူ့အိမ်တွင်းရှိ ရွာသားများက အလိုက်သိစွာဖြင့် သူ့အား နှုတ်ဆက်ကာ ထွက်သွားကြလေသည်။

သူသည် ချိဝမ်နှင့် အာဏာသားအား ပြုံးပြကာ....

'ကဲ ...အထဲဝင်ကြပါဦး'

ဟု ဖိတ်ခေါ်လိုက်ရလေတော့သည်။

....o....

ချိဝမ်က အိမ်ရှင်ဖြစ်သူအား အကဲခတ်ကြည့်လိုက်၏။

မျက်နှာတွင် အရေအကြောင်းများ ထင်နေပြီး နသယ်စပ်ရှိ ဆံစများမှာ ဖြူနေပြီ ဖြစ်၏။

ထိုလူသည် အဝတ်အစားကို သပ်ရပ်စွာ ဝတ်ဆင်ထား၏၊ မျက်နှာမှာ ချို၏။ သူ၏အပြုံးမှာ နှစ်လိုဖွယ်ကောင်းပေသည်။

ထို့ကြောင့်လည်း သူသည် အပြုံးမျက်နှာဟု နာမည် ရခဲ့ခြင်း ဖြစ်မည်ဟု တွေးနေမိ၏။

ချိဝမ်က အပြုံးမျက်နှာအား အကဲခတ်နေသလိုပင် အပြုံးမျက်နှာကလည်း ချိဝမ်အား အကဲခတ်နေ၏။

ချိဝမ်က အာကာသသားအား လက်ပြလိုက်၏။ အာကာသသားက အလိုက်သိစွာပင် အခန်းပြင်သို့ ထွက်သွားပြီး တံခါးကို ပြန်ပိတ်လိုက်၏။

အပြုံးမျက်နှာက...

'ဘာကိစ္စများ ရှိလို့လဲ'

ချိဝမ်က သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်၏။

'ကျုပ်က ချိဝမ်ပါ၊ တစ်ချိန်က ချန်ကျန်းနယ်ရဲ့ အာကာသား ခေါင်းဆောင်ပါ၊ အခုတော့ အနားယူပြီးလို့ သာမန်လူတစ်ယောက် ဖြစ်နေပါပြီ'



အပြုံးမျက်နှာက....

'ကျုပ်က ခင်ဗျားကိုဘယ်မှာသိကျွမ်းခဲ့သလဲဆိုတာ စဉ်းစားမရတာ ခွင့်လွှတ်ပါ'

ချိဝမ်က ပြုံးလိုက်၏။

'ခေါင်းရှုပ်ခံပြီး စဉ်းစားမနေပါနဲ့၊ ကျုပ်တို့ တစ်ခါမှ မတွေ့ခဲ့ကြပါဘူး'

အပြုံးမျက်နှာက....

'ဒါဖြင့် ဘာကိစ္စလဲ'

ချိ မ်က....

'ကျုပ်ကိစ္စက ရှည်ရှည်ဝေးဝေးပြောမှ ဖြစ်မယ်ဗျ'

အပြုံးမျက်နှာက....

'ပြောပါ'

ချိဝမ်က စွန်ရဲအကြောင်းကို စတင်ပြောလိုက်၏၊

အပြုံးမျက်နှာက—

'ဒါကို ဘာရည်ရွယ်ချက်နဲ့ ပြောနေတာလဲဗျ'

ချိဝမ်က....

'စွန်ရဲဟာ ဘယ်လောက်အထိ အန္တရာယ်ကြီးတယ်ဆိုတာ သိဖို့နဲ့ မွန်ဂိုသစ္စာခံတွေကို မျိုးချစ် သိုင်းသမားတွေက ဘယ်လောက် မုန်းတီးတယ်ဆိုတာ လာတောစပေါက်စေချင်လို့ပါ'

အပြုံးမျက်နှာက ပြုံးလိုက်ပြီး....

'ကျုပ်မှာ အလုပ်တွေ ရှိသေးတယ်၊ ကျုပ်နဲ့ မဆိုင်တဲ့ အကြောင်းတွေကို ဆက်ပြီးနားထောင်ဖို့ အချိန်မရှိတာ ခွင့်လွှတ်ပါဗျာ'

ချိုဝမ်က....

'အခု- ခင်ဗျားနဲ့ ဆိုင်တဲ့အကြောင်း ပြောတော့မှာပါ'

အပြုံးမျက်နှာက....

'ကျုပ်နဲ့ ဆိုင်တယ်'

ချိုဝမ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

အပြုံးမျက်နှာက သက်ပြင်း အသာချလိုက်၏။

ချိုဝမ်က....

'စွန်ရဲ မသေသေးဘူး၊ သူ့ရဲ့အုတ်ဂူဟာ ဟန်ပြဆိုတာ ကျုပ်တို့ သိခဲ့ရပြီ'

'ဗျာ—'

အပြုံးမျက်နှာက အံ့အားသင့်သွား၏။

ချိုဝမ်က....

'စွန်ရဲလို ဉာဏ်ကောင်းတဲ့ လူတစ်ဦးဟာ ရှုံးနိမ့်မယ့် အခြေအနေကို ကြိုတင်တွက်ဆပြီး ရှောင်တိမ်းသွားခဲ့တယ်'



အပြုံးမျက်နှာက နားထောင်နေ၏။

ချိုဝမ်က....

'သူဟာ တစသစ်တစ်ခုနဲ့ စတင်ပြီး အာဏာ ရှိလာအောင် ကြိုးစားခဲ့တယ်ဗျ၊ သူဟာ အလွန်လျှို့ဝှက်တဲ့လူဆိုတော့ သူဟာ စွန်ရဲဖြစ်တယ်ဆိုတာ ဘယ်သူက သိနိုင်မှာလဲ၊ ဒါပေမယ့် သူ့ရဲ့ လူယုံ ခုနစ်ယောက်ကတော့ သိနေတယ်လေ'

အပြုံးမျက်နှာက ဟန်မပျက် နားထောင်နေ၏။

ချိုဝမ်က ဆက်ပြောလိုက်၏။

'စွန်ရဲဟာ ထိပ်ပိုင်းရောက်လာပြီဆိုတော့ သူ့ကို မှတ်မိခဲ့တဲ့ လူ ရှိမှာ မလိုလားဘူး၊ သူ့ရဲ့လူယုံတွေကို ရှင်းပစ်ဖို့ ကြိုးစားတော့တယ်၊ တော်လှန်ရေးကာလမှာ သူ့ရဲ့ လူယုံ သုံးယောက် သေခဲ့ပြီး နောက်ထပ် သူ ရှင်းဖို့ လေးယောက်ပဲ ကျန်တော့တယ်'

အပြုံးမျက်နှာက သည်းမခံနိုင်တော့ပါ။

'ခင်ဗျား ဘာတွေ လာပြောနေတာလဲ'

ချိုဝမ်က....

'စိတ်ရှည်ရှည် နားထောင်ပါ၊ တဖြည်းဖြည်း ခင်ဗျား သဘောပေါက်လာပါလိမ့်မယ်'

အပြုံးမျက်နှာက....

'ကျုပ် နားထောင်ဖို့ အချိန်မရှိဘူး'

ချိုဝမ်အ....

'ကျုပ် မေတ္တာရပ်ခံနေတာပါ၊ တစ်ဆိတ် ကျေးဇူးပြုပြီး နားထောင်စမ်းပါ၊ ကျုပ်ကို အကြပ်မကိုင်ပါနဲ့'

အပြုံးမျက်နှာ ငြိမ်ကျသွား၏။

ချိုဝမ်က ဆက်ပြောလိုက်သည်။

'စွန်ရဲ ပထမဆုံး ရှဖ်းပစ်လိုက်တဲ့လူဟာတော့ ကျူးယုပါပဲ၊ ကျူးယုပြီးတာနဲ့ မကြာခင်မှာပဲ သူတော်ကျား သေဆုံးသွားခဲ့ရတယ်၊ နောက်တစ်ကြိမ်ဟာ မင်းအလှည့်ပဲ'

အပြုံးမျက်နှာက....

'ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျ'

ချိုဝမ်က....

'ဘာကြောင့်လဲဆိုတော့ မစီးဟာ စွန်ရဲရဲ့လူယုံ အပြုံးမျက်နှာ ဖြစ်နေလို့ပဲ'

အပြုံးမျက်နှာက ခပ်တည်တည် ငြင်းပယ်လိုက်၏။

'မိတ်ဆွေ လူမှားနေပြီ၊ ကျုပ်ဟာ ဘယ်သူလဲဆိုတာ ကမ္ဘာမြေအနှံ့ တစ်ရွာလုံး သိပါတယ်'

ချိုဝမ် ပြုံးလိုက်၏။

'ကျုပ်က ရဲမှုဆီက သတင်းရခဲ့တယ်ဆိုရင်....'



အပြုံးမျက်နှာ၏ မျက်နှာ ဖြူရော်သွား၏။

ချိုဝမ်က....

'မင်းဟာ တစ်ချိန်က စွန်ရဲရဲ့ လူယုံတစ်ဦးဖြစ်တဲ့အကြောင်း ကမ္ဘာမြေအနှံ့ရွာက သိသွားခဲ့ရင်....'

သူသည် စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားလိုက်လေသည်။

အပြုံးမျက်နှာက....

'ခင်ဗျား ကျုပ်ကို ခြိမ်းခြောက်နေတာလား'

ချိုဝမ်က....

'မင်းတွေးကြည့်ဖို့ ပြောတာပါ'

အပြုံးမျက်နှာ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။ သူ၏မျက်နှာပေါ်တွင် ထိတ်လန့်သော အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

ချိုဝမ်က ပြုံးကြည့်နေ၏။

အပြုံးမျက်နှာက—

'ခင်ဗျား ဒီအကြောင်းတွေကို ဘာကြောင့် လာပြောနေရတာလဲ'

ချိုဝမ်က....

'မင်းရဲ့ ပူးပေါင်းကူညီမှုကို လိုချင်လို့ပါ'

အပြုံးမျက်နှာက....

'ကျုပ်ရဲ့ကူညီမှု ဟုတ်လား'

ချိဝမ်က....

'မင်းကသာ ကူညီမယ်ဆိုရင် မင်းဘဝ တစ်လျှောက်လုံး လုံခြုံမှုရှိစေရမယ်လို့ ကျုပ်အာမခံပါတယ်'

အပြုံးမျက်နှာက သက်ပြင်းချလိုက်၏။

'အခွင့်အရေးက မက်စရာပဲ'

ချိဝမ်က....

'ဟုတ်တယ်၊ ဒီလိုအခွင့်အရေးမျိုး မင်းရဖို့မလွယ်ဘူး'

အပြုံးမျက်နှာက....

'ဒီအခွင့်အရေးရဖို့အတွက် ကျုပ်ဘက်ကလဲ ကြီးမားတဲ့အကူအညီ ပေးရမယ်ထင်တယ်'

ချိဝမ်က....

'မင်းကူညီရမယ့်ကိစ္စဟာ အလွန်လွယ်ကူပါတယ်'

အပြုံးမျက်နှာက မဲ့လိုက်၏။

ချိဝမ်က....

'မင်း သဘောတူပြီလား'

အပြုံးမျက်နှာက....

'ကျုပ်အတွက် ရွေးစရာလမ်းမှ မရှိတော့တာ'



ချိဝမ်က ရယ်မောလိုက်၏။

'ကျုပ်က မင်းကို အကြပ်မကိုင်လို့ မဖြစ်တဲ့ အခြေအနေရောက်နေလို့ပါ'

အပြုံးမျက်နှာက....

'ကျုပ်က ဘာလုပ်ပေးရမှာလဲ'

ချိဝမ်က....

'စွန်ရဲကို ဖော်ထုတ်ပေးဖို့ပါ'

'ဗျာ....'

အပြုံးမျက်နှာမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

သူသည် ခေါင်းကို ခါယမ်းလိုက်ရင်း....

'ကျုပ် ဒီလောက် စွမ်းဆောင်နိုင်မှာ မဟုတ်ဘူး၊ စွန်ရဲကို ရင်ဆိုင်ခိုင်းတာဟာ ကျုပ်ကိုသေခိုင်းတာနဲ့ အတူတူပါပဲ'

ချိဝမ်က....

'ကျုပ်စကားဆုံးအောင် နားထောင်ပါဦး'

အပြုံးမျက်နှာက ပါးစပ်ပိတ်သွား၏။

ချိဝမ်က....

'စွန်ရဲလို့ ကျုပ်သံသယရှိနေတဲ့လူ သုံးယောက်ရှိတယ်၊ သူတို့ကို ကြည့်ပေးရုံပါပဲ'

အပြုံးမျက်နှာက....

'နှစ်နှစ်ဆယ်နီးပါး ကြာပြီဆိုတော့ ကျုပ်မှတ်မိနိုင်ပါ့မလား မသိဘူး'

ချိုဝမ်က....

'လူတစ်ယောက်ကို နှစ်အတန်ကြာ သက်တွဲခဲ့တဲ့လူဟာ မှတ်မိဖို့ လွယ်ပါတယ်၊ ဘာကြောင့်လဲဆိုရင် စွန်ရဲက သူ့ကိုမှတ်မိမှာစိုးတဲ့အတွက် မင်းတို့ဘဝကို လုပ်ကြံဖို့ ကြိုးစားနေတာပဲ'

အပြုံးမျက်နှာက....

'အဲဒီလူတွေ ဘယ်မှာလဲ'

ချိုဝမ်က....

'ချန်ကျန်းမြို့တော်မှာ'

အပြုံးမျက်နှာက....

'ကျုပ်လိုက်ရမှာပေါ့'

ချိုဝမ်က....

'ဟုတ်တယ်၊ မင်း အဆင်သင့်ဖြစ်ရင် ဒီနေ့ပဲ ခရီးထွက်ကြရအောင်'

အပြုံးမျက်နှာက....

'ဒီလူသုံးယောက်မှာ စွန်ရဲမပါရင်တော့'



ချိုဝမ်က....

'မင်းကို လွတ်လပ်ခွင့် ပေးလိုက်ပါ့မယ်'

အပြုံးမျက်နှာက....

'ကောင်းပြီ၊ ကျုပ်သဘောတူပါတယ်'

....

လေ့ဟန်ကျိုးမှာ ခေါက်ဆွဲပြုတ်ကို သောက်နေ၏။

သူ၏တစ်သက်တာတွင် အညံ့ဆုံးခေါက်ဆွဲပြုတ်ကို သောက်နေရခြင်း ဖြစ်သည်။

ဤရွာတွင် စားသောက်ဆိုင် တစ်ဆိုင်သာရှိသည်။

ခိုမင် သားက....

'ဒီသောက်ညံ့တဲ့ခေါက်ဆွဲ လွှင့်ပစ်ဖို့ပဲကောင်းတယ်'

လေ့ဟန်ကျိုးက ပြန်ပြောမည်အပြု၊ မြင်းလှည်းတစ်စီး ဖြတ်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

စောစောကတွေ့ခဲ့သောမြင်းလှည်းပင်ဖြစ်၏။ လွှေဟန်ကျိုးက မြင်းလှည်းအား လှမ်းကြည့်လိုက်ရာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

မြင်းလှည်း ပြတင်းပေါက်မှ လူရိပ်တစ်ခုကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ထိုလူသည် အပြုံးမျက်နှာ ဖြစ်ကြောင်း သူက ကောင်းကောင်းမှတ်မိ လိုက်လေသည်။

ခိုမင်းသားက....

'ခင်ဗျား တာကိုတွေ့လို့လဲ'

လွှေဟန်ကျိုးက....

'အပြုံးမျက်နှာ'

'အပြုံးမျက်နှာ ဟုတ်လား'

'ဟုတ်တယ်၊ မြင်းလှည်းပေါ် ပါသွားပြီ၊ ကျုပ်တို့ အမြန်လိုက်ရအောင်'

သူတို့နှစ်ဦး ကမန်းကတန်း ဆိုင်ထဲမှထွက်လိုက်၏။

ဆိုင်လုလင်လေးက....

'မိတ်ဆွေတို့ ပိုက်ဆံပေးဦးဗျ'

လွှေဟန်ကျိုးမှာ ငွေရှင်းနေစဉ် မြင်းလှည်းမှာ ပျောက်ကွယ်သွားလေသည်။



ခိုမင်းသားက....

'စိတ်မပူပါနဲ့၊ သွားစရာလမ်း တစ်လမ်းပဲရှိပါတယ်၊ ကျုပ်တို့ အေးအေးဆေးဆေး မီပါတယ်'

သူတို့နှစ်ဦးက မြင်းများပေါ်တက်ပြီး ဂူမြို့မှ ထွက်လာခဲ့ကြလေသည်။

....o....

လမ်းမမှာ ဖြောင့်ဖြူးနေ၏။

မြင်းလှည်းမှာ အရှိန်ပြင်းစွာ မောင်းနှင်နေ၏။

မြင်းလှည်းမောင်းသူသည် ကျာပွတ်ကို ဝေ့ယမ်းရင်း ကျွမ်းကျင်စွာ မောင်းနှင်နေ၏။

ထိုစဉ် သူ၏မျက်လုံးများက လမ်းမအား ပိတ်ဆို့ထားသော သစ်တုံးကို တွေ့မြင်လိုက်လေသည်။

မြင်းလှည်းမောင်းသမား၏ မျက်လုံး ပြူးကျယ်သွား၏။

မြင်းဇက်ကြိုးကို အားကုန်ဆောင့်ဆွဲလိုက်လေသည်။

'ကျွိ....'

'ဟီး....ဟီး....ဟီး'

မြင်းများက အထိတ်တလန့်ဟီရင်း ပတာပ်ရပ်လိုက်၏။

မြင်းလှည်းမောင်းသူက မြင်းလှည်းကို မမှောက်အောင် ကြိုးစားထိန်းလိုက်ရလေသည်။

ချိုဝမ်နှင့်ပါလာသော အာဏာသားက အောက်သို့ အမြန်ခုန်ဆင်းလိုက်၏။

ထိုအခါ လမ်းဘေးမှထွက်လာသော ဝတ်စုံဖြူသုံးယောက်ကို တွေ့လိုက်ရလေသည်။

အာဏာသားက ဒေါက်ငန်းလိုက်၏။

'မင်းတို့တွေ သေချင်လို့လား'

ညာဘက်အစွန် သူသည် အာဏာရှိသောလူတစ်ယောက် ဖြစ်၏၊ လူဆိုးခားပြများမှာ သူ့အား ရင်မဆိုင်ဝံ့ဘဲ ရှောင်တိမ်းတတ်ကြပေသည်။

ယခုလည်း သူ့မျက်နှာ ပြရုံနှင့် ရှောင်တိမ်းသွားမည်ဟု ထင်မှတ်ခဲ့၏။

သို့သော် သူ၏အထင်မှာ မှားယွင်းသွား၏။



ဝတ်စုံဖြူသုံးယောက်က နောက်မဆုတ်သည့်အပြင် ရှေ့တိုးလာလေသည်။

'မင်းနဲ့မဆိုင်ဘူး၊ မသေချင်ရင် ဒီကထွက်သွားပါ'

အာဏာသားမှာ ဒေါသခြောင်းခြောင်း ထွက်သွား၏။

သူသည် ဓားကို ဆွဲထုတ်လိုက်၏။

'မင်းတို့ ဓားပြတွေ ကျုပ်အကြောင်း မသိကြသေးဘူးနဲ့ တူတယ်'

အာဏာသားမှာ လူငယ်တစ်ယောက်သာ ဖြစ်၏။ သူသည် ချိုဝမ်ရှေ့တွင် အစွမ်းပြလိုက်၏။

ထို့ကြောင့် ဓားကို ဝေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

ဝတ်စုံဖြူတစ်ဦးက အာဏာသားနှင့် ယှဉ်ပြိုင်လိုက်သည်။

ကျန်နှစ်ဦးမှာ မြင်းလှည်းဆီသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

ချိုဝမ်က အပြုံးမျက်နှာအား ကြည့်လိုက်၏။

'ကျုပ်အထင်တော့ မင်းကို သတ်မယ့်လူတွေ ရောက်လာပြီ'

အပြုံးမျက်နှာ၏ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

ချိုဝမ်က....

'မင်းကို ကျုပ် အတတ်နိုင်ဆုံး ကာကွယ်ပေးမှာပါ'

သူသည် ခေါးကို ဆွဲကာ မြင်းလှည်းအောက်သို့ ဆင်းလိုက်လေသည်။

ဝတ်စုံဖြူက....

'ခင်ဗျား အသက်အရွယ်နဲ့ ကျုပ်တို့ကို ခုခံဖို့ ကြိုးစားမနေပါနဲ့'

ချိုဝမ်က....

'မင်းတို့က ငွေဖြူဂိုဏ်းက မဟုတ်လား'

ဝတ်စုံဖြူက....

'ဒီအဘိုးကြီးက ငွေဖြူဂိုဏ်းကို သိနေပါလား'

ချိုဝမ်က....

'အခု မင်းတို့တွေ အပြုံးမျက်နှာကြောင့်ရောက်လာကြတယ် ဆိုတာလဲ ကျုပ် သိပါတယ်'

ဝတ်စုံဖြူက....

'ဒါဆိုရင် ခင်ဗျား ရှောင်တိမ်းသွားဖို့ သင့်ပြီ'

ထိုစဉ် မြင်းလှည်းသမားက ချိဝမ် ရှေ့တွင် ဝင်ရပ်လိုက်လေသည်။

'ကျုပ်တို့ ရှောင်တိမ်းမှာ မဟုတ်ဘူး'

ဝတ်စုံဖြူက....

'ကောင်းပြီ'



သူသည် ဓါးကို ဆွဲထုတ်လိုက်၏။

မြင်းလှည်းသမားမှာ အာကာသားတစ်ဦး ဖြစ်၏။ ချိဝမ် ရှောင်ကွမ်းအတွက်ထည့်ပေးလိုက်သော လူဖြစ်၏။

မြင်းလှည်းသမားသည် ကြာဖွတ်ကို ဝေ့ယမ်းရင်း စတင်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲများ စတင်ဖြစ်ပေါ်လာလေတော့သည်။

---o---

ချိဝမ်မှာ လက်ဝါးပုံသဏ္ဍာန် လက်နက်ပုန်း ကိုင်ဆောင်ထားသူနှင့် ယှဉ်ပြိုင်နေ၏။

သူသည် အသက်အရွယ် ကြီးရင့်သော်လည်း သိုင်းပညာအမှုမယုတ်လျော့သေးပါ။ လူငယ်များကဲ့သို့ လျင်မြန်စွာ သွက်လက်စွာ လှုပ်ရှားပြီး မတိုက်ခိုက်နိုင်သဖြင့် ရပ်ဘန့်တိုက်ခိုက်လိုက်၏။

သူသည် တိုက်ခိုက်ရင်း အခြေအနေကို အကဲခတ်လိုက်၏။ အာကာသထဲမှာလည်း ဝတ်စုံဖြူတစ်ဦးနှင့် တိုက်ခိုက်နေ၏။

အသေးစိတ်မရသော်လည်း ရှုံးနိမ့်မည့်ဟန် မတွေ့ရသေးပါ။ မြင်းလှည်းသမားဘက်လှည့်ကာ အကဲခတ်လိုက်၏။

မြင်းလှည်းသမားသည် ဝတ်စုံဖြူခေါင်းဆောင်နှင့် ယှဉ်ပြိုင်နေခြင်းဖြစ်၏။ သူ၏ ကြာပွတ်မှ ဝတ်စုံဖြူ၏ ခေါင်းချက်ကြောင့် အပိုင်းပိုင်းပြတ်ထွက်သွား၏။

သူသည် ကြာပွတ်ကို လွှင့်ပစ်လိုက်ပြီးနောက် လက်ဝါးနှစ်ဖက်နှင့်ပင် ရင်ဆိုင်လိုက်၏။ သို့သော် ဝတ်စုံဖြူ၏ ခေါင်းချက်များကို မယှဉ်သာပါ။

တခဏအတွင်း အလူးအလဲ ခုခံနေရသော အနေအထားသို့ ရောက်ရှိလာလေသည်။ အပြုံးမျက်နှာမှာ တိုက်ပွဲကိုကြည့်ရင်း နားလည်လိုက်၏။

ဝတ်စုံဖြူများက မကြာမီ အနိုင်ရတော့မည်ဖြစ်၏။ ချိဝမ်တို့လူစုသည် မိမိအား အကာအကွယ်ပေးနိုင်စွမ်း မရှိပါ။

မိမိ ဤနေရာမှ အမြန်ဆုံး ထွက်ခွာရပေတော့မည်။ သူသည် ဆုံးဖြတ်ချက်ချလိုက်ပြီး မြင်းလှည်းတစ်ဘက်မှ အသာလျှိုဆင်းလိုက်လေတော့သည်။

—o—



ဝတ်စုံဖြူခေါင်းဆောင်မှာ ခေါ်းဘီလူးတန်ပင် ဖြစ်ပါသည်။ ခေါ်းဘီလူးတန်၏ ခေါင်းပညာအား မြင်းလှည်းသမားထက် များစွာသာလွန်ပေသည်။

သိုင်းကွက် ငါးဆယ်ခန့်မျှ အရောက်တွင်…

'အား'

မြင်းလှည်းသမားမှာ နောက်ကျောစွာ အော်ဟစ်ရင်း မြေပေါ်သို့ လဲကျသွားလေတော့သည်။

ခေါ်းဘီလူးက ကျေနပ်စွာ ပြုံးလိုက်ပြီး မြင်းလှည်းဆီသို့ လျှောက်သွားလိုက်လေသည်။

ချိဝမ်မှာ ရင်ထိတ်သွား၏။

သူသည် ခေါ်းဘီလူးတန်အား ဟန်တားချင်သော်လည်း ပြိုင်ဘက်နှင့် ရှုန်းထွက်မရသော အခြေအနေသို့ ရောက်နေ၏။ အာကာသထဲမှာလည်း ထိုနည်းတူပင်…

ခေါ်းဘီလူးတန်က…

'အပြုံးမျက်နှာ မင်းဆင်းလာခဲ့ပါ၊ မဟုတ်ရင် မြင်းလှည်းကို ရိုက်ချိုးရလိမ့်မယ်'

ဟု အေးစက်စွာ ပြောလိုက်၏။

သို့သော် အထဲမှ တုန့်ပြန်သံ မရှိပါချေ။ ထိုစဉ် မြင်းခွာသံများကို ကြားလိုက်ရလေသည်။ ခေါ်းဘီလူးတန်က အချိန်မရှိတော့ကြောင်း နားလည်လိုက်၏။

သူသည် ခေါးကိုခေါ့ယမ်းကာ မြင်းလှည်းတံခါးကို ခုတ်ချ
လိုက်၏။

'ဝုန်း'

မြင်းလှည်းတံခါးရွက် ကျိုးပြတ်သွား၏။

'ဟင်'

မြင်းလှည်းတွင်း၌ အပြုံးမျက်နှာ မရှိတော့ပြီ မဟုတ်
ပါလော....

အပြုံးမျက်နှာသည် ထွက်ပြေးသွားပြီဟု သိလိုက်၏၊
ထိုစဉ်မှာပင် မြင်းနှစ်စီးအား ရုတ်ခြည်းရောက်ရှိလာ၏။

လေ့ဟန်ကျိုးနှင့် ခိုမင်းသားတို့ပင် ဖြစ်ပါသည်။ ခေါးဘီလူး
တန်က သူသုတ်သင်ရမည့် အပြုံးမျက်နှာနောက်သို့သာလိုက်ရန်
ဆုံးဖြတ်လိုက်ပြီး....

'ကျို ဟို့'

ဟု အော်ဟစ်ကာ သစ်ပင်များကြားပြေးဝင်သွားလေသည်၊
ဝတ်စုံဖြူနှစ်ယောက်ကလည်း တိုက်ခိုက်မှုကို ချက်ချင်း ရပ်တန့်
လိုက်ပြီး ခေါးဘီလူးတန်နောက်မှ လိုက်သွားလေတော့သည်၊

လေ့ဟန်ကျိုးတို့ ရောက်ရှိချိန်တွင် ဝတ်စုံဖြူ သုံးဦးစလုံး
သစ်ပင်များကြား ပြေးဝင် ပျောက်ကွယ်သွားကြပြီ ဖြစ်၏။

လေ့ဟန်ကျိုးက မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး....

စာမှတ် ၁၈/၁၃၈၊



'ကျုပ်တို့ နည်းနည်းလေး နောက်ကျသွားတယ်'

သူက ခိုမင်းသားအား ပြောလိုက်ခြင်း ဖြစ်၏။ သူသည်
မြင်းလှည်းဆီသို့ လျှောက်သွားကာ ကြည့်လိုက်၏။

'အပြုံးမျက်နှာလဲ မရှိတော့ပါလား'

ချိဝမ်ကာ....

'လေ့ဟန်ကျိုး....'

'ခင်ဗျားက ကျုပ်ကို သိနေတာကိုး'

ချိဝမ်ကာ မဲ့လိုက်၏။

'မင်းက အပြုံးမျက်နှာကို လုပ်ကြံဖို့ ရောက်လာတယ်
ဆိုတာလဲ ကျုပ် သိပါတယ်'

လေ့ဟန်ကျိုးက ခေါင်းခါလိုက်၏။

'ခင်ဗျား မှားနေပြီဗျ'

ချိဝမ်ကာ....

'မင်းက ငွေဖြူဂိုဏ်းနဲ့ ပေါင်းပြီး ပရိယာယ်ဆင်လို့မရဘူး'

လေ့ဟန်ကျိုးက....
'ခင်ဗျား အထင်လွဲနေပြီ၊ အရေးကြီးတာ အပြုံးမျက်နှာပဲ၊
သူ ဘယ်ရောက်သွားပြီလဲ'

ချိဝမ်ကာ ပခုံး တွန့်လိုက်၏။

ထိုစဉ် ခိုမင်းသား၏ အသံ ထွက်ပေါ်လာ၏။

'အပြုံးမျက်နှာအား သစ်တောထဲ ထွက်ပြေးသွားတာ ဖြစ်ရမယ်'

လှေဟန်ကျိုးက စဉ်းစားပြီးမှ ခေါင်းညိတ်လိုက်၏။

'ဖြစ်နိုင်တယ်၊ ဒါဆို ငွေဖြူဂိုဏ်းက သူ့နောက် လိုက်သွားတာပဲ၊ သူတို့ အမြန်လိုက်မှ ဖြစ်မယ်'

သူသည် ပြောပြောဆိုဆိုနှင့် သစ်တောအုပ်အတွင်း ပြေးဝင်သွားရန် ဟန်ပြင်လိုက်၏။

'နေဦး'

ဟန့်တားသံ ထွက်ပေါ်လာ၏။

လှေဟန်ကျိုးက လှည့်ကြည့်ရာ သူ့ထံ လျှောက်လာနေသော ချိဝမ်၏ အဖော်အာဏာသားကို တွေ့လိုက်ရ၏။

အာဏာသားက....

'ခင်ဗျားက လှေဟန်ကျိုးလား'

လှေဟန်ကျိုးက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ် ကိစ္စရှိရင် မြန်မြန်ပြောပါ'

အာဏာသားက....

'ခင်ဗျားရဲ့ ဥပဒေမဲ့ လုပ်ရပ်တွေ နောက် ဘယ်တော့မှ မလုပ်နိုင်အောင်ကျုပ်က ဆုံးမမလို့ပါ'



လှေဟန်ကျိုးက သက်ပြင်း ချလိုက်၏။

အပြုံးမျက်နှာအား ဖယ်တင်နိုင်ရန် ပို၍ အရေးကြီးနေ၏။ ထို့ကြောင့် သူက ဘာမျှ ပြောမနေပဲ အာဏာသားရှေ့မှ လှည့်ထွက်လိုက်လေသည်။

ဓားရောင်တစ်ချက် လင်းလက်သွား၏။

'ဒီလို သွားလို့ ဘယ်ရမှာလဲ'

ဓားချက်က သွားလမ်းကို ပိတ်ဆို့ ရောက်ရှိလာ၏။

လှေဟန်ကျိုးက နောက်ပြန် ဆုတ်လိုက်ရ၏။ သူသည် ဒေါသ လှည်း ထွက်သွား၏။

သို့သော် စိတ်ကို ချုပ်တည်းလိုက်ပြီး....

'ကျုပ် တောင်းပန်ပါတယ်၊ ဒီအနေ့အပြုံးမျက်နှာကို အမြန် ဖယ်ဖို့ အရေးကြီးတယ်၊ ဒါကြောင့် နောင်တစ်ချိန် ခင်ဗျား ချိန်းဆိုပါ'

အာဏာသားက...

'မင်းက အသံကောင်း ဟစ်မနေနဲ့၊ မင်းလို လူမျိုးအတွက် နောင်တစ်ချိန်ဆိုတာ မရှိစေရဘူး၊ ကျုပ်နဲ့တွေ့တဲ့ လူဆိုးတိုင်း ဘယ်လို ဖြစ်သွားတယ်ဆိုတာ သိစေရမယ်'

သူသည် ချိဝမ်အောရှေ့၌ လှေဟန်ကျိုးကို အနိုင်ယူပြရန် စဉ်းစားထားပေသည်။

စတ်စုံဖြူများနှင့် ရင်ဆိုင်စဉ်က သူအား ကောင်းစွာ အကာအကွယ် မပေးနိုင်သဖြင့် အပြုံးမျက်နှာ ထွက်ပြေးသွားခဲ့ရသော အဖြစ်အပျက်ကို ဖုံးဖိလို၍ ဖြစ်ပေသည်။

အာဏာသားက ပြောပြောဆိုဆိုဖြင့် ဓားကို ဝေ့ယမ်းကာ စတင် တိုက်ခိုက်လိုက်လေသည်။

လွှဟန်ကျိုးမှာ ဒေါသထွက်သွား၏။

အလိုက်ကန်းဆိုးမသိသော အာဏာသားအား ဆုံးမပစ်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

သူသည် အာဏာသား၏ ဓားချက်အောက်မှ ရုန်းထွက်လိုက်သည်။

အာဏာသားက ရယ်မောလိုက်ပြီး....

'ဘယ့်နှယ်လဲ၊ ကြောက်နေပြီလား'

လွှဟန်ကျိုးက ဘာမျှပြန်မပြောဘဲ ဓားကို ဆွဲထုတ်လိုက်သည်။

အာဏာသားက နောက်တစ်ကြိမ် တိုက်ခိုက်လိုက်သောအခါ ထွားအသဲ ဓားကို ဝေ့ယမ်းပြီး ပြန်လည်တိုက်ခိုက်လိုက်လေသည်၊

အာဏာသားမှာ ထိတ်လန့်သွား၏။



လွှဟန်ကျိုး၏ ဓားချက်များက ပြင်းထန် ရက်စက်လှသည်ကို တွေ့လိုက်ရ၍ဖြစ်၏။

သူသည် အံကို တင်းတင်း ကြိတ်ကာ အစွမ်းရှိသမျှ ခုခံလိုက်၏။

သို့သော်....

ဒီရေလှိုင်းများသဖွယ် တိုး၍ ပြင်းထန်လာသော ဓားချက်များကို မခုခံနိုင်ခဲ့ပါ။

လက်တစ်ခုလုံး ထုံကျင်သွားပြီး

'ချွမ် ...'

သူ၏ဓားမှာ အဝေးသို့ လွင့်စဉ်သွား၏။

ထို့နောက် အကာအကွယ်မဲ့သွားသော သူ၏ရင်ဝသို့လည်း လွှဟန်ကျိုး၏ ဓားက တိုးဝင်လာလေသည်။

အာဏာသားမှာ မည်သို့မျှ မရှောင်တိမ်းနိုင်တော့ပါချေ။

လွှဟန်ကျိုးက ရုတ်တရက် လက်တစ်ချက် လှည့်လိုက်ရာ ဓားဦးအစား ဓားရိုးကသာ အာဏာသား၏ရင်ဝသို့ ဆောင့်ချမိသွားတော့သည်။

'ဝုန်း....'

'အွန့်....'

အာကာသသားမှာ မြေပေါ်သို့ ဖင်ထိုင်လျက် လဲကျသွား၏၊ လေလှုပ်ဟန်ကျိုးအ တိုက်ခိုက်ပြီးသည်နှင့် လှည့်ပင် မကြည့်ဘဲ ပြေး ထွက်သွားလေသည်။

....၆....

အာကာသသားက လူးလဲထလိုက်၏။

သူ၏ရင်ဝတစ်ခုလုံး နာကျင်နေ၏။

ချိဝမ်အာ ပြုံးကြည့်နေသဖြင့် ရှက်သွား၏။

ချိဝမ်က....

'လေ့ဟန်ကျိုးကို ယှဉ်နိုင်တဲ့လူ အတော်နည်းပါတယ်၊၊ သူ လူကို အရမ်းမသတ်တာ မင်းအတွက် ကံကောင်းတာပဲ'

အာကာသသားအ ပါးစပ်ပိတ်သွား၏။

ချိဝမ်က....

'မင်း လျှောက်နိုင်မလွှား'



အာကာသသားက....

'ရပါတယ်'

ချိဝမ်က....

'ဒါဆို ကျုပ်တို့လဲ လိုက်သွားရအောင်'

သူသည် အစေခံ့အရှောက်အဖြစ် အာကာသသားများ ထပ်ခေါ်လာမိသည်ကို နောင်တရသွားမိလေတော့သည်။

သူက သက်ပြင်း အသာချလိုက်၏။

အပြုံးမျက်နှာကို ကယ်တင်ရန် အခွင့်အလမ်း နည်းပါးနေ၏။

အပြုံးမျက်နှာကို သုတ်သင်မည့်သူ နှစ်ဖွဲ့ရှိနေပြီဟု သူ ထင်ယူထားသည် မဟုတ်ပါလား။

....၇....

'ပြေး....

ပြေးနိုင်သလောက် ပြေးနေ၏။

ဆူးခက်ချုံနွယ်တို့ကို အမှုမထားအားပါ။

အသက်နှင့်ခန္ဓာကိုယ် ယှဉ်တွဲ တည်မြဲစေရေးအတွက် ပြေးရဦးမည် မဟုတ်ပါလား။

အပြုံးမျက်နှာမှာ အစွမ်းကုန်ပြေးနေရင်း သစ်မြစ်တစ်ခုနှင့် တိုက်ကာ ဟပ်ထိုးလဲကျသွား၏။

သူသည် မောဟိုက်လွန်းသဖြင့် မထသေးဘဲ အမောဖြေလိုက်၏။

သူ ပြေးလာခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်၏။

ရန်သူများနှင့် အတော်ဝေးကွာလောက်ပြီဟု ထင်မိ၏။

သို့သော်....

သူ ရန်သူ့လက်မှ မလွတ်နိုင်သေးပါ။

ရန်သူများ နောက်မှ ပါလာနိုင်သေး၏။

သူ လွတ်အောင် ဆက်၍ပြေးရပေဦးမည်။

အပြုံးမျက်နှာသည် ထရပ်လိုက်၏။

ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ သစ်ပင်ကြီးများ၊ ချုံနွယ်များဖြင့်သာ ပြည့်နေပေသည်။



မမှောင်သေးသော်လည်း အလင်းရောင်မှာ မှိုင်းတဝါးမျှသာ။

အပြုံးမျက်နှာက သူသွားရမည့်လမ်းကို ရွေးချယ်လိုက်၏။

ထို့နောက် ခပ်သွက်သွက် လျှောက်ကာ ထွက်လာခဲ့လေတော့သည်။

ခြေလှမ်း သုံးလေးဆယ်ခန့် အရောက်တွင် ရှေ့မှ အဖြူရိပ်တစ်ရိပ် လှုပ်ရှားသွားသည်ကို တွေ့လိုက်ရလေသည်။

အပြုံးမျက်နှာ၏ မျက်မှောင်ကြုတ်သွား၏။ သူက သေသေချာချာကြည့်လိုက်သော် ဘာမှ မတွေ့ပါချေ။

ထို့ကြောင့် ဆက်လျှောက်လိုက်၏။

ထိုစဉ်....

'ချွတ်'

သစ်ကိုင်းခြောက်နင်း သံကိုကြားလိုက်ရ၏။ အပြုံးမျက်နှာ၏ လက်က အိတ်တွင်းသို့ နှိုက်လိုက်၏။

သူသည် ဓားမြှောင်လေးတစ်လက်ကို ထုတ်ယူလိုက်ပြီး အသံလာရာဆီသို့ ပစ်လွှင့်လိုက်လေသည်။

'ချွမ်း'

သူပစ်လိုက်သောဓားမြှောင်လေးမှာ သူ့ထံသို့ ပြန်လည်လွင့်စဉ်လာလေသည်။ အပြုံးမျက်နှာက လက်ကို ဝေ့ယမ်းကာ ပြန်လည်ဖမ်းယူလိုက်၏။

'ဟား....ဟား....ဟား....အပြုံးမျက်နှာက ဘယ်ဆိုးလို့လဲ'

အသံနှင့်အတူ အဖြူရောင်အရိပ်တစ်ရိပ် ထွက်ပေါ်လာ၏၊ အပြုံးမျက်နှာက ထိတ်လန့်သွား၏။

သူသည် ဖောခေါက ချိုဝမ်တို့နှင့် လက်တွဲကာ ရန်သူအား ရင်မဆိုင်မိသည်ကို နောင်တရမိ၏။

သူသည် ထိုစဉ်က ကြောက်ရွံ့ပြီး အမွှားများ ပြုခဲ့ခြင်းပင်၊

အပြုံးမျက်နှာက သက်ပြင်းချလိုက်၏။

'မင်းတို့ ရောက်လာပြီကိုး'

သူ့စကားအဆုံးတွင် ဝတီစုံဖြူ သုံးယောက်က တန်းစီရပ်လိုက်ကြ၏။

အပြုံးမျက်နှာက....

'ကျုပ်ကို ဘယ်သူသတ်ခိုင်းတာလဲ'

ခေါ်းဘိလူးတန်က ...

'မင်းက သေမယ့်လူပဲ၊ ဘာကြောင့် သိချင်ရတာလဲ'

အပြုံးမျက်နှာက....

'ကျုပ်ကို သတ်မိန့်ပေးတဲ့သူကို သိချင်တာ တစ်ခုပါပဲ'

ခေါ်းဘိလူတန်က....

'ခင်ဗျားတို့ရဲ့ တစ်ချိန်က ခေါင်းဆောင်ကြီးပါပဲ'

အပြုံးမျက်နှာ၏ ရင်ထဲ၌ လေးလံသွား၏၊



'တစ်ယောက်ပဲ စွန့်ရဲက သတ်မိန့်ပေးခဲ့တာကိုး၊ကောင်းပြီ.... မင်းတို့သတ်တော့ တစ်ချိန်မှာ မင်းတို့လဲ ကျုပ်လို ဘဝမျိုး ရောက်ဖို့ လိုမယ်နော်'

ခေါ်းဘိလူးတန်က ရယ်မောလိုက်၏။

'အခြေအနေချင်းက မတူပါဘူးဗျာ'

အပြုံးမျက်နှာက သူ၏အင်္ကျီထဲမှ ဓားတိုနှစ်လက်ကို ဆွဲထုတ်လိုက်၏။

သူ ဓားမကိုင်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်နီးပါးမျှ ကြာခဲ့ပြီဖြစ်သည်။

သို့သော် ဓားကိုင်လိုက်သည်နှင့် ခွန်အားများ တိုးပွားလာသလို ခံစားလိုက်ရလေသည်။

သေသူ၏ အဆုံ မဲ့၌ ဘာမျှမရှိသောကြောင့် ကြောက်စိတ်များလည်း လွင့်ပျောက်သွားလေသည်။

ခေါ်းဘိလူးတန်က လက်ဝေ့လိုက်၏။ လက်ဝါးပုံ လက်နက်ဆန်း ကိုင်ထားသူက ရှေ့သို့ တိုးထွက်လိုက်၏။

ခေါ်းဘိလူးတန်က....

'မင်း သူ့ကို အထင်မသေးနဲ့၊ သူဟာ လူသတ်ရာမှာ အပြုံးမပျက်တဲ့ လူတစ်ယောက်ပဲ၊ သူ့ရဲ့ ဓားတိုနှစ်လက်ကို သတိထားပါ'

ဝတ်စုံဖြူက ခေါင်းညိတ်လိုက်ပြီး လက်ဝါးပုံ လက်နက်ဆန်းဖြင့် စတင် တိုက်ခိုက်လိုက်တော့သည်။

အပြုံးမျက်နှာကလည်း ဓားတိုနှစ်လက်ကို ဝေ့ယမ်းကာ တုံ့ပြန် တိုက်ခိုက်လိုက်၏။ နှစ်ဦးစလုံး၏ တိုက်ခိုက်မှုများမှာ လျင်မြန်လှပေသည်။

တစ်ခဏချင်းပင် သိုင်းကွက် နှစ်ဆယ်ခန့် ယှဉ်ပြိုင်မိသွား၏။ တစ်ဦး၏ အခြေအနေကိုလည်း တစ်ဦးက နားလည်သွားသည်။

လက်ဝါးပုံ လက်နက်ဆန်းသည် သွေးကြောကို ဦးတည် တိုက်ခိုက်ခြင်းဖြစ်ကြောင်း အပြုံးမျက်နှာက သိလိုက်၏။

ထို့ကြောင့် ညာလက်မှ ဓားတိုကို ကာကွယ်ရန် ထားပြီး ဘယ်လက်မှ ဓားတိုဖြင့် တိုက်စစ်ဆင်လိုက်၏။

ဓားဘီလူးတန်က လက်တစ်ချက် ဝေ့ယမ်းလိုက်၏။ နောက်ထပ် ဝတ်စုံဖြူတစ်ယောက်က အပြုံးမျက်နှာအား ဝင်ရောက် တိုက်ခိုက်လိုက်ပြန်လေသည်။

အပြုံးမျက်နှာက....

'မင်းတို့က အများနဲ့ အနိုင်ယူချင်တာလား'

ဓားဘီလူးတန်က....

'ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျား သေသွားဖို့က လိုရင်းပါပဲဗျ'



အပြုံးမျက်နှာ၏ ရင်ထဲ၌ သေးလံသွား၏။ ခံပြင်းဒေါသလည်း ထွက်သွား၏။

သူသည် ဓားတိုနှစ်လက်ကို တရကြမ်း ဝေ့ယမ်းရင်း ရှေ့ တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်လာလေသည်။ ဓားဘီလူးက ဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်၏။

ထို့နောက် တိုက်ပွဲအတွင်း ခုန်ဝင်ကာ အပြုံးမျက်နှာ၏ နောက်ကျောကို ဓားတစ်ချက် ထိုးသွင်းလိုက်လေတော့သည်။

အပြုံးမျက်နှာမှာ ထိတ်လန့်သွား၏။

သူက ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွား၏။ ကျောပြင်မှာ စူးရှနာကျင်မှု ဝေဒနာကိုခံစားလိုက်ရပြီး ရှေ့သို့ ယိုင်ကျသွား၏။

ထိုစဉ် လက်ဝါးပုံ လက်နက်ဆန်းက သူ၏ ရင်ဝသို့ ထိမှန်သွား၏။

'ဝုန်း....'

အပြုံးမျက်နှာမှာ လွင့်စဉ်သွားလေသည်။

ဓားဘီလူးတန်က ရယ်မောလိုက်၏။

ထို့နောက် စာရွက်အလေးအား သုတ်လိုက်၏၊

စာရွက်ပေါ်တွင်....

'သူတော်ကျော်....ချယ်ရီဂေဟာ....
'အပြုံးမျက်နှာ ကွမ်းမင်အန်းကျေးရွာ....
'ထီးအဘိုးအို...ထန်းစန်းတောင်'

ဟု ရေးသားထား၏။

သူက သူတော်ကျော်နှင့် အပြုံးမျက်နှာစားတွင် ကြက်ခြေခတ်လိုက်လေသည်။

'အင်း....ထီးအဘိုးအိုပြီးရင် တခဏလဲပြီးပြီ၊အမြန် ဆက်ပြီးလှုပ်ရှားကြစို့'

သူတို့ သုံးယောက်သည် အပြုံးမျက်နှာ၏ အလောင်းအနီးမှ ကျော်ဖြတ်ကာ သစ်ပင်များကြား တိုးဝင် ပျောက်ကွယ်သွားလေတော့သည်။

....o....



လွှဟန်ကျိုးနှင့် ခိုမင်းသားတို့မှာ လမ်းတစ်လျှောက် ခြေရာခံကာ လိုက်လာခဲ့လေသည်။

မကြာမီ သူတို့သည် အပြုံးမျက်နှာ၏အလောင်းကို တွေ့မြင်လိုက်ရလေတော့သည်။

လွှဟန်ကျိုးမှာ ခံပြင်းစွာ တောက်ခေါက်လိုက်၏။

'တောက်....ကျုပ်တို့ နည်းနည်းလေး နောက်ကျသွားတယ်'

ခိုမင်းသားက ပါးစပ်ပိတ်ထား၏။

လွှဟန်ကျိုး ဆောသည်ကို သူက ဟန့်တားပြီး အေးအေးဆေးဆေး လိုက်ရန် ပြောခဲ့၍ နောက်ကျခဲ့ခြင်း ဖြစ်၏။

လွှဟန်ကျိုးမှာ ခိုမင်းသားအပေါ် အပြစ်မမြင်ပါ။သူ့အား ဟန့်တားဆာ တိုက်ခိုက်လာသော အာဏာသားကိုသာ ဒေါသထွက်နေမိ၏။

အာဏာသားနှင့်သာ သူ တိုက်ခိုက်မနေခဲ့လျှင် အပြုံးမျက်နှာအား ကယ်တင်နိုင်မည်ဟု တွေးနေ၏။

ထိုစဉ် ခြေသံများ ကြားလိုက်ရပြီး....

'ဟော....သူတို့မှာ အပြုံးမျက်နှာကို သတ်လိုက်ပြီဗျ'

ဟူသော စကားသံကိုပါ ကြားလိုက်ရလေသည်။

လွှဟန်ကျိုးမှာ လှည့်ကြည့်လိုက်၏။

ချိုမြမ်နှင့် အာဏာသားကိုတွေ့လိုက်ရ၏။ သူမှာ စိတ်မထိန်းနိုင်တော့ပေ။

လျှပ်တစ်ပြက် အာဏာသားထံ ခုန်ဝင်ကာ ပါးရိုက်ချလိုက်၏။

'ဖြန်း...ဖြန်း'

သူ၏ လှုပ်ရှားမှုမှာ မြန်ဆန်လှပေသည်။

အာဏာသား၏ ပါးပြင်တွင် လက်ငါးချောင်းရာ ပေါ်ထွက်သွား၏။

အာဏာသားမှာ အလွန်အမင်း ထိတ်လန့်သွားလေသည်။

လေ့ဟန်ကျိုး၏ မျက်လုံးများက ဒေါသကြောင့် မီးဝင်းဝင်း တောက်နေ၏။

'အရမ်းကာရော မပြောနဲ့၊ မင်း ရှုပ်နေလို့ ငပြုံးမျက်နှာ သေရတာကွ၊ နားသည်လား'

— ဟု အော်ဟစ်လိုက်၏။

ထိုစဉ် သူက တစ်စုံတစ်ရာ တွေးလိုက်မိ၏။

'ငွေဖြူ ဂိုဏ်းသားတွေဟာ အပြုံးမျက်နှာကို သိနေရင် ထီးအတိုးအို လုံခြုံမှုရှိမှာ မဟုတ်တော့ဘူး၊ ထီးအတိုးအိုသာ သေရင် ဘယ်သူမှ စွန်ရဲကို ဖော်ထုတ်နိုင်မှာ မဟုတ်တော့ဘူး၊ အချိန်မဆိုင်းဘဲ အမြန်လိုက်မှ'

သူသည် ဤသို့ တွေးမိလိုက်သည်နှင့် နေရာမှ ချာခနဲ ပြေးထွက်သွားလေတော့သည်။



အာဏာသားက ဟန့်တားသည်အပြု ချိဝမ်က ဆွဲထားလိုက်သည်။

အာဏာသားက —

'သူ လူသတ်သွားတယ်ဗျ'

ချိဝမ်က အေးတိအေးစက် ပြောလိုက်၏။

'မင်းက ဟန့်တားမယ်ဆိုရင် မင်းကိုပါ သတ်သွားလိမ့်မယ်'

အာဏာသားမှာ ပါးစပ်ပိတ်သွားလေသည်။

ချိဝမ်က ဘာမှဆက်မပြောတော့ဘဲ နေရာမှ အမြန်ထွက်လာခဲ့၏။

ယခု အပြုံးမျက်နှာ သေသွားခဲ့ပြီ။

ဆူတော်ကျားလဲ သေဆုံးခဲ့ပြီးပြီ။

နောက်တစ်ကြိမ်သည် ထီးအတိုးအိုအလှည့်ပင်။

လေ့ဟန်ကျိုးနှင့် ငွေဖြူဂိုဏ်းသားတို့သည် ထီးအတိုးအိုထံ မလွဲမသွေ အရောက်သွားကြပြီ ဖြစ်သည်။

သူ အချိန်ဆိုင်း၍ မဖြစ်ပါ။

ယခုတစ်ကြိမ် နောက်ကျလျှင် စွန်ရဲကို မည်သည့်နည်းနှင့်မျှ ဖော်ထုတ်နိုင်မည် မဟုတ်ပါ။

စွန်ရဲ အနိုင်ရသွားပေလိမ့်မည်။

စွန်ရဲနိုင်ခြင်းသည် မွန်ဂိုတို့ အနိုင်ရခြင်းနှင့် အတူပင်ဖြစ်၏။

မွန်ဂိုများ အနိုင်ရခြင်းကို သူ မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ပါချေ။

တွေးရင်း သွေးများ ဆူလာ၏။

ဒေါသစိတ်တို့က သူ့အား ဆယ်နှစ်စာခန့် ငယ်သွားအောင် အစားသစ်လောင်းပေးလိုက်လေတော့သည်။

....၀

ည....

အမှောင်ထုက ကြီးစိုးနေ၏။

သံပေသီးမှာ ဆမ်းကြားလေးတွင်မှီကာ အမောဖြည်နေ၏၊

ယခုမှ သူ့ကျောမှ ဓားပါးလေးနှစ်လက်ကို နုတ်ယူနိုင်ခဲ့၏၊

သူသည် ဌာနခွဲမှူးအော့ ဂေဟာမှ ထွက်ပြေးလာစဉ်ပင် လမ်း၌ ဆီးကြိုတိုက်ခိုက်မှု နှစ်ကြိမ် ခံခဲ့ရ၏။



ရန်သူလေးယောက်ခန့်ကို သုတ်သင်နိုင်ခဲ့ပြီး အလွတ်ရုန်းပြေးလာခဲ့ခြင်းဖြစ်၏။

တစ်ချိန်လုံး မရပ်မနား တိုက်ခိုက်လာခဲ့ရသဖြင့် အလွန်ပင်မောပမ်းနေ၏။

သူ ဤမြို့ကလေးမှ အမြန်ဆုံး ထွက်ခွာရပေမည်။

ထို့နောက် မျိုးချစ်သိုင်းသမားများ အမြန်စုစည်းပြီး ပြန်လည် တိုက်ခိုက်ရပေမည်။

ထိုစဉ် ပြေးလွှားလာသော ခြေသံများကို ကြားလိုက်ရ၏။

ဓား လှံ လက်နက်များ ကိုင်ထားသော လူတစ်စုကို တွေ့လိုက်ရလေသည်။

သံပေသီးက ကိုယ်ကို ပို၍ကျုံ့ကာ ပုန်းကွယ်လိုက်၏။

အမှောင်ထုက သူ့အား အကာအကွယ်ပေးထားသလို ဖြစ်နေ၏။

မကြာမီ ထိုလူစုစာ သံပေသီးအား ဖြတ်ကျော်ကာ ထွက်ခွာသွားကြလေသည်။

သံပေသီး စဉ်းစားလိုက်၏။

ဤမြို့ပေါ်တွင် မျိုးချစ်သိုင်းသမား အနည်းအကျဉ်းမျှသာ ရှိ၏။

ဤမြို့နှင့်တစ်ဆက်တည်းတွင်မူ မျိုးချစ်သိုင်းသမားဖွေချီကျုံး ဦးဆောင်သော သိုင်းသမားတစ်ဖွဲ့ ရှိ၏။

သူတို့အင်အားနှင့်ဆိုလျှင် ငွေဖြူဂိုဏ်းအား ကောင်းစွာ ဖြိုခွဲနိုင်မည်ဟု ယူဆလိုက်၏။

သူ ဖြစ်သည့်နည်းနှင့် တစ်ဘက်ကမ်းသို့ ကူးရပေမည်။

သံပေသီးက အခမှာ ပြေသွားပြီးနောက် အမှောင်ထုကို အကာအကွယ် ယူကာ တရွေ့ရွေ့ ထွက်ခွာ လာခဲ့လေတော့သည်။

....၀....

မြစ်ဆိပ်....

ညဦးနက်နေပြီ ဖြစ်သောကြောင့် လူရှင်းနေ၏။

မြစ်ကမ်း စပ်တွင် လှေငယ်များ ခစီအရီ ဆိုက်ကပ်ထား၏။ သံပေသီးက သက်ပြင်း ချလိုက်၏။

သူက တစ်ဘက်ကမ်းသို့ သွားရန် စဉ်းစားခဲ့ သော်လည်း လှေမလှော်တတ်ပါချေ။



သံပေသီးက မည်သို့ ပြုရမည်မသိ ဖြစ်နေစဉ်မှာပင် လှေငယ်တစ်စင်းပေါ်၌ လှေသမား တစ်ယောက် ရှိနေသည်ကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာ သွားလေသည်။

သံပေသီးက လှေဆိပ်သို့ ဆင်းလာခဲ့၏။ လှေသမားကသံပေသီးအား တွေ့သောအခါ အံ့အားသင့်ဟန် ပေါ်သွား၏။

သံပေသီးက...

'ကျုပ်ကို တစ်ဘက်ကမ်း ပို့နိုင်မလား'

လှေသမားက ကောင်းကင်ကို တစ်ချက်ကြည့်လိုက်ပြီး....

'မဖြစ်ဘူးဗျ၊ ဒီည လေ မုန်တိုင်း ကျနိုင်တယ်'

သံပေသီးက...

'ကျုပ် အလွန် အရေးကြီးလို့ပါ၊ မင်းအတွက် ပို့ခ ဆခင်ခ နှစ်ဆပေးပါ့မယ်'

လှေသမားက...

'ကျုပ် မပို့ရဲဘူး၊ ညဘက် ဖြစ်နေတယ်ဗျ'

သံပေသီးက ငွေတုံးတစ်တုံး ထုတ်ယူလိုက်၏။

ထိုငွေတုံး၏ တန်ဖိုးမှာ လှေငယ်တစ်စင်းထက်မက ဝယ်ယူနိုင်ပေသည်။

'မင်းဖေသာ ကျုပ်ကို လိုက်ပို့ရင် ဒီငွေဟာ မင်းအတွက်ပဲ'

လှေသမားက တွေဝေသွား၏။

ပြီးမှ ဆုံးဖြတ်ချက် ချဟန်ဖြင့်....

'ကောင်းပြီ တက်ပါ၊ ငွေကိုတော့ အရင်ပေးရမယ်'

သံပေသီးကငွေတုံးကို ဖစ်ပေးလိုက်ပြီးလှေပေါ်တက်လိုက်လေသည်။ လှေသမားက ကြိုးကို ဖြုတ်ကာ စဘောင် လှော်ခတ်လိုက်၏။

ထိုစဉ် လေပြေ ယမ်း တိုက်ခတ်လာလေသည်။

လှေသမားက....

'ပို့ပေးခ မက်လှေခက်စရာမို့ ကျုပ်က စွန့်စားပြီး ပို့ပေးတာ၊ မုန်တိုင်း ကျလာရင် မကြောက်နဲ့၊ မလှုပ်ရှားပဲလှေနံရံကိုသာ မြဲမြဲကိုင်ထားပါ'

ဟု သတိပေးလိုက်၏။

သံပေသီးက....

'ဒီမုန်တိုင်း တိုက်လှာရင် ခင်းလှေ နစ်မြုပ်သွားနိုင်သလား'

လှေသမားက....

'ကျုပ် မုန်တိုင်းတွေနဲ့ ကြုံဘူးပါတယ်၊ ဒီမှာက ဒီလောက် ပြင်းထန်မှု မရှိဘူး၊ ခရီးသည်တွေက ကျုပ်ပြောသလိုလိုက်နာရင် လှေမမှောက်နိုင်ပါဘူး'

သံပေသီးက စိတ်အေးသွား၏။

လှေသမားက....

'ကျုပ်တို့ လှေက သေးတယ်၊ လှိုင်းကို အလိုက်သင့် ရင်ဆိုင်ရတယ်၊ ဘာပဲပြောပြော မုန်တိုင်းက ညဥ့်သယ်လောက်မှာ ကျနိုင်တယ်၊ ကျုပ် ဒီဘက် ပြန်မလာပဲ့ ဟိုဘက်မှာ အိပ်ရုံပါ'



သံပေသီးက လှေသမား၏ စကားကို နားထောင်ရင်း လိုက်ပါလာ၏။ ညဥ့်မှောင်နေသဖြင့်တစ်ဘက်ကမ်းကိုမတွေ့ရပေချေ။

လှိုင်းကလေးများက လှေနံရံကို ရိုက်ခတ်နေ၏။ ထိုစဉ်အသံဆဲသံကို ကြားလိုက်ရလေသည်။

'ဘာသံပါလိမ့်'

ထိုစဉ် လှေသမား၏ အသံထွက်ပေါ်လာ၏။

'ဟော့ လူတွေ လှေရှိတယ်ဗျ'

သံပေသီးက ကမန်းကတန်း လှည့်ကြည့်လိုက်၏။

သူတို့လှေထက် လေးငါးဆမျှ ကြီးသော လှေတစ်စင်းက ညာဘက်တွင် ပေါ်လာ၏။

ထိုလှေသည် မိမိတို့ လှေဆီသို့ ဦးတည်ဝင် ရောက်လာနေ၏။

သံပေသီးမှာ ထိတ်လန့်သွား၏၊ လှေသမားကလည်း အော်ဟစ်ရင်း လှေကြီးနှင့် လွတ်အောင် အားစိုက်လှော်နေ၏။

သို့သော် လှေကြီး၏ အရှိန်က မြန်ဆန်လွန်းလှ၏။ သူတို့လှေသမားနှင့် မတိုက်မီ လှေကြီးထိပ်၌ ရပ်နေသော ဝတ်စုံဖြူ နှစ်ယောက်ကို တွေ့လိုက်ရ၏။

'ငွေဖြူဂိုဏ်း'

သံပေသီး၏ ရေရွတ်သံအဆုံး၌ လှေကြီးက သူတို့ ငယ်ကလေး၏ ခါးလယ်သို့ဝင်ရောက်တိုက်ချလိုက်လေသည်။

'ဝုန်း...'

လှေငယ်မှာ ထက်ပိုင်းကျိုးပြတ်ကာ လွင့်စဉ်သွား၏။

သံပေသီးနှင့် လှေသမားများလည်း ရေထဲသို့ လွင့်စဉ်ကျသွားလေတော့သည်။

လှေကြီးက ရပ်တန့်သွား၏။

လှေဦးထိပ်တွင် ငှာနခွဲမှူးအောင်နှင့် ကျောက်တို့က ပြုံး၍ရပ်နေကြ၏။

ငှာနခွဲမှူးအောင်က....

'သံပေသီးဟာ ရေမကူးတတ်ဘူးဗျ'

ငှာနခွဲမှူးကျောက်က....

'ညအကြ် အယ်လ္ပမှ မရှိတဲ့ နေရာမှာ သူ အသက်ရှင်သန်ဖို့ အခွင့်အရေး မရှိတော့ပါဘူး'

ငှာနခွဲမှူးအောင်က ခေါင်းညိတ်လိုက်ပြီး လှေကိုကမ်းဘက်သို့ ပြန်လှည့်ရန် အမိန့်ပေးလိုက်လေတော့သည်။

....၀....



အချိန် မည်မျှကြာသွားသည် မသိ။

သံပေသီးမှာ သတိရလာ၏။

သူ၏ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေ၏။

'အား....ကျွတ်....ကျွတ်'

သူက တစ်ချက် ညည်းညူရင်း လဲလျောင်းရာမှ ထလိုက်၏။

ထိုအခါ သူသည် အခန်းတစ်ခုအတွင်း ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

သူ့ကိုယ်ပေါ်၌လည်း မူလ အဝတ်အစားများ မဟုတ်တော့ပါ။

သူ့ကိုယ်သူ သတိထားမိလိုက်သလို သူ့ဒဏ်ရာများကိုလည်း ပတ်တီးဖြင့် စည်းနှောင်ပေးထားသည်ကိုတွေ့လိုက်ရ၏။

'ငါ ဘယ်ရောက်နေပါလိမ့်'

သူက ရေရွတ်ရင်း အခန်းကို အကဲခတ်လိုက်၏။

အခန်းကလေးမှာ သန့်ရှင်းသပ်ရပ်၏။

သံပေသီးက သူ ဖြစ်ပျက်ခဲ့သည်များကို စဉ်းစားလိုက်၏။

ငွေဖြူကိုကျွန်းသားများက သူ၏လှေအား တိုက်ချလိုက်ရာ ရေထဲသို့ လွင့်ကျခဲ့၏။

သူက ရေကူးတတ်သောကြောင့် ရေနစ်နေစဉ် လှေပျက်မှ သစ်သားအပိုင်းအစ တစ်ခုကို ဖက်တွယ်မိလိုက်၏။

ထို့နောက်ပိုင်း သူသည် မေ့မြောသွားပြီးနောက်မှ မသိတော့ပေ။

သံပေသီးက သက်ပြင်းချလိုက်၏။

'အင်း....ငါ့ကို တစ်ယောက်ယောက်က ကယ်လာခဲ့သလား၊ ဒါမှမဟုတ် ငွေဖြူဂိုဏ်းကပဲ ဖမ်းထားသလား'

သူက တွေးရင်း ခုတင်ပေါ်မှ ဆင်းလိုက်၏။

အခန်းတံခါးကို ဖွင့်လိုက်ရာ အလွယ်တကူပင် ပွင့်သွားလေသည်။

သံပေသီးက အခန်းထဲမှ ထွက်လာခဲ့၏။

ကိုစဉ် အခန်းတစ်ခုအတွင်းမှ စကားပြောသံ ကြားရသဖြင့် မသိမသာ ချောင်းကြည့်ရာ အလွန်အံ့အားသင့်သွား၏။

သံပေသီးက ထိုအခန်းတွင်းသို့ ဝင်သွားလိုက်လေတော့သည်။

....o....



'ခင်ဗျား သတိရလာပြီကိုး'

သံပေသီးက ခေါင်းညိတ်ရင်း ခုံတွင် ဝင်ထိုင်လိုက်၏။

အခန်းထဲ၌ လူသုံးယောက် ရှိ၏။

ထိုလူများ၏ ပုံသဏ္ဌာန်အရ သိုင်းသမားများ ဖြစ်ကြောင်း သိသာလှပေသည်။

ထိုလူသုံးယောက်မှာ အခြားသူများ မဟုတ်ပါ။

သူ၏ မိတ်ဆွေများ ဖြစ်သည့် ဗျိုင်းဖြူနှင့် ဖွေချိကျုံးတို့ လူစုပင် ဖြစ်ပါသည်။

သံပေသီးက....

'ကျုပ် ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ'

ဟု မေးလိုက်၏။

ဖွေချိကျုံးက....

'ညက ကျုပ်ငယ်သားတွေ ကင်းလှည့်စဉ် ခင်ဗျားတို့ လှေပျက်ပြီး လှေသမားက ခင်ဗျားကို ကယ်လာတာ တွေ့လိုက်ရတယ်၊ ကျုပ်ငယ်သားတစ်ယောက်က ခင်ဗျားကို မှတ်မိတော့ လှေသမားကို ဆုချီးမြှင့်ပြီး ကျုပ်ဆီ ခေါ်လာခဲ့တာပဲ'

သံပေသီးက သက်ပြင်းချလိုက်၏။

လှေသမားက သူ့အား ပစ်မပြေးပဲ ကယ်တင်လာခဲ့သည် မဟုတ်ပါလော။

ဗျိုင်းဖြူက—

'မင်း တိုက်ပွဲဖြစ်ခဲ့သလား၊ မင်းကိုယ်မှာ ဒဏ်ရာတွေ တွေ့တယ်၊ ဘယ်သူနဲ့ တိုက်ခိုက်လာခဲ့တာလဲဗျ'

ဟု မေးလိုက်လေသည်။

သံပေသီးက....

'ငွေဖြူဂိုဏ်းချုပ်နဲ့ဗျ'

ဖေ့ချိုကျုံးက....

'ငွေဖြူဂိုဏ်းချုပ် ဟုတ်လား'

သံပေသီးက—

'ဟုတ်တယ်၊ ကျုပ် နေ့ခက်တော့ ရှင်းပြမယ်၊ လူတို့စခန်းကို အမြန်တိုက်ခိုက်ရအောင် ဒီလူတွေဟာ မှန်ဂိုသစ္စာခံတွေဗျ'

ဖေ့ချိုကျုံးက ချက်ချင်းပင် သူ၏ငယ်သားများကို အသင့်ပြင်ခိုင်းလိုက်၏။

ထို့နောက် သံပေသီး၊ ဗျိုင်းဖြူတို့နှင့်အတူ ထွက်လာခဲ့ကြတော့သည်။

....●....



'တောက်....'

တက်ခေါက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။
သံပေသီး၏မျက်နှာမှာ တင်းမာခက်ထန်နေ၏။
ဌာနချုပ်မှူးအဆောင်၏ဂေဟာမှာ တိတ်ဆိတ်နေ၏။
လူသူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပါချေ။
ဗျိုင်းဖြူနှင့် ဖေ့ချိုကျုံးတို့က အခန်းတွင်းသို့ဝင်လာ၏။
'ဘယ်သူမှမရှိတော့ဘူး၊ အားလုံး ခြေရာဖျောက်သွားကြပြီ'
သံပေသီးက....

'ကျုပ်တို့ နေ့ခက်ကျသွားတာ ရင်နာစရာပဲ'

ဖေ့ချိုကျုံးက—

'ဒီလူတွေက ငွေဖြူဂိုဏ်းက ဟုတ်လား၊ ကျုပ်တော့ ဒီအဖွဲ့ အစည်းအကြောင်း တစ်ခါမှ မကြားဖူးခဲ့ဘူး'

သံပေသီးက....

'ဗျိုင်းဖြူ မင်းကျုပ်ကိုစုံစမ်းခိုင်းတာ မှတ်မိရဲ့လား'

ဗျိုင်းဖြူက....

'မျိုးချစ်သိုင်းသမားတွေကို လျှို့ဝှက် လုပ်ကြံနေတဲ့လူကို စုံစမ်းခိုင်းတာပဲ၊ မှင်းသိပြီလား'

သံပေသီးက....

'အေး....အဲဒီလူတွေဟာ ငွေဖြူဂိုဏ်းကပဲ'

'တောက်....'

ဤတစ်ကြိမ် တက်ခေါက်လိုက်သူမှာ ဗျိုင်းဖြူပင် ဖြစ်ပါသည်။

ဗျိုင်းဖြူက...

'လွှတ်သွားတာ နာတာပဲ'

ဖွေ့ချိုကျုံးက....

'ကျုပ်ကိုလဲ ရှင်းပြပါဦး'

သံပေသီးက အစအဆုံး ပြန်လည် ရှင်းပြလိုက်လေသည်။

ဖွေ့ချိုကျုံးက....

'လက်စသတ်တော့ တရားခံက ဒီအဖွဲ့အစည်းကကိုး'

သံပေသီးက...

'အခု ခြေရာပျောက်သွားပြီ'

ဟု မချိုတင်ကဲ့ ပြောလိုက်၏။

ဖွေ့ချိုကျုံးက....

'မပူပါနဲ့၊ သူတို့အအင်အားများတော့ ခြေရာပျောက်သွားတဲ့ ခရီးကို ရအောင် စုံစမ်းဖော်ထုတ်ပေးမယ်'

သူသည် ချက်ချင်းပင် ပေါ်သားများအား အရပ်လေးမျက်နှာ သို့ စုံစမ်းရန် စေလွှတ်လိုက်လေတော့သည်။

....၁....



မီးရောင်က ယိမ်းနွဲ့နေ၏။

မီးရောင်အောက်တွင် လူတစ်ယောက်က အရက်ထိုင်သောက်နေ၏။

တောင်ခြေရွာကလေးမှ အအေးဓာတ်က ပိုကဲနေ၏။

ထိုလူရွယ်မှာ ဝမ်ကျိုဖြစ်၏။

ဝမ်ကျိုမှာ အရက်သောက်ရင်း တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟန်တူ၏။

ထိုစဉ် ပေါ့ပါးသော ခြေသံထွက်ပေါ်လာ၏။

မကြာမီ အခန်းတွင်းသို့ လူရွယ်တစ်ယောက် ဝင်ရောက်လာ၏။

ထိုလူရွယ်မှာ ဝမ်ပေ့ပင် ဖြစ်ပါသည်။

ဝမ်ပေ့က အခန်းတံခါးကို ပြန်ပိတ်ပြီး ခုံတွင်ဝင်ထိုင်လိုက်သည်။

'အပြင်မှာ အတော်အေးတာပဲ'

ဝမ်ကျိုက....

'ဟုတ်တယ်၊ အခြေအနေ ဘယ်လိုလဲ'

ဝမ်ပေ့က....

'ထီးအဘိုးအိုနေရာ သိခဲ့ပါပြီ'

ဝမ်ကျိုက....

'ဘယ်မှာလဲ'

ဝမ်ပေ့က...

'ထင်းစိန်းတောင်ရဲ့ ဘာတိယတောင်ထိပ်မှာဗျ'

ဝမ်ကျိုက ပြုံးလိုက်၏။

ထင်းစန်းတောင်သည် ကြီးမားကျယ်ပြန့်ပြီး တောင်တန်းတစ်ခုပင် ဖြစ်ပေသည်။

ဝမ်ပေ့မှာ ထင်းစန်းတောင်ပေါ်ရှိ ထီးအဘိုးအို၏သတင်းကို စုံစမ်းခဲ့ရာ ခုနစ်ရက်ကြာမှ သိခဲ့ရခြင်း ဖြစ်ပေသည်။

ဝမ်ပေ့က....

'ကျုပ်တို့ မနက်လင်းတာနဲ့ သွားမယ်၊ သူ့ကိုမြို့စားလျူရှင်စေ့ဆီ ခေါ်သွားရမယ်၊ ရှောင်ကွမ်းရဲ့အဆိုအရ သူဟာအရေးကြီးတဲ့ သက်သေ တစ်ယောက်ဗျ'

ဝမ်ကျို့က....

'ဟုတ်တယ်၊ သူ့ကို အလုံခြုံဆုံးနေရာ ပို့ပေးရမယ်'

ဝမ်ပေ့က ခေါင်းညိတ်လိုက်၏။

ဝမ်ကျို့က....

'မင်းလဲ အတော်ပင်ပန်းခဲ့ပြီပဲ၊ အေးလှတယ်၊ အရက်သောက်လိုက်ပါဦး'

သူက ပြောရင်း အရက်ကိုငှဲ့ပေးလိုက်၏။

ဝမ်ပေ့က အရက်ကိုမော့သောက်လိုက်လေသည်။ အရက်မှာ လည်ချောင်းအတွင်း ပူဆင်းသွား၏။

ဝမ်းထဲရောက်သည်နှင့် မီးစနှင့်ထိုးလိုက်သလို ခံစားလိုက်ရလေသည်။

ဝမ်ပေ့က ထိတ်လန့်သွား၏။

'မင်း... မင်း'

ဝမ်ကျို့က ပြုံးလိုက်၏။

'အဆိပ်ပါတဲ့အရက်ရဲ့အရသာကို မင်းခံစားဖူးပြီပေါ့'



ဝမ်ပေ့က အံကြိတ်လိုက်၏။

'မင်း ဘာကြောင့် ကျုပ်ကိုလုပ်ကြံရတာလဲ'

ဝမ်ကျို့က....

'ထီးအဘိုးအိုက သေရမယ်လေ၊ သူ့ကိုသတ်ဖို့ ရှာဖွေပေးတဲ့အတွက် မင်းကိုကျေးဇူးတင်ပါတယ်'

ဝမ်ပေ့က....

'မင်း...မင်း သစ္စာဖောက်၊ စွန်ရဲ့ရဲ့သူလျှိုပဲပေါ့'

ဝမ်ကျို့က....

'ကျုပ်က စွန်ရဲကိုမသိဘူး၊ ကျုပ်ကိုငွေပေးခိုင်းတဲ့လူရဲ့ အမိန့်အတိုင်း ဆောင်ရွက်တာပါ'

ဝမ်ပေ့က ဒေါသထွက်သွား၏။

ဝမ်ကျို့က....

'အာဏာသားဘဝမှာ ဘယ်လိုချမ်းသာမှာလဲ၊ ကျုပ်က အသုံးအဖြုန်းကြီးတယ်ဗျ'

ဝမ်ပေ့က....

'မင်းက ကျုပ်ကိုသတ်လိုက်ရင် မြို့စားကြီးဆီ ပြန်လို့မရတော့ပါဘူး'

ဝမ်ကျို့က....

'ဘာကြောင့် မရရမှာလဲ၊ ထီးအဘိုးအိုဟာ အဖမ်းခံရမှာကြောက်ပြီး မင်းနဲ့တိုက်ခိုက်ရင်းက မင်းသေဆုံးသွားရသလို ထီးအဘိုးအိုလဲ ကျုပ်ကမတတ်သာဘဲ သတ်လိုက်ရတယ်ပေါ့၊ မင်းမရှိတော့တဲ့အတွက် မြို့စားကြီးရဲ့ လက်ရုံးတစ်ဆူပဲ ရှိတော့မှာပေါ့'

ဝမ်ပေ့မှာ ဝမ်ကျိ၏အောက်ကျယုတ်မာမှုများကို နားလည်သဘောပေါက်သွား၏။

သူသည် ဝမ်ကျိအား မုန်းတီးရွံရှာကြည့်လိုက်၏။ အဆိပ်ကို အတွင်းအားစုစည်းကာ ချက်တိုင်သို့ ပို့လိုက်၏။

ဝမ်ကျိ၏စကားသံ ထွက်ပေါ်လာ၏။

'ဒီအဆိပ်ဟာ ဖြေဆေးလုံးဝမရှိဘူး၊ မင်းကို အခုလို လုပ်ကြံရတာ ကျုပ်တကယ်ပဲ စိတ်မကောင်းပါဘူး'

ဝမ်ပေ့က နာကြည်းစွာပြုံးလိုက်၏။

သူသည် ဝုန်းခနဲ ခုန်ထလိုက်ပြီး ဝမ်ကျိအား တိုက်ခိုက်လိုက်လေသည်။

ဝမ်ကျိက နောက်သို့ လှန်ချလိုက်သည့်အတွက် ဝမ်ပေ့၏ ဓားက စားပွဲခုံကိုသာ ခုတ်ချသွား၏။

'ဝုန်း....'

ဝမ်ပေ့က အံကြိတ်လိုက်ပြီး....

'ကျုပ်သေရရင် မင်းလဲ သေရမယ်'

သူသည် အေးစက်စွာပြောလိုက်ပြီး ဝမ်ကျိထံ ခုန်ဝင်ကာ အရကြမ်း တိုက်ခိုက်လိုက်၏။

ပြင်းထန်စွာတိုက်ခိုက်ခြင်းဖြင့် အဆိပ်များ ခန္ဓာကိုယ်အတွင်း ပို၍ လျင်မြန်စွာ ပျံ့နှံ့သွားနိုင်ကြောင်းကို ဝမ်ပေ့က ကောင်းစွာ နားလည်ထား၏။

သို့သော် သူက သေလူဖြစ်၏။

ဝမ်ကျိနှင့် သူသည် ငါးနှစ်မက လက်တွဲလာခဲ့သူဖြစ်၏၊

ဝမ်ကျိ၏ သိုင်းပညာကို သူ ကောင်းစွာသိ၏။



ဝမ်ကျိသည် သူ့ထက် အနည်းငယ်သာနိမ့်၏။

ထို့ကြောင့် ဝမ်ကျိအား အနိုင်ယူနိုင်ရန် သိပ်မလွယ်ကူပါ။

ပြင်းထန်သော ဓားကွက်များကို အသုံးပြုမှသာ ဖြစ်မည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် သူသည် ခုခံကာကွယ်ခြင်း အလျဉ်းမရှိတဲ့ တိုက်စစ်ကိုသာ အစွမ်းကုန်ဖွင့်၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

သူ၏ဓားချက်တို့သည် မုန်တိုင်းသဖွယ် ပြင်းထန်လှပေသည်။

ဝမ်ကျိမှာ ရင်ထိတ်သွား၏။

သူသည် ဝမ်ပေ့၏ ပြင်းထန်သော ဓားချက်များကို ရင်မဆိုင်ဝံ့ပါ။

ဝမ်ပေ့သည် မကြာခင် သေရတော့မည်ဖြစ်၏။

ထို့ကြောင့် သူက စွန့်စားပြီး တိုက်ခိုက် မနေချင်တော့ပါ။

လှည့်ပတ်ရှောင်တိမ်းရင်း အချိန်ဆွဲရန် ဆုံးဖြတ်လိုက်၏။

ဤသည်ကပင် သူ၏တွက်ဆမှု မှားယွင်းသွားခြင်း ဖြစ်ပေသည်။

ဝမ်ပေ့၏ တိုက်ခိုက်မှုများအောက် ကျရောက်သွားခဲ့ရပေသည်။

ဝမ်ကျိမှာ နောင်တရသွား၏။

သူသည် အလျင်အမြန်ပင် ဝမ်ပေ့၏ တိုက်ခိုက်မှုအောက်မှ ထိုးဖောက်ရန် ကြိုးစားလိုက်၏။

ဝမ်ပေ့က အသက်ကိုပဓာနမထားဘဲ သူသေကိုယ်သေ ဓားကွက်များကြောင့် ဒုက္ခတွေ့သွား၏။

သိုင်းကွက်နှစ်ဆယ်အတွင်း ဝမ်ပေ၏ကိုယ်ပေါ်တွင် ဒဏ်ရာ သုံးချက်ခန့် ရသွားသလို၊ ဝမ်ကျိုမှာလည်း ဒဏ်ရာနှစ်ချက်မျှ ရသွား၏။

ဝမ်ပေမှာ တိုက်ခိုက်ရင်းမှ အားကုန်ခမ်းလာသလို ခံစား လိုက်ရလေသည်။

ခေါင်းတလည်း မူးဝေလာ၏။

ဝမ်ကျိုက အခြေအနေကို ရိပ်စားမိလိုက်ပြီး သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက် အားပျော့နေသော ဝမ်ပေ၏ ဓားချက်ကို ရှောင်တိမ်းကာ ဝမ်ပေ၏ရင်ဝသို့ တစ်ချက် ထိုးသွင်းလိုက်လေ သည်။

ဝမ်ပေမှာ မရှောင်တိမ်းဘဲ ရှေ့ထိုး တိုးဝင်လိုက်၏။

ဝမ်ကျို၏ဓားက သူ၏ဝမ်းဗိုက်သို့ စိုက်ဝင်သွား၏။

ဝမ်ပေက ပြုံးလိုက်ပြီး ရှိသမျှအား စုစည်းကာ ဝမ်ကျို အား ခုတ်ချလိုက်လေသည်။

ဝမ်ကျိုမှာ ထိတ်လန့်သွား၏။

သူက ခုခံရန် ဓားကို ဆွဲထုတ်မရ ဖြစ်နေ၏။

ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း အလွန်နောက်ကျ သွားခဲ့ပြီ ဖြစ်ပါသည်။

ဝမ်ပေ၏ဓားက သူ၏ခန္ဓာကိုယ်အား တည့်မတ်စွာ ခုတ်ချ မိသွားလေသည်။

'အား...'



ဝမ်ကျိုမှာ နာကျင်စွာ အော်ဟစ်ရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ဝမ်ပေက ကျေနပ်စွာ ပြုံးလိုက်သည်။

သူ၏ရင်ထဲမှ ဝေဒနာများက ပို၍ ပြင်းထန်လာ၏။

သို့သော် ...

သူ့မျက်နှာပေါ်မှအပြုံးကို ပျောက်ပျက်သွားအောင်မစွမ်း ဆောင်နိုင်ပါ။

ဝမ်ပေ၏ ခန္ဓာကိုယ်မှာ တဖြည်းဖြည်း ယိမ်းယိုင်သွားပြီး နောက် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေတော့သည်။

အရာအားလုံးသည် ပကတိ ပြန်လည် တိတ်ဆိတ်သွား၏။

လေပြည်လေညင်းတလေးက တိုက်ခတ်လာ၏။

လေထဲတွင်မူ သွေးညှီနံ့က ရောယှက် ပါသွားလေတော့ သည်။

....ဝ....

နယ်စားဂေဟာ....

ယခုနေ့ နယ်စားဂေဟာတွင် အခင်းအကျင်းများ ထူထပ်စွာ ချထားပေသည်။

ယနေ့သည် ချန်ကျန်းနယ်အဖို့ ထူးခြားသော နေ့တစ်နေ့ ဖြစ်ပေသည်။

ယနေ့ ချန်ကျန်းနယ်စားကြီးနှင့် လက်အောက်ခံ မြို့စားများ ဆွေးနွေးနေကြပေသည်။

ညနေခင်းတွင် မြို့စားများ နယ်စားဂေဟာမှ ပြန်ထွက်သွားကြလေသည်။

အားလုံး၏ မျက်နှာတွင် မကျေနပ်ဟန်များရှိနေကြပေသည်။

အစည်းအဝေးခန်းမတွင် နယ်စားကြီး တရားသူကြီးနှင့် တပ်မှူးကြီးတို့သာ ကျန်တော့၏။

ရှောင်ကွမ်းက အရိုအသေပြုပြီး လုံခြုံရေးနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပြဿနာ မပေါ်ကြောင်းအစီရင်ခံလိုက်၏။

တရားသူကြီးက....

'ရှောင်ကွမ်း ညနေ ဒီအမိန့်ကို ထုတ်ပြန်လိုက်ပါ'

ဟု ပြောရင်း အမိန့်စာတစ်စောင်ကို လှမ်းပေးလိုက်၏။

ရှောင်ကွမ်းက လှမ်းယူကာ ဖတ်ကြည့်လိုက်၏။

သူ၏ မျက်လုံးအစုံက ပြူးကျယ်သွား၏။ ထိုအမိန့်စာကို နောက်တစ်ကြိမ် ပြန်ဖတ်ကြည့်လိုက်၏။



နယ်စပ်ရှိ စစ်သည် ရဲမက်များအား မြို့များသို့ ပြန်လာခဲ့ရန် အမိန့်ပင် ဖြစ်ပါသည်။

ရှောင်ကွမ်းက တရားသူကြီးအား ကြည့်လိုက်ပြီး....
'ဒီအတိုင်း ထုတ်ရမယ် ဟုတ်လား'

တရားသူကြီးက....
'ဟုတ်တယ်၊ နယ်စပ်က ရဲမက်တွေသိရင် အလွန်ဝမ်းသာမှာ သေချာတယ်'

တပ်မှူးကြီးက....
'ကျုပ်တော့ သိပ် ဝမ်းမသာချင်ဘူးဗျ၊ စစ်ကို မလိုလားပေမယ့်'

'တော်စမ်း'

နယ်စားကြီး၏ အသံထွက်ပေါ်လာ၏။

တပ်မှူးကြီးက....
'ဌာနအမိန့်အတွက် မြို့စားတွေ မကျေနပ်ဖြစ်သွားကြတာကို နယ်စားကြီး ဂရုပြုသင့်တယ်'

နယ်စားကြီးက—
'ကျုပ်က အားလုံး ငြိမ်းချမ်းအောင် ဆောင်ရွက်ခဲ့တာပဲ၊ ဒီအစီအစဉ်ကို တရားသူကြီးကိုယ်တိုင် ရေးဆွဲခဲ့တယ်၊ ပြီးတော့ မွန်ဂိုတွေနဲ့ ကျုပ် တစ်ပတ်ထဲမှာ တွေ့ဆုံပြီးငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးတော့မှာပဲ၊ တွေးပူစရာ မရှိပါဘူး၊ ရဲမက်တွေ

တာ နောင်တစ်ချိန်မှာပြည်သူတွေနဲ့အတူနယ်မြေတိုးထက်အောင် အလုပ်လုပ်ကြရတော့မယ်'

တပ်မှူးကြီးက ပါးစပ် ပိတ်သွား၏။

ရှောင်ကွမ်းက—

'ဒီအမိန့်ကို ခဏ ရပ်ဆိုင်းထားပါလား'

နယ်စားကြီးက....

'ဘာကြောင့် ရပ်ရမှာလဲ'

ရှောင်ကွမ်းက...

'ငြိမ်းချမ်းရေး စာချုပ် ချုပ်ပြီးမှပဲ ထုတ်ပြန်တာက ပိုပြီး သင့်လျော်မယ် ထင်လို့ပါ'

နယ်စားကြီးက ပြုံးလိုက်၏။

'မင်း စိုးရိမ်တာ သဘာဝကျပါတယ်၊ ပါပေမယ့်ကျုပ်တို့က ဒီအမိန့်ကို အရင် ထုတ်လိုက်တဲ့အတွက် မွန်ဂိုတွေနဲ့ တကယ်ပဲ ငြိမ်းချမ်းရေး လိုတယ်ဆိုတာ ထင်ရှားစေချင်လို့ပါ'

ရှောင်ကွမ်းက သက်ပြင်းချလိုက်၏။

နယ်စားကြီးက....

'ကျုပ်ဟာ သာမန် နယ်သားတစ်ဦးက တက်လာခဲ့တဲ့သူပါ။ စစ်ကို ပြည်သူတွေ ဘယ်လောက် ကြောက်ရွံ့ကြတယ် ဆိုတာ ကျုပ် ကောင်းကောင်း နားလည်တယ်၊ စစ်ရဲ့ အန္တရာယ်တွေကို



တကယ်ခံစားရတာဟာ ပြည်သူတွေပဲ၊ ကျုပ်တို့ရဲ့ပါးစပ်ဖျားက ထွက်လာတဲ့ အမိန့်ရဲ့ အကျိုးဆက်တွေကို ပြည်သူတွေပဲ ခါးစည်းပြီး ခံစားရတယ်'

သူက စကားကို ရပ်လိုက်ပြီးမှ ပြန်ဆက်လိုက်၏။

'ကျုပ်တို့ ချန်ကျန်းဟာ မွန်ဂိုတွေနဲ့ နယ်မြေလို တိုက်ခိုက် နေတယ်၊ စစ်ပွဲကြောင့် မရေတွက် နိုင်တဲ့ ပြည်သူတွေရဲ့ အသက်စွန့်ကိုယ်၊ စည်းစိမ်၊ ဥစ္စာတွေ ဆုံးရှုံးခဲ့ရတယ်၊ ဒါတွေကို ကျုပ် လက်ထက်မှာ ရပ်တန့်ရပ်စေချင်ပြီ၊ ပြည်သူတွေ အေးချမ်း သာယာတဲ့ ဘဝကို ရောက်စေချင်ပြီ၊ ဒီလိုရောက်အောင် 'ကျုပ် အစွမ်းကုန် ကြိုးစားသွားမှာပဲ'

ရှောင်ကွမ်းက နယ်စားကြီး၏ သဘောထားကို နားလည် သွား၏။

နယ်စားကြီး၏ နယ်သူ နယ်သားများအပေါ် ထားရှိသော စေတနာကိုလည်း နားလည် လိုက်မိလေတော့သည်။

—၁—

ရှောင်ကွမ်းမှာ နယ်စား ဂေဟာမှ ထွက်လာခဲ့၏။

ယခုနေ့ ထုတ်ပြန်မည့် အမိန့်အတွက် ရင်လေးနေ၏။

မြို့စားများကလည်း မကျေနပ်ကြကြောင်း သိလိုက်ရသဖြင့် ပို၍ စိုးရိမ် ပူပန်မိ၏။

နယ်စားကြီးသည် ခေါင်းမာသူ ဖြစ်၏။

သူ၏ ဆုံးဖြတ်ချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်တတ်သူ ဖြစ်၏။

ရှောင်ကွမ်းမှာ နယ်စားကြီး၏ ပြတ်သားသော စိတ်ဓာတ်များကြောင့် အလွန် ကြည်ညိုမိသည်မှာ အမှန်ပင် ဖြစ်၏။

ယခုလည်း နယ်စားကြီးအတွက် အန္တရာယ်များ ပို၍ရှိလာပြီဟု ခံစားလိုက်ရလေသည်။

သူသည် နယ်စားကြီး၏ လုံခြုံရေးကို တာဝန် ယူထားရသူ ဖြစ်၏။

နယ်စားကြီးပေါ် ကျရောက်လာမည့် အန္တရာယ် မှန်သမျှကို အစွမ်းကုန် ကာကွယ်ရမည်မှာ သူ့တာဝန်ပင်။

သူ၏ တာဝန်များ ပို၍ ကြီးလာသည်ဟု ခံစားရ၏။

နောက် ခုနစ်ရက် ဆိုလျှင် နယ်စားကြီး ခရီး ထွက်တော့မည် ဖြစ်၏။

မှန်ကိုများနှင့် ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုရန် ချိန်းဆိုထားသည် မဟုတ်ပါလား ...

ရှောင်ကွမ်းက တွေးရင်း လျှောက်လာရာ ၊ သူ၏ ရုံးခန်းသို့ပင် ရောက်မှန်းမသိ ရောက်ရှိလာ၏။



အခန်းတွင်း လှမ်းဝင်လိုက်သော သူ၏ ခြေထောက်များတုံ့ဆိုင်းသွား၏။

အခန်းတွင်း၌ မြို့စားလေးဦးကို တွေ့လိုက်ရသောကြောင့်ပင်ဖြစ်ပါသည်။

ရှောင်ကွမ်းက ဦးညွတ်လိုက်၏။

ချန်ကျန်းနယ်စား လက်အောက်တွင် မြို့စားပေါင်း ကိုးယောက်ရှိ၏။

ထိုအထဲ၌ ယခုရှိနေသော မြို့စားလေးယောက်၏ နယ်မြေများက ကြီးမားပြီး တန်ခိုး အာဏာလဲ ရှိကြသူများပင် ဖြစ်၏။

ထိုလေးယောက်ထဲမှ အသက်အငယ်ဆုံးဖြစ်သော ဟစား လျူရင်စွေ့က အထက်မြက်ဆုံးပင် ဖြစ်ပါသည်။

မြို့စား လျူရင်စွေ့သည် တစ်နေ့တွင် ချန်ကျန်းနယ်စား ဖြစ်လာနိုင်သည်ဟု အားလုံးကယူဆထားသူလည်း ဖြစ်ပါသည်။

ရှောင်ကွမ်းက...,

'မြို့စားကြီးတို့ပါလား၊ ဘာကိစ္စများ ရှိလို့လဲ'

လျူရင်စွေ့က....

'မင်း ဒီကနေ့ နယ်စားကြီးရဲ့အမိန့်ကို ထုတ်ပြန်မှာလား'

ရှောင်ကွမ်းက သက်ပြင်းချရင်း ခေါင်းကို အသာညိတ်လိုက်လေသည်။

လျှုရှင်စွေ့က...

'နယ်စားကြီးက ဒီလို မပြုသင့်ဘူး၊ မွန်ဂိုတွေကို အလျှော့ပေး ဆက်ဆံရင် ကျုပ်တို့နယ်ဟာ မွန်ဂိုလက်အောက် ကျရောက်သွားမယ်'

ရှောင်ကွမ်းက ပါးစပ်ပိတ်ထား၏။

လျှုရှင်စွေ့က....

'ဒီအမိန့်ကို မထုတ်လို့ မရဘူးလား'

ရှောင်ကွမ်းက...

'နယ်စားကြီးအမိန့်ကို ကျုပ် ဘယ်လို ဆန့်ကျင်နိုင်မှာလဲ'

လျှုရှင်စွေ့က သက်ပြင်းချလိုက်၏။

'ဟုတ်တယ်၊ ကျုပ်တို့တောင် ဆန့်ကျင့်ဖို့ မတတ်နိုင်ခဲ့တာပဲ၊ ဒါပေမယ့် ကျုပ်တို့ တစ်နည်းနည်းတော့ နယ်မြေကာကွယ်ရေးအတွက် ဆောင်ရွက်သင့်တယ်၊ ဘယ်လိုလုပ်ကြမလဲ'

ရှောင်ကွမ်းက....

'ကျုပ်လဲ ရဲမက်တွေ ရုပ်သိမ်းတာကို မနှစ်သက်ပါဘူး၊ ဒါဟာ တရားသူကြီးရဲ့ အကြံဉာဏ်ဖြစ်မယ်လို့ ထင်တယ်၊ သူက စစ်ကို အမြဲမုန်းတီးနေတဲ့လူ၊ စစ်တိုက်ရမှာ အလွန် သွေးကြောင်တဲ့ လူတစ်ဦးပဲ'

လျှုရှင်စွေ့က အံကြိတ်လိုက်၏။



'ကျုပ်တို့ကလဲ သွေးဆာနေတဲ့လူတွေ မဟုတ်ပါဘူး၊ စစ်ရဲ့ အနိဋ္ဌာရုံကို နားလည်ပါတယ်၊ ဒါပေမယ့် နယ်မြေဒေသအာကွယ်ရေးအတွက်တော့ ကျူးကျော်လာသူတွေကိုတိုက်ခိုက်ရမှာပဲ'

ရှောင်ကွမ်းက....

'နည်းလမ်းတစ်ခုတော့ ရှိတယ်'

လျှုရှင်စွေ့က...

'ဘယ်လိုနည်းလမ်းမျိုးလဲ'

ရှောင်ကွမ်းက....

'ကိုယ့်ရဲ့ နယ်မြေထဲမှာ ရဲမက်မတွေကို စုစည်းအသင့်ပြင်ထားဖို့ပဲ၊ ဒါမှ မွန်ဂိုတွေ ခြေလှမ်း ပျက်လာရင် အမြန်ဆုံး ခုခံနိုင်မယ်'

လျှုရှင်စွေ့က....

'မွန်ဂိုတွေဟာ ကတိတည်မည်ထင်သလား၊ သူတို့ ကျုပ်တို့ နယ်မြေကို ဟိုးရှေးမဆွကတည်းက လိုချင်နေကြတာပဲ'

မြို့စားတစ်ဦးက....

'ဒီလို လုပ်ရင်ကော'

လျှုရှင်စွေ့က....

'ပြောပါ'

မြို့စားက....

'နယ်စပ်က တပ်မှူးကို အမိန့်ထုတ်ချင်းနဲ့ ဆုတ်ခွာဖို့ ပြင်ဆင်ချိန်ကို အေးအေးဆေးဆေး ဆောင်ရွက်ခိုင်းပါ၊ မွန်ဂို ငြိမ်းချမ်း

ရေး စာချုပ်ပြီးမှသာ ဆုတ်ခွာခိုင်းလိုက်ရင် အားလုံး ကောင်းပါလိမ့်မယ်'

ရွှေခင်ကွမ်းက....

'ဒါဟာ အသင့်မြတ်ဆုံးပဲ၊ ကျုပ် ဆောင်ရွက်လိုက်ပါ့မယ်'

လျှုရှင်စွေ့က သက်ပြင်းချလိုက်၏။

'နယ်စားကြီးရဲ့ဆုံးဖြတ်ချက်ကအမှုနားယှဉ်းတဲ့အကျိုးဆက်တွေ မပေါ်လာပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပေါ့ဗျာ'

ရွှေခင်ကွမ်းက....

'နယ်စားကြီးဟာ အမြော်အမြင်ရှိတဲ့လူတစ်ယောက်ပါ'

လျှုရှင်စွေ့က....

'ကျုပ် နယ်စားကြီးကို အမြဲတမ်း လေးစားရှိသေပါတယ်၊ သူနဲ့ကျုပ် တစ်ခြားပြဿနာမရှိပါဘူး၊ သူက မွန်ဂိုတွေကို လိုက်လျောဆက်ဆံတာတစ်ခုပဲ ကျုပ်တို့နဲ့ ဆန္ဒချင်း ကွာဟနေတာပါ၊ အဲပဲပြောပြော သူဟာ ခေါင်းဆောင်ကောင်းတစ်ဦးဆိုတာ မငြင်းလိုပါဘူး'

ရွှေခင်ကွမ်းမှာ မြို့စားကြီး လျှုရှင်စွေ့၏စကားအား ကြားရ၍ စိတ်သက်သာရာရသွား၏။

လျှုရှင်စွေ့က ဆက်ပြောလိုက်၏။

'ကျုပ်ဟာ အင်အားတောင့်တင်းတဲ့ မြို့စားတစ်ဦး ဖြစ်ပေမယ့် နယ်စားကြီးကို ဘယ်တော့မှ ပုန်ကန်အာဏာလုဖို့မစဉ်းစားခဲ့ပါဘူး၊ နောင်လဲ စဉ်းစားမှာမဟုတ်ပါဘူး'



ရွှေခင်ကွမ်းက—

'ကျေးဇူးတင်ပါတယ်မြို့စားကြီး၊ ကျုပ်အမိန့်ထုတ်ဖို့ ဆောင်ရွက်လိုက်ပါဦးမယ်'

လျှုရှင်စွေ့က...

'ကောင်းပြီ၊ ကျုပ်တို့လဲ ပြန်တော့မယ်'

....o....

တပ်ရုပ်သိမ်းရန်အမိန့်သည် နယ်စပ်ရှိ တပ်မှူးကြီးတစ်ဦးထံသို့ လျင်မြန်စွာ ရောက်ရှိသွား၏။

'ဟာ....ဘယ်လိုလုပ်လိုက်တာလဲ'

သူသည် အမိန့်စာအား တစ်ခေါက်ပြန်ဖတ်လိုက်၏။

ယနေ့နံနက်တွင်ပင် နယ်စပ်ဘက်သို့ မွန်ဂိုစစ်သည်များဦးတည်လာနေကြောင်း ထောက်လှမ်းသိရှိထား၏။

ယခုအခြေအနေမျိုးတွင် တပ်ရုပ်သိမ်းရမည်မှာ လွန်စွာမိုက်မဲသော လုပ်ရပ်ပင် ဖြစ်သည်။

သူက မည်သို့ဆောင်ရွက်ရမည်ကို ဖော်ပြလိုက်၏။

နယ်စားကြီး၏အမိန့်ကို ငြင်းဆန်လျှင် ပုန်ကန်မှုပင်ဖြစ်၏၊ သူ့အတွက် ဖြစ်ဒဏ်သည် သေဒဏ်မှလွဲ၍ အခြားမရှိပါ။

တပ်ဆုတ်ခွာစဉ် မှန်ကိုတပ်များ ဝင်ရောက်တိုက်ခိုက်လာပါက သူ၏စစ်သည်များ လွန်စွာဆုံးရှုံးရမည်ဖြစ်၏။

တပ်မှူးက အံကိုတင်းတင်းကြိတ်လိုက်သည်။

ပုန်ကန်မှုအတွက် ပေးသောပြစ်ဒဏ်ကိုသာ ခံရန် စဉ်းစားလိုက်လေသည်။

သူ ကျိစခန်းမှ တစ်လက်မမျှမဆုတ်နိုင်ပါ။

ထိုစဉ် ချန်ကျွန်းမြို့တော်မှ စာတစ်စောင် ရောက်ရှိလာပြန်သည်။

ရှောင်ကွမ်းထံမှစာပင်ဖြစ်၏။

စာကိုဖတ်ပြီးမှ သူက အခြေအနေကို နားလည်သွား၏။

သူသည် ပုန်ကန်ရန် မလိုအပ်ပါ။

အလွန်ခန့်ကျူးစွာ ဆောင်ရွက်ရန်သာရှိတော့သည် မဟုတ်ပါလား။

တပ်ရုပ်ရန်အမိန့်ကို လိပ်ထက်နှေးသောနှုန်းဖြင့် ထပ်ဆင့်ဖြန့်ဝေရန် ဆုံးဖြတ်လိုက်၏။

အင်းစခန်း အားလုံးကို အမိန့်စာရောက်ရှိရန်အတွက် ရက်နှစ်ဆယ်ခန့် အချိန်ယူရမည်။



တစ်ဖန် စတင်ထွက်ခွာရန် အမိန့်ကို တစ်လခန့် ယူမည်။ ထိုအတောအတွင်း ဆုတ်မိန့်ပျက်ပြယ်ရန် ရှောင်ကွမ်းတို့အကြိုးစားလိမ့်မည်ဟု သူက ယုံကြည်မိလေတော့သည်။

...၆...

နယ်စားဂေဟာနှင့် တစ်တန်းတည်း အဆောက်အအုံများ ရှိနေ၏။

တပ်မှူးဂေဟာ၊ တရားသူကြီးဂေဟာ၊ တရားရုံးနှင့် သူဌေးသူကြွယ်များ၏နေအိမ်များ ဖြစ်၏။

နယ်စားဂေဟာနှင့် တပ်မှူးဂေဟာကြားတွင် သီးခြားအဆောက်အအုံလေးတစ်ခု ရှိပေသည်။

ထိုနေရာသည် တားမြစ်နယ်မြေဖြစ်၏။

မည်သူမျှ ဝင်ခွင့်မရှိပါ။

ရဲမက်နှစ်ဆယ်ခန့်မှာ ထိုအဆောင်ရှေ့ရှိ အုတ်တံတိုင်းပတ်လည်တွင် စောင့်ကြပ်နေကြ၏။

ထိုအဆောင်သည် နယ်စားကြီး အဆက်ဆက်တာ ကိုးကွယ်ခဲ့သော ဗုဒ္ဓကျောင်းဆောင်ပင် ဖြစ်ပါသည်။

ယနေ့ညအဖို့ ထိုအဆောင်အတွင်း၌ လူနှစ်ယောက်ရှိနေ၏။ ထိုလူနှစ်ဦးမှာ ရွှေရောင်တော်စုံ ရှင်နှင့် စင့်ဖြူကိုကျော်းချုပ်တို့ပင် ဖြစ်ပါသည်။

သူတို့သည် အချိန်အတန်ကြာ ဆွေးနွေးတိုင်ပင်နေကြ၏။ ထို့နောက် အသီးသီး အဆောင်အလေးအတွင်းမှ ထွက်ခွာသွားကြ၏။

သူတို့၏လှုပ်ရှားမှုမှာ မြန်ဆန်သည့်အပြင် စောင်းသမားများ၏ အနေအထားကိုပါ သိရှိနေသောကြောင့် မည်သူမျှမသိဘဲ ပြန်လည် ထွက်ခွာသွားနိုင်ကြပေသည်။

—၁....



မြင်းခွာသံများက ဆူညံစွာ ထွက်ပေါ်နေ၏။

နေရောင်တွင် ရောင်စုံအလံများမှာ တလူလူလွင့်နေ၏၊ မွန်ဂိုစစ်သည်များပင် ဖြစ်၏။

အဆင်အား သုံးထောင်ခန့်မျှရှိသော မွန်ဂိုစစ်သည်များသည် လွင်ပြင်ကျယ်အတွင်း စခန်းချနေ၏။

ရွက်ထည်တဲများမှာ မျက်စေ့တဆုံး မြင်နေရပေသည်။ လွင်ပြင်တစ်ဘက်တွင် တောင်တန်းတစ်ခုရှိ၏။

ထိုတောင်တန်းသည် တရုတ် မွန်ဂိုနယ်စပ်ပင်ဖြစ်၏။ မွန်ဂိုတပ်မှူးကြီးသည် မြင်းဖြူကိုစီးရင်း ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုနေသည်။

သူသည် ဤခရီးကို ကျွမ်းကျင်ပေသည်။

သူသည် ဤတောင်တန်းကို ကျော်ဖြတ်ကာ ဟန်လူမျိုးများနှင့် တိုက်ပွဲများစွာ ဆင်နွှဲခဲ့ဖူး၏။

ဟန်လူမျိုးတို့၏ မဆုတ်မနစ် စွန့်စားဝံ့သောသတ္တိကို သူ ချီးကျူးမိ၏။

သူ ရဲမက်ဘ၀မှာနှစ်ကြိမ်၊ တပ်မှူးဘ၀တွင်တစ်ကြိမ် တိုက်ပွဲတွင် ပါဝင်ခဲ့ရ၏။

တစ်ကြိမ်မျှ မအောင်မြင်ခဲ့ပါ။

အသေအလဲ ခုခံတာကွယ်ကြသော ဟန်လူမျိုးစစ်သည် ရဲမက်တို့ကို မကျော်လွှားနိုင်ခဲ့ပါ။

ယနေ့ သူမှာမွန်ဂိုစစ်သည်များကို ဦးဆောင်ရသော တပ်မှူးကြီးဘ ထို့ ရောက်လာခဲ့ပြီ ဖြစ်၏။

ဤအချိန်ကြိမ်တွင် သူ့အဟန်လူမျိုးတို့အား အနိုင်ယူရပေတော့မည်။

ဟန်လူမျိုးတို့ သူ၏လက်အောက်သို့ ကျရောက်ရပေတော့မည်။

မခေါ်လှသော အနာဂတ်ကိုတွေးကာ ကြည်နူးမိ၏။ မည်သူမျှ မအောင်မြင်ခဲ့သော စစ်ပွဲများကို သူကအောင်မြင်စွာ တိုက်ခိုက်နိုင်တော့မည် ဖြစ်၏။

သူသည် တွေးရင်း စစ်သေနင်္ဂစစ်မာန်များ တက်ကြွလာလေသည်။

သူ့ထံ စစ်ချီရန် အမိန့်အမြန်ဆုံး ရောက်ရှိလာရန်လည်း ဆုတောင်းနေမိတော့သည်။

သူ ဤနေရာတွင် နောက်ထပ်ခုနစ်ရက်ပင်၊ နေရတော့မည် မဟုတ်ဟုလည်း တွေးမိနေမိလေတော့သည်။

....၀....



'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံ ထွက်ပေါ်လာ၏။

မြင်းတစ်စီးက အဆောက်အအုံရှေ့တွင် တုန့်ခနဲ ရပ်တန့်သွား၏။

မြင်းစီးသမားက လွှားခနဲခုန်ဆင်းကာ အဆောက်အအုံအတွင်း ပြေးဝင်လာလေသည်။

အခန်းတွင်း၌ ဗျိုင်းဖြူ၊ သံပေသီးနှင့် ဖွေချိကျုံးတို့ ရှိနေကြ၏။

ဖွေချိကျုံးက....

'ဘာထူးခြားသလဲ'

မြင်းစီးသမားက....

'ဟောင်ဘုက်လမ်းအတိုင်း မြင်းလှည်းတန်းတစ်ခု သွားနေတာ တွေ့ရပါတယ်၊ သူတို့ဟာ အာမခံငွေနဲ့ယောင် ဆောင်ထားတာ သေချာတယ်'

အားလုံးက ထရပ်လိုက်ကြ၏။

သံပေသီးက သူ၏ညာလက်သီးအား ဘယ်ဘက်ဝါးပြင်သို့ ထိုးချလိုက်လေသည်။

'ကောင်း'

'တွေ့ကြသေးတာပေါ့၊ ဒီတစ်ကြိမ်တော့ မင်းတို့မလွတ်တော့ပါဘူး'

ဗျိုင်းဖြူက ပြန်မေးလိုက်၏။

'တောင်ဘက်လမ်းအတိုင်း ဟုတ်လား'

မြင်းစီးသမားက....

'ဟုတ်ပါတယ်'

ဗျိုင်းဖြူက မျက်မှောင်ကြုတ်သွား၏။

'တောင်ဘက် လမ်းအတိုင်းဆိုတော့ ချန်ကျန်းမြို့တော်ကို ဦးတည်နေသလိုပါလား'

သံပေသီးကလည်း သတိပြုမိသွား၏။

'ဟုတ်တယ်၊ သူတို့ဌာနချုပ်ဟာ ချန်ကျန်းမြို့တော်မှာပဲ ရှိနေသလား'

ဖွေချီကျုံးက....

'သူတို့ကို ဖမ်းပြီးမှပဲ မေးကြည့်တော့မယ်ဗျာ'

သူသည် အဆောက်အအုံအတွင်းမှ ခြေလှမ်းကျဲကျဲနှင့် ထွက်သွား၏။ သူ၏ငယ်သားများကို ခရီးထွက်ရန် အသင့်ပြင်ခိုင်းလိုက်၏။

ဖွေချီကျုံး၏ ငယ်သားများသည် သိုင်းသမားများဖြစ်ကြသော်လည်း ဖွေချီကျုံး၏စနစ်ကျနသော သွန်သင်ပြသမှုကြောင့် အလွန်စည်းကမ်းသေဝပ်သော မြင်းစီးတပ်ဖွဲ့ အလားမင် ရှိနေသည်။



ဖွေချီကျုံးက....

'ရန်သူကို အလစ်အငိုက်တိုက်နိုင်မှ ကျုပ်တို့တွေ သေဆုံးမှု နည်းပါးမယ်၊ အားလုံးစည်းကမ်းရှိပါ၊ ကျုပ်အမိန့်မရဘဲ မလှုပ်ရှားပါနဲ့'

သံပေသီးက ချီးကျူးလိုက်၏။

'ခင်ဗျား၏ ငယ်သားတွေဟာ တစ်ချိန်က ကျော်ကြားခဲ့တဲ့ ဘုရင် မြင်းသည်တော်တွေလိုပါပဲလား'

ဖွေချီကျုံးက သက်ပြင်းချလိုက်၏။

ခေတ်ကောင်းစဉ် ကာလ...

နေပြည်တော် အာဏာရှိစဉ်ကာလအခါက ကျော်ကြားခဲ့သော ဘုရင် မြင်းသည်တော် တပ်ဖွဲ့ကို ပြန်မြင်ယောင်လာ၏။

ဘုရင့်မြင်းသည်တော် တပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်ရန် မလွယ်ကူပါ။

သိုင်းပညာ ထက်မြက်ရုံမဟုတ် လက်နက်မျိုးစုံပါ အသုံးပြုတတ်ရမည် ဖြစ်သည်။

မြင်းရေး အမျိုးမျိုးလည်း ကျွမ်းကျင်ရမည်။

စစ်ရေးဗျူဟာများကိုလည်း သဘောပေါက်ရမည်။
သေးကြောင်ခြင်း အလျဉ်းမရှိစေရ။
ရဲရဲတောက် ဒေါင်ဒေါင်မြည်များ ဖြစ်ကြ၏။

ဘုရင် မြင်းသည်တော် တပ်ဖွဲ့ဝင်ဦးရေ တစ်ရာတိတိသာ ရှိ၏။

သို့သော် ထိုတစ်ရာသော မြင်းသည်တော်တို့၏ အစွမ်းအားသာမန် ရဲမက်တစ်သောင်းထက်ပင် ပိုသည်ဟု ပြောက လွန်မည်မထင်ပါ။

လူတိုင်း ချီးကျူးကြသည်သာ ဖြစ်၏။

ဖေ့ချီကျုံးသည် တစ်ချိန်က ကျော်ကြားခဲ့သော မြင်းသည်တော်ကောင်း တစ်ဦးပင် ဖြစ်ပါသည်။

ဘုရင့်နန်းတွင်း အာဏာလုမှုများ...

အမတ်များ၏ ညှိဖျင်းမှုများကြောင့် အုပ်ချုပ်ရေးများဖရိုဖရဲ ဖြစ်လာခဲ့ပေသည်။

ထိုအချိန်တွင် နတ်သားများက အုပ်ချုပ်ရေးကို ဝင်စွက်ရင်းတန်ခိုးအာဏာ ကြီးထွားလာ၏။

ကိုယ့်နယ် ကိုယ် ကြီးစိုးရင်းက နေပြည်တော်၏ အာဏာမှာတစ်စထက်တစ်စ မှေးမှိန်ခဲ့၏။

ငွေကြေးဆုလာဘ်များနှင့် စည်းရုံး သိမ်းသွင်းမှုများကြောင့်ဘုရင်မြင်းသည်တော် တပ်ဖွဲ့ဝင်များက ကိုယ်နှစ်သက်ရာနယ်စားမြို့စားများထံ ခိုလှုံရင်း မြင်းသည်တော်တပ်ဖွဲ့မှာ ပြိုကွဲသွားခဲ့ပေသည်။



ဖေ့ချီကျုံးမှာမူ မည်သည့်လက်အောက်မှ သစ္စာမခံပါ။

သူသည် ဘုရင့်အာဏာကိုသာ အလေးထား၏။

မြင်းသည်တော်တပ်ဖွဲ့ ပြိုကွဲသောအခါ မျိုးချစ်သိုင်းသမားလူငယ်များကို စုစည်းပြီး မြင်းသည်တော်များအဖြစ် လေ့ကျင့်ပေး၏။

ထို့နောက် တတ်စွမ်းသမျှ နိုင်ငံအတွက် ဆောင်ရွက်ခဲ့ပေသည်။

ယခုလည်း ဖေ့ချီကျုံးသည် သူ၏ ယော်သားများ ရှေ့မှဦးဆောင်ကာ ငွေဖြူဂိုဏ်းသားများအား တိုက်ခိုက်ရန် ထွက်ခွာသွားလေတော့သည်။

....ပ....

နေက ပူပြင်းနေ၏။

နေရောင်ခြည်အောက်ဝယ် ရွှေရောင်အလံတစ်ခုက ဝင့်လက်နေ၏။

ရွှေရောင်အဆင်းပေါ်ဝယ် နဂါးအာမခံဌာနဟူ ရေးသား ထား၏။

နေရောင်အောက်၌ မြင်းလှည်းတန်း တစ်စုက ခရီးဆက်နေ၏။

ဖုန်လုံးများက မြင်းလှည်းတန်းနောက်တွင် တလိပ်လိပ်တက်နေလေသည်။

စုစုပေါင်း မြင်းလှည်း ခုနစ်စီး....။

မြင်းလှည်းများ နံဘေးတွင် အာမခံဌာနသားနှစ်ဆယ်ခန့်က လိုက်ပါလာကြလေသည်။

မြင်းလှည်း ခုနစ်စီးအနက် အလယ်မှ မြင်းလှည်းက ကြီးမားသလို မြင်းလေးကောင် ဆွဲသဖြင့် ထူးခြားနေပေသည်။

ထိုမြင်းလှည်းမျိုးသည် ရှားပါး၏။

အကြောင်းမှာ ငွေကြေးတတ်နိုင်သူများကသာ ခရီးဝေးအတွက် အသုံးပြုရန် ဆောက်လုပ်ကြခြင်း ဖြစ်၏။

မြင်းလှည်းအိမ် ကြီးမားသလို အထဲ၌ အိပ်ရန် ခုတင်အပြင် စားပွဲ၊ ဗီရိုများ တင်ထားသည် မဟုတ်ပါလား။

ယခုလည်း မြင်းလှည်းအတွင်း၌ လူနှစ်ယောက်က ထိုင်လျက် အရက်သောက်နေကြ၏။

နှစ်ဦးစလုံးသည် သူဌေးသူကြွယ်များ ဖြစ်ဟန်တူ၏။

အဖိုးတန်ဝတ်စုံများ ဝတ်ဆင်ထားပေသည်။

သေချာစွာကြည့်မှ ထိုလူနှစ်ဦးသည် ဌာနခွဲမှူး အောင်နှင့် ဌာနခွဲမှူးကျောက်တို့ ဖြစ်ကြောင်း သိလိုက်ရပေသည်။



ဌာနခွဲမှူးအောင်က....

'ကျုပ်တို့ ဌာနချုပ်မှာ ပြန်စုစည်းထားရမယ် ဟုတ်တယ်လား'

ဌာနခွဲမှူး ကျောက်က....

'ဟုတ်တယ်၊ အဓိက သံပေသီးသေဖို့ပဲ၊ သံပေသီး သေသွားတာနဲ့ ဘာမှ မလှုပ်ရှားဘဲ ဂိုဏ်းသားအားလုံး ဌာနချုပ်မှာ စုစည်းထားရမယ်တဲ့'

ဌာနခွဲမှူး အောင်က....

'ကောင်းပါဗျာ၊ ခင်ဗျားတော့ သံပေသီးကိုရှင်းနိုင်တဲ့အတွက် ဆုလာဘ်ရဦးမှာ သေချာတယ်'

ဌာနခွဲမှူး ကျောက်က....

'ကျုပ်တစ်ယောက်တည်းကြောင့် မဟုတ်ပါဘူး၊ ခင်ဗျားလဲ ပူးပေါင်းကူညီလို့ပါ၊ ဆုလာဘ်ရရင် တစ်ဝက်ခွဲပေးဖို့ကျုပ်က စိတ်ကူးပြီးသားဗျ'

ဌာနခွဲမှူးအောင်က သဘောကျစွာ ရယ်မောလိုက်၏။

ဌာနခွဲမှူး ကျောက်က....

'သံပေသီးက မြစ်ထဲမှာသေသွားတဲ့အတွက် သူသေသွားမှန်း ဘယ်သူမှ သိလိုက်မယ် မထင်ပါဘူးဗျာ'

ဌာနခွဲမှူး အောင်က —

'ဒါလဲ တစ်မျိုးကောင်းတယ်ဗျ၊ သံပေသီးလုပ်ကြံခံရတဲ့ သတင်းကြားရင် မျိုးချစ်သိုင်းသမားတွေ လှုပ်လှုပ်ရှားရှားဖြစ်ကုန်မှာ သေချာတယ်'

ဌာနခွဲမှူး ကျောက်က....

'သံပေသီးလို နာမည်ကျော် လုပ်ကြံခံရတာဆိုရင် အားလုံး ထိတ်လန့်သွားမယ်ဗျ၊ ကျုပ်တို့ကို တော်ရုံနဲ့ စုံစမ်းဝံ့ ရင်ဆိုင်ဝံ့တော့မှာ မဟုတ်ဘူး'

ဌာနခွဲမှူး အောင်က....

'ဟုတ်တယ်၊ ဗျိုင်းဖြူ တစ်ယောက်လဲ ရှင်းဖို့ကျန်သေးတယ်'

ဌာနခွဲမှူး ကျောက်က....

'ဒီနယ်မှာ သံပေသီး၊ ဗျိုင်းဖြူ၊ ဖွေချီကျုံးနဲ့ နေမင်းရာဇာသိုင်းသမားလေးယောက်သာ မရှိတော့ရင် မျိုးချစ်သိုင်းသမားတွေ ပြိုကွဲသွားမှာ သေချာတယ်ဗျ'

သူတို့က အရက်သောက်ရင်း စကားကောင်းနေကြလေသည်။

ထိုစဉ် စူးရှသော ခရာသံ ထွက်ပေါ်လာလေသည်။

'ရှီ ....

မြင်းလှည်းတန်းမှာ တုံ့ခနဲ ရပ်သွား၏။

ဌာနခွဲမှူး ကျောက်က....

'ဘာဖြစ်တာလဲ'

ဌာနခွဲမှူး အောင်က ပခုံးတွန့်ပြလိုက်၏။

'မသိဘူး'

ထိုစဉ် သူတို့မြင်းလှည်းဆီသို့ မြင်းစီးသမားတစ်ဦး ရောက်လာလေသည်။



'ဌာနခွဲမှူး၊ ရှေ့မှာ လမ်းကို ကျောက်တုံးတွေနဲ့ ပိတ်ဆို့ထားလို့ပါ၊ ရှင်းအောင်းဖို့ တစ်ဖွဲ့လွှတ်လိုက်ပါပြီ'

ဌာနခွဲမှူး အောင်က....

'ကောင်းပြီ၊ ရန်သူကို ရှာဖွေ၊ အလစ်မပေးနဲ့'

'ဟုတ်ကဲ့'

မြင်းစီးသမားက ချက်ချင်း ရှေ့သို့ထွက်ခွာသွား၏။

မြင်းစီးသမား ဆယ့်ခြောက်ဦးက မြင်းလှည်းများကို ဝိုင်းပတ်ကာ အစောင့်အကြပ်ပြုလိုက်ကြ၏။

မြင်းစီးသမား သုံးဦးက ကျောက်တုံးများဖယ်နေစဉ် ကျန်တစ်ဦးက ပတ်ဝန်းကျင်သို့ စူးစမ်းရှာဖွေနေ၏။

မြင်းလှည်းတွင်းမှ ငွေဖြူဂိုဏ်းသား အချို့ကလည်း ထွက်လာပြီး ပတ်ဝန်းကျင်ကို သတိနှင့်ရှာဖွေလိုက်ကြ၏။

မည်သည့်ရန်သူကိုမျှ မတွေ့ပါချေ။

မြင်းစီးသမားခေါင်းဆောင်က ဌာနခွဲမှူးအောင်ထံ ပြန်လာကာ သတင်းပို့လိုက်၏။

'ကျောက်တုံးများဖယ်ရှားပြီးပါပြီ၊ ရန်သူ မတွေ့ပါဘူး၊ အခုပဲ ခရီးပြန်ထွက်ပါမယ်'

သူသည် မြင်းစီးသမားနှစ်ဦးနှင့်အတူ ရှေ့ဆုံးမှ စတင်ထွက်ခွာ သွားလေသည်။

ထိုသုံးဦးသွားပြီး အတန်ကြာမှ မြင်းလှည်းတန်းက လိုက်ပါသွားလေတော့သည်။

ဌာနခွဲမှူးအောင်က...

'ရန်သူ ရောက်လာသလားလို့'

ဌာနခွဲမှူး ကျောက်စာ....

'ကျုပ်တို့သတင်းကို ဘယ်ရန်သူမှ မရနိုင်ပါဘူးဗျာ၊ ဘာမှ ပူမနေပါနဲ့၊ ရန်သူ ရောက်လာရင်လဲ ကျုပ်တို့အင်အား များတာပဲ၊ ချေမှုန်းလိုက်ရုံပေါ့'

ဌာနခွဲမှူး အောင့်က ရယ်မောလိုက်၏။

'ဟုတ်တယ်၊ ရန်သူရောက်လာရင်လဲ ချေမှုန်း လိုက်ရုံပေါ့ဗျာ'

— ပ —

မြင်းစီးသမားများတာ ရှေ့သို့ ဆက်လက် ထွက်လာ၏။

လမ်းမအား ကျောက်တုံးများနှင့် ပိတ်ဆို့ထားစဉ်က ရန်သူနှင့် တွေ့ဆုံပြီဟု ထင်ခဲ့၏။

အားလုံး ဝတ်နှင့် နေရိုက် ကြ၏။



မည်သည့် ရန်သူမျှ မတွေ့ရပါ။

ထိုအခါ တစ်လမ်းလုံး သတိထားခဲ့သောစိတ်များ လျော့ပျယ်သွားခဲ့တော့သည်။

အားလုံးက စိတ်အေးလက်အေးနှင့် ခရီး ဆက်လာကြ၏။

ထိုစဉ်မှာပင်....

'ဝှစ်....ဝှစ်....ဝှစ်'

လမ်းနံဘေး တစ်ဘက်တစ်ချက်မှ မြှားများ ပလူပျံ ထွက်ပေါ်လာလေသည်။

မြင်းစီးသမားများမှာ အငိုက်မိသွား၏။

'အား'

'အစ်'

'ရန်သူ'

'အတာအကွယ် ယူကြ'

စာမွှာပျက်မတတ် အော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

မြှားချက်ကြောင့် မြင်းစီးသမားဆယ့်နှစ်ယောက်မှာ ကျဆုံးသွားရလေသည်။

မြင်းလှည်းတန်းများလည်း ဖရိုဖရဲ ဖြစ်သွား၏။

ထိုစဉ်မှာပင် မြေတုန်ဟီးမတတ် မြင်းခွာသံများ ထွက်ပေါ်လာ၏။

ဖေ့ချိုကျုံး ဦးဆောင်သော မြင်းသည်တော်များက မြင်း လှည်းတန်းဆီသို့ တစ်ဟုန်ထိုး ဝင်ရောက် တိုက်ခိုက် လိုက်လေ တော့သည်။

—o....

အသံများက ရေပွက်ပမာ ဆူညံလျက်....

ဌာနခွဲမှူး အောင်ဆ —

'ဘာဖြစ်တာလဲ'

ဌာနခွဲမှူး ကျောက်တ....

'ရန်သူ ရောက်လာတာပဲ'

ဌာနခွဲမှူးအောင်က ချက်ချင်းပင် မြင်းလှည်းပေါ်မှ ခုန်ဆင်း လိုက်လေသည်။

သူ၏ မျက်လုံးများ ပြူးကျယ်သွား၏။

ရန်သူ၏ ထိုးစစ်အောက်၌ သူ၏ ယောက်ျားများ မရှုမလှ ခံစားနေရသည် မဟုတ်ပါလော....



ဌာနခွဲမှူးအောင်ဆ ဓားကို ဆွဲထုတ်လိုက်၏။

'တိုက်ကြစမ်း'

ဟု အော်ဟစ်လိုက်ပြီး တိုက်ပွဲအတွင်း ပြေးဝင်သွား၏။

သူသည် ယောက်ျားများကို စုစည်းကာ ချက်ချင်းပင် ပြန်လှည့် ခုခံလိုက်လေသည်။

မကြာမီ ပြင်းထန်သော တိုက်ပွဲကြီး တစ်ခု ဖြစ်ပေါ်လာ လေတော့သည်။

....o—

တိုက်ပွဲကား ပြင်းထန်နေဆဲ ဖြစ်၏။

ဌာနခွဲမှူးအောင်မှာ ရင်ထိတ်လာ၏။

သူ၏လူများ အကျအဆုံး များလှသည် မဟုတ်ပါလော....

ဖေ့ချိုကျုံး၏ မြင်းသည်တော်များကား တိုက်ခိုက်ရာတွင် စည်းစနစ်ကျလှ၏။

ထို့ကြောင့် ကြာရှည် မခုခံနိုင်ပဲ ဖြစ်နေ၏။

ဤအတိုင်းဆိုလျှင် သူတို့အားလုံးသေဆုံးတော့မည်ဟု ခံစားလိုက်ရလေသည်။

ထိုစဉ်—

သူ့ မျက်လုံးများက တိုက်ပွဲ တစ်နေရာဆီသို့ ကျရောက်သွားလေသည်။

သူ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

မယုံကြည်နိုင်လောက်အောင် အံ့အားသင့် သွားမိလေသည်။

သံပေသီးက သွက်လက်စွာ တိုက်ပွဲဝင်နေသည် မဟုတ်ပါလား....

သူတို့ကိုယ်တိုင် သံပေသီးကို မြစ်ထဲကျစွာ သေစေခဲ့၏။

ယခု သံပေသီးက မသေပဲ ရှင်သန်နေ၏။

ထိတ်လန့်သော စိတ်များက တစ်ကိုယ်လုံးကို လွှမ်းခြုံလာစေတော့သည်။

ထိုစဉ်....

သံပေသီးကလည်း ဌာနခွဲမှူး အောင့်ကို တွေ့မြင် သွားလေသည်။

သူသည် ငွေဖြူဂိုဏ်းသား နှစ်ဦးကို တရကြမ်း တိုက်ခိုက်ပြီး ပွဲသိမ်းလိုက်၏။

'အား....အား'

သံပေသီးက ချက်ချင်းပင် ဌာနခွဲမှူးအောင့်ထံ တိုးဝင်လာ၏။



မြင်းသည်တော်အား....

'ကျုပ်ပဲ တာဝန် ယူလိုက်မယ်'

ဟု ပြောရင်း ဆွဲဖယ်လိုက်၏။ -

ဌာနခွဲမှူးအောင့်မှာ မျက်နှာ ပျက်သွားလေသည်။

သံပေသီးက ရယ်မောလိုက်၏။

'ဘာယ်လိုလဲ ကျုပ်မသေလို့ အံ့အားသင့်နေသလား'

ဌာနခွဲမှူးအောင့်က ...

'မင်း မသေသေးတော့လဲ သေအောင် သတ်ပေးရမှာပေါ့'

သံပေသီးက ခေါင်းခါယမ်းလိုက်၏။

'ခင်ဗျားအလှည့် ပြီးသွားပြီဗျ၊ ဒီတစ်ခါ ကျုပ်အလှည့်၊ ခင်ဗျားကိုယ်ခင်ဗျား မသေအောင် ဂရုစိုက်ပေတော့'

သူသည် ပြောပြီးသည်နှင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်လေတော့သည်။

....ဝ—

ဌာနခွဲမှူးကျောက်မှာ မြင်းလှည်းတွင်း၌ ထိုင်နေဆဲပင် ဖြစ်ပါသည်။

သူသည် မြင်းလှည်းထဲမှနေ၍ တိုက်ပွဲကို သုံးသပ်နေ၏။

ငွေဖြူဂိုဏ်း သား ငါးဆယ်ခန့်အနက် သုံးဆယ်ခန့် သေဆုံးသွားကြပြီဖြစ်၏။

ကျန်ဂိုဏ်းသားများမှာလည်း ကြာရှည်ခုခံနိုင်မည်မထင်ပါ။ ရန်သူ၏တိုက်ခိုက်မှုက စည်းစနစ်ကျလှပြီး သူတို့၏ခုခံမှုက ဖရိုဖရဲ နိုင်နေ၏။

ဘို့အပြင် သံပေသီး မသေသေးကြောင်းကိုလည်း တွေ့လိုက်ရ၏။

ယခုနေ့အဖို့ သူတို့ အရှုံးကြီးရှုံးခဲ့ပြီဖြစ်သည်။

ဌာနခွဲမှူးကျောက်သည် အခြေအနေမှန်ကို သုံးသပ်နိုင်စွမ်းရှိသူ ဖြစ်ပေသည်။

သူသည် မနိုင်တော့သည့်အတူတူ အသေခံတိုက်ခိုက်ရန် လုံးဝမစဉ်းစားပါ။

ကိုယ်လွတ်ရုန်းပြေးရန်ကိုသာ ချိန်ဆနေ၏။

ယခုထိ မြင်းလှည်းထဲ၌ သူရှိနေသည်ကို မသိကြခြင်းက သူ့အတွက် အခွင့်သာနေ၏။

ဌာနခွဲမှူးကျောက်က မြင်းလှည်းတံခါးကို မသိမသာဖွင့်ကာ အောက်သို့ဆင်းလိုက်၏။

သူ ပြေးရန်ရည်ရွယ်ထားသည်က ရွေးချယ်ထားသောမြင်းညိုကြီးဆီသို့ ပြေးကာ ခုန်တက်လိုက်၏။



ထို့နောက် တိုက်ပွဲအတွင်းမှ ပြေးထွက်လိုက်လေသည်။ သူ၏လှုပ်ရှားမှုက လျင်မြန်လှ၏။

သို့သော် ဖွေချီကျုံးက တွေ့ဖြစ်အောင် တွေ့မြင်သွားလေသည်။

သူသည် လေးကိုဖြုတ်ပြီး မြားတစ်စင်း တပ်ဆင်လိုက်၏။ ထို့နောက် မြင်းကိုချိန်ရွယ်ကာ ပစ်ချလိုက်လေသည်။

'ဝှစ်....'

'ဟီး....ဟီး....ဟီး'

မြင်း၏လက်ပြင်သို့ မြားတံစိုက်ဝင်သွားပြီး မြင်းမှာ ဇလိမ့်ခေါက်ကွေး လဲကျသွား၏။

ဌာနခွဲမှူးကျောက်က တစ်ပတ်ကျွမ်းထိုးကာ မြေပေါ်သို့ ပေါ့ပါးစွာ ကျလာ၏။

သူက ရပ်တန့်ရန် စိတ်ကူးမရှိပါ။

မြေပေါ် ခြေကျသည်နှင့် ကိုယ်ဖော့ပညာသုံး၍ ဆက်အက် ပြေးလွှားလိုက်လေသည်။

ဖွေချီကျုံးက လိုက်မည်အပြု ဗျိုင်းဖြူက ဟန့်တားလိုက်သည်။

'ကျုပ်လိုက်သွားမယ်၊ ခင်ဗျားတို့ ဒီအရှင်းပြီးမှ လိုက်လာခဲ့ကြပါ'

သူသည် ပြောပြီး ဌာနခွဲမှူးကျောက်နောက်သို့ ပြေးလိုက်သွားလေတော့သည်။

ဗျိုင်းဖြူသည် ကိုယ်ဖော့ပညာ ထောင်ခင်းမှန်သောကြောင့် နာမည်ရင်း ပျောက်ပြီး ဗျိုင်းဖြူဟူသောဘွဲ့ကို ရရှိခဲ့သည် ဖြစ်တော့ပါလော။

သူသည် ငှာနခွဲမှူးကျောက် မသိအောင် နောက်မှ တိတိ အဆိုတို့ နောက်ယောင်ခံ၍ လိုက်ပါသွားလေသည်။

ငှာနခွဲမှူးကျောက်ဟာ နောက်ပင် လှည့်မကြည့်ရဲပါ။ အသက်လုတာ အားကုန်ပြေးနေလေတော့သည်။

....o....

သံပေသီး၏ဓားသာ အောက်မှအပေါ်သို့ ဝိုက်၍ဆွဲတင်လိုက်သည်။

'အား....'

သွေးများ ဖြာခနဲ ကျဆင်းလာ၏။

ငှာနခွဲမှူး အော့၏ ဓားကိုင်လက်မှာ ဒဏ်ရာရရှိသွားလေသည်။



ဓားကိုပင် မြဲအောင် မဆုပ်ကိုင်နိုင်တော့ပါ။

ဓားမှာ မြေပေါ်သို့ လွတ်ကျသွားလေသည်။

'ချွမ်....'

ငှာနခွဲမှူးအော့၏ မျက်နှာမှာ ဖြူရော်သွားလေသည်။

သံပေသီးက....

'ခင်ဗျားရှုံးသွားပြီ'

ဟု တစ်လုံးချင်းပြောရင်း ဓားကို ပြန်လည်သိမ်းဆည်းလိုက်လေသည်။

ငှာနခွဲမှူးအော့က...

'မင်း ကျုပ်ကို မသတ်ဘူးလား'

သံပေသီးက....

'ကျုပ်တို့က လူတွေကို အရမ်းသတ်နေတဲ့ လူမျိုး မဟုတ်ပါဘူးဗျာ'

ငှာနခွဲမှူးအော့က....

'ဒါဆိုရင် ကျုပ်ကို လွှတ်မှာလား'

သံပေသီးက....

'ခင်ဗျားတို့ရဲ့ အပြစ်အတွက် ထိုက်သင့်တဲ့ ပြစ်ဒဏ် ခံစားပြီးရင် လွှတ်မှာပေါ့၊ ခင်ဗျားအနေနဲ့ ကျုပ်မေးခွန်းတွေ မှန်မှန်ဖြေဖို့ပဲ လိုတယ်'

ငှာနခွဲမှူးအော့က....

'မင်းက ကျုပ်ဆီမှာ ဘာမှမသိနိုင်ပါဘူး'

သံပေသီးက....

'ကျုပ်တို့မှာ တရားခံစစ်တဲ့ နည်းပေါင်း ခြောက်ဆယ်လောက် ရှိတယ်၊ မင်းအတွက်တော့ ဒီနည်းတွေ အသုံးမပြုချင်ပါဘူး'

ငှာနခွဲမှူးအောင့က....

'မင်း ဘာသိချင်တာလဲ'

သံပေသီးက—

'မင်းတို့ ဂိုဏ်းချုပ် ဘယ်သူလဲ၊ ဌာနချုပ် ဘယ်မှာလဲ၊ အင်အား ဘယ်လောက်လဲ'

ဟု ဆက်တိုက် မေးမြန်းလိုက်၏။

ငှာနခွဲမှူးအောင့က အိတ်ထဲ မသိမသာ လက်နှိုက်လိုက်၏။ သံပေသီးက ပြုံးလိုက်ပြီး....

'ခင်ဗျားလက်ကို ပြန်ထုတ်လိုက်စမ်း၊ ကျုပ်ကို အလစ်တိုက်ခိုက်ဖို့ စဉ်းစားရင် မှားသွားမယ်'

ငှာနခွဲမှူးအောင့က ရယ်မောလိုက်ပြီး လက်ကို ဖြည်းညင်းစွာ ပြန်ထုတ်ပြီး လျှပ်တစ်ပြက် အလုံးတလေး တစ်လုံးအား ပါးစပ်တွင်းသို့ ပစ်ထည့်လိုက်လေသည်။

'မလုပ်နဲ့'

—ဝ....



သံပေသီးက တန့်တားသော်လည်း နောက်ကျသွား၏။

ငှာနခွဲမှူးအောင့၏ တစ်ကိုယ်လုံး လိမ်တွန့်သွား၏။ ပါးစပ်၊ နှာခေါင်းတို့မှ သွေးများ ယိုစီးကျလာ၏။

ထို့နောက် မြေပေါ်သို့ လဲကျသွားလေသည်။

'ဝုန်း....'

ငှာနခွဲမှူးအောင့၏ ခန္ဓာကိုယ်မှာ ကြည့်နေဆဲပင် ပြာနှမ်းသွားလေတော့သည်။

'ကြောက်စရာကောင်းတဲ့ အဆိပ်ပဲ'

သံပေသီးက ရေရွတ်ရင်း တိုက်ပွဲကို ကြည့်လိုက်၏။ တိုက်ပွဲအား ပြီးဆုံးနေပြီ ဖြစ်၏။

ငွေဖြူဂိုဏ်းသား ဆယ် ယောက် ခန့် သာ ကျန်တော့ပြီး လက်နက်ချ အညံ့ခံလိုက်ကြ၏။

ဖွေချီကျုံးက အားလုံး စစ်ဆေးကြည့်လိုက်၏။ တိုက်ပွဲတွင် သိုင်းသမား ငါးယောက်ခန့် ကျဆုံးသွားခဲ့ပေသည်။

ဖွေချီကျုံးက ဖမ်းမိထားသော ငွေဖြူဂိုဏ်းသားတို့အား စစ်ဆေး မေးမြန်းလိုက်၏။

သို့သော် ထိုဂိုဏ်းသားများမှာငှာနခွဲမှူးအောင့၏ ငယ်သားများသာ ဖြစ်ကြ၏။

ငွေဖြူဂိုဏ်းချုပ်အား မသိကြသလို ဌာနချုပ် တည်ရှိရာကိုလည်း မသိကြပါချေ။

ဖွေချီကျုံးမှာ အမျိုးမျိုး လှည့်ပတ် စစ်ဆေးသော်လည်း မည်သို့မျှ စစ်မေးမရဘဲ ဆက်လျှော့လိုက်ရ၏။

ထိုငယ်သားများ အမှန်ဖြေခြင်း ဖြစ်သည်ကိုလည်း သိလိုက်လေသည်။

ဖေ့ချိကျုံးအား....

'ဒီကောင် ကျိုက်ခိုက်ပြီးမှ စစ်ဆေးမရတာ ရင်နာစရာပဲ'

သံဒေယသီးအ....

'အာမခံဂိုဏ်းသားတွေက အသေခံသွားကြတာ အလွန်ဆိုးတယ်၊ ဂိုဏ်းအပေါ် သစ္စာရှိရင် သိပ်ကောင်းမှာဗျ၊ ဒါထက် ဗျိုင်းဖြူတစ်ခယောက်ကော'

ဖေ့ချိကျုံးအား ဗျိုင်းဖြူအား သတိရသွား၏။

'ဟာ....ဟုတ်ပါရဲ့၊ ဒီလူအ ဌာနခွဲမှူးကျောက် နောက်ကိုလိုက်သွားတယ်၊ သူက စခန်းအထိ ခြေရာခံလိုက်လိမ့်မယ်၊ ကျုပ်တို့ လိုက်သွားရအောင်'

-- ၀ --



ဌာနခွဲမှူးကျောက်မှာ ပြေးလာခဲ့၏။

သူသည် နှစ်ရက်ခန့် ခရီးဆက်လာခဲ့ရာ စခန်းဆီသို့ ရောက်ရှိသွားလေတော့သည်။

စခန်းသည်ကား ချန်ကျန်းမြို့ဘော် မြောက်ဘက် လေး၀ါးမိုင်ခန့် အကွာရှိ ကျောက်တောင်ကုန်းတစ်ခု ဖြစ်၏။

ထိုနေရာသည် လူသွားလူလာ နည်းပါး၏။

ထိုတောင်ကုန်းတွင် ရှေးအ နယ်စားများ၏ သင်္ချိုင်းဂူများ ထားရှိသောကြောင့် ဖြစ်ပါသည်။

ဗျိုင်းဖြူမှာ ဌာနခွဲမှူးကျောက် နောက်မှ အရိပ်သဖွယ် ပါလာခဲ့သော်လည်း . ဌာနခွဲမှူးကျောက်မှာ လုံး၀ မရိပ်စားမိခဲ့ပါ။

ဗျိုင်းဖြူက ဌာနခွဲမှူးကျောက် ၀င်ရောက်သွားသော ဂူကို အသေအချာ မှတ်သားလိုက်ပြီးနောက် နောက်ပြန်ဆုတ်လာခဲ့လေသည်။

ဌာနခွဲမှူးကျောက်က ဂူထဲ လှမ်း၀င်လိုက်၏။ ငယ်သားများအ အရိုအသေပြုလိုက်ကြ၏။

ဌာနခွဲမှူးကျောက်က....

'ဂိုဏ်းချုပ် ရှိသလား'

ငွေဖြူဂိုဏ်းသားက....

'ရှိတယ်'

ဌာနခွဲမှူးကျောက်ကလိုဏ်ဂူအတွင်း လျင်မြန်စွာ လျှောက်သွားလေသည်။

သူသည် အခန်းကျယ်အတွင်း ရောက်သောအခါ ငွေမောင်းအလေးကို အသာ တီးခတ်လိုက်၏။

ထိုနောက် စင်မြင့်ရှေ့တွင် ဒူးထောက်ထောက်လိုက်သည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

'ဂျိမ်း'

ဟူသော အသံနှင့်အတူ စင်မြင့်နောက်မှ တံခါးပွင့်သွား၏။ ငွေဖြူဂိုဏ်းချုပ်သာ တစ်လှမ်းချင်း ထွက်လာ၏။

ဌာနခွဲမှူးကျောက်ဓာ အရိုအသေပြုလိုက်၏။

ငွေဖြူဂိုဏ်းချုပ်က....

'မင်း ပြန်လာပြီကိုး၊ သံပေသီးကို သုတ်သင်ပြီးပြီလား'

ဌာနခွဲမှူးကျောက်က....

'ကျုပ် တာဝန်မကျေနိုင်ခဲ့ပါဘူး၊ သံပေသီးဟာ အင်အားနဲ့ ဝင်တိုက်ခိုက်လို့....'

'ဘာ....'

ငွေဖြူဂိုဏ်းချုပ်က အော်ဟစ်လိုက်၏။

ဌာနခွဲမှူးကျောက်၏ ခန္ဓာကိုယ် တစ်ချက် တုန်ခါသွား၏။ ငွေဖြူဂိုဏ်းချုပ်က ဒေါသကို ပြန်ထိန်းလိုက်ပြီး....

'ကျုပ်ကို အစအဆုံး ပြောပြစမ်း'

ဟု အမိန့်ပေးလိုက်၏။

ဌာနခွဲမှူးကျောက်က အစအဆုံး ပြန်လည်ပြောပြလိုက်လေသည်။

ငွေဖြူဂိုဏ်းချုပ်က....

'မင်းတစ်ယောက်ပဲ ထွက်လာခဲ့တယ်ပေါ့'



'ဟုတ်ကဲ့'

'မင်းနောက်က ရန်သူသာ လိုက်လာခဲ့ရင်....'

'မလိုက်လာပါဘူး'

'မင်း ပြောနိုင်မလား'

ဌာနခွဲမှူးကျောက် ပါးစပ်ပိတ်သွား၏။

ငွေဖြူဂိုဏ်းချုပ်က....

'မင်းဟာ အသုံးမကျတဲ့လူပဲ၊ မင်းကြောင့် ကျုပ်တို့စခန်းကို ရန်သူ ခြေရာခံမိသွားနိုင်တယ်၊ မင်းက ဘာကြောင့် ပြန်ပြေးလာရသလဲ၊ တကယ်ဆိုရင် မင်းက ရန်သူကို အသေခံတိုက်သင့်တယ်'

ဌာနခွဲမှူးကျောက်က....

'ကျုပ်....ကျုပ်တို့ ရှုံးနေ....'

'တိတ်စမ်း'

ငွေဖြူဂိုဏ်းချုပ်က အော်ခေါက်လိုက်၏။

'ရှုံးတယ်ဆိုတာ မရှိစေရဘူး၊ မင်းဟာ သူရဲဘောကြောင်တဲ့ လူပဲ၊ ကြောက်တတ်ရင် နှစ်ခါ သေရတတ်တယ်၊ မင်းလိုလူ ငွေဖြူဂိုဏ်းမှာ မရှိသင့်ဘူး'

ဌာနခွဲမှူးကျောက်၏မျက်နှာ ဖြူရော်သွား၏။

'ကျုပ်.... ကျုပ်ဟာ ဂိုဏ်းအကျိုးအတွက် တာဝန်တွေ အများကြီး အောင်မြင်အောင် ထမ်းဆောင် ပေးခဲ့တာကို ထောက်ထားပြီး ခွင့်လွှတ်ပါ ဂိုဏ်းချုပ်'

ငွေဖြူဂိုဏ်းချုပ်က ရယ်မောလိုက်၏။

'နောက်တစ်ပတ်ဆိုရင် ငွေဖြူဂိုဏ်းဆိုတာလဲ ရှိတော့မှာ မဟုတ်ဘူး၊ ခင်းတို့ကိုလဲ အလိုရှိတော့မှာမဟုတ်ဘူးဆိုတာ မင်း သိခဲ့ရင်....'

'ခင်ဗျာ....'

ဌာနခွဲမှူးကျော်မှာ ဒေါသခြောင်းခြောင်း ထွက်သွား၏။

'ခင်းဗျားက ဂိုဏ်းသားတွေအပေါ် ရက်စက်သလောက် ယုတ်မာတဲ့ လူပါလား'

ငွေဖြူဂိုဏ်းချုပ်က....

'ဟုတ်တယ်၊ ခင်းတို့တွေက ကိုယ့်လူမျိုးအပေါ် ကိုယ် သစ္စာဖောက်ဝံ့ကြတဲ့နောက် မင်းတို့တွေနဲ့ ရေရှည် ဘယ်သူက ဆက်တွဲမှာလဲ'

ဌာနခွဲမှူးကျော်၏ရင်ထဲ တဆစ်ဆစ် နာကျင်သွား၏။ မိမိတို့၏အမှားများကို နောင်တရမိလေသည်။

သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ဓားကိုဆွဲထုတ်လိုက်လေသည်။

'ချွမ်း....'

ငွေဖြူဂိုဏ်းချုပ်က....

'မင်းက ကျုပ်ကို ရင်ဆိုင်နိုင်လို့လား'

ဌာနခွဲမှူး ကျော်က....

'ကျုပ်ရဲ့မိုက်ပြစ်တွေကို ခင်ဗျားရဲ့ခေါင်းနဲ့ ဆေးကြောပစ်မယ်'

သူသည် ကြုံးဝါးလိုက်ပြီးနောက် စင်မြင့်ပေါ်ခုန်တက်ကာ တိုက်ခိုက်လိုက်လေသည်။



သူသည် တစ်သက်တာအတွင်း အစအဆောင်းဆုံး ဓားကွက်များကို ဖော်ထုတ်တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

သူ ရင်ဆိုင်ရသူ ငွေဖြူဂိုဏ်းချုပ်၏ သိုင်းပညာကို သူက ကောင်းစွာသိထား၏။

ထို့ကြောင့် သူ သတိကြီးစွာထားရင်း တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ဒ သရမည့်အတူတူ တိုက်ခိုက်ရင်းသေရန် ဆုံးဖြတ်ထား၏။

သို့သော်....

သူက သူသေကိုယ်သေ သိုင်းကွက်များ မသုံးပါ။

အသုံးပြု၍လည်းမဖြစ်ကြောင်း သိထား၏။

ငွေဖြူဂိုဏ်းချုပ်က ဌာနခွဲမှူး ကျော်၏ တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်၏။

ထို့နောက် ဓားကိုဆွဲထုတ်ကာ တုန့်ပြန် တိုက်ခိုက်လိုက်လေသည်။

ဓားရောင်များ လင်းလက်သွား၏။

ဓားရောင်သာမက လေတိုးသံများပင် တဝှီးဝှီး နှင့် ထွက်ပေါ်လာလေသည်။

ဌာနခွဲမှူးကျော်မှာ အတွင်းအား ပြည့်ဝလှသည့် ငွေဖြူဂိုဏ်းချုပ်၏ ဓားချက်များကို ထိပ်တိုက်ရင်မဆိုင်ဝံ့ပါချေ။

သူသည် ခြေထောက်ကို လျင်မြန်စွာ ရွေ့လျားရင်းက လှည့်ပတ် တိုက် ခိုက်လိုက်၏။

ထိုတို့နှစ်ဦး၏ ခြေချက်များက လျင်မြန်လှ၏။

တစ်ခဏချင်း ခြေကွက်သုံးဆယ်ခန့် ယှဉ်ပြိုင်မိကြပြီး ဖြစ်သွား၏။

ငွေဖြူဂိုဏ်းချုပ်က ကြိတ်၍ ချီးကျူးမိ၏။

သူသည် ခြေကွက်ကို ပြောင်းလဲလိုက်သည်။

ခြေရိပ်များမှာ ပင့်ကူသဖွယ် ယှက်နွယ်ကာ ပေါ်ထွက်လာလေသည်။

ဌာနခွဲမှူး ကျော်ခက်မှာ ရင်ထိတ်သွား၏။

သူသည် ခြေကို မြဲမြဲ စွာကိုင်ရင်း ခုခံလိုက်၏။

ငွေဖြူဂိုဏ်းချုပ်၏ ပင့်ကူခြေချက် ခုနစ်ချက်ကို ခုခံနိုင်လျှင် သူ့လူတိမြောက်နိုင်သည်ဟုလည်း တွေးမိလိုက်၏။

မျှော်လင့်ချက်ရှိလာသဖြင့် အားတက်သွား၏။

သူသည် ခြေကို စွေစောင်းကိုင်ကာ ငွေဖြူဂိုဏ်းချုပ်၏ ခြေကွက်ကို ခုခံလိုက်၏။

'ချွမ်–'

ပထမခြေကွက်ကို ကောင်းစွာ ခုခံနိုင်လိုက်၏။

ငွေဖြူဂိုဏ်းချုပ်က အနားမပေးပါ။

ဒုတိယသိုင်းကွက်နှင့် တတိယ သိုင်းကွက်တို့ကို ဆက်ကာ ထုတ်ဖော် တိုက်ခိုက်လိုက်လေသည်။

ဌာနခွဲမှူး ကျော်ခက်က တုံ့ပြန် တိုက်ခိုက်လိုက်၏။

'ချွမ်….'

'ချွမ်–'

ခြေကွက်သုံးကွက် ပြီးဆုံးသွား၏။



ဌာနခွဲမှူးကျော်ခက်၏ ခြေကိုင်လက်မှာ ထုံကျင်နေသလို ရင်ထဲ၌လည်း အောင့်တက်လာ၏။

အတွင်းအားပြည့်ဝသူဆိုလျှင် ငွေဖြူဂိုဏ်းချုပ်၏ သိုင်းကွက်များကို ခုခံနိုင်မည်ဟု တွေးလိုက်မိ၏။

ငွေဖြူဂိုဏ်းချုပ်က ရယ်မောလိုက်သည်။

'ဘယ့်နှယ်ရှိစ၊ မင်း ကျုပ် ခြေကွက် ခုနစ်ကွက်ပြည့်အောင် ခုခံနိုင်မှာ မဟုတ်ပါဘူး'

ဌာနခွဲမှူးကျော်ခက်က မဲ့လိုက်သည်။

'သံပေသီးကတော့ ခင်ဗျားရဲ့ခြေကွက်ကို ကောင်းကောင်း ခုခံနိုင်မှာ သေချာတယ်'

ငွေဖြူဂိုဏ်းချုပ်က….

'တစ်နေ့ သံပေသီးကို ကျုပ်ကိုယ်တိုင် သုတ်သင်ပြစ်မယ်၊ အခု တော့ မင်းအလှည့်ပဲ'

သူသည် ပြောပြီးသည်နှင့် စတုတ္ထခြေကွက်နှင့် ပဥ္စမခြေကွက်ကို ထုတ်ဖော်လိုက်လေသည်။

ခြေရိပ် များစွာ ဖြာထွက်လာ၏။

ခြေအလက်ပေါင်း နှစ်ဆယ်ခန့်က တိုက်ခိုက်လိုက် သလို ခံစားလိုက်ရ၏။

ဌာနခွဲမှူး ကျော်ခက် အစွမ်းကုန် ခုခံ လိုက်သော်လည်း ခြေတစ်ချက်က ဌာနခွဲမှူးကျော်ခက်အား ခုတ်ချမိသွား၏။

'အား'

ဌာနခွဲမှူး ကျော်ခက်မှာ နာကျင်စွာအော်တစ်လိုက်ပြီးစင်မြင့်ပေါ်မှ ပြုတ်ကျသွားလေသည်။

ငွေဖြူဂိုဏ်းချုပ်က သဘောကျစွာ ရယ်မော လိုက်၏။ အတန်ကြာ ရယ်မောပြီးမှ ငွေမောင်းအလေးကိုတီးခတ်လိုက်၏။

ငွေဖြူဂိုဏ်းသား နှစ်ဦး ဝင်ရောက်လာ၏။

ငွေဖြူဂိုဏ်းချုပ်က....

'အလောင်သယ်သွား၊ စခန်း ပတ်ဝန်းကျင်မှာ ရန်သူ ရှိမရှိ စစ်ဆေးလိုက်ပါ'

ဟု အမိန့်ပေးလိုက်လေတော့သည်။

... ဝ ...

ဖွေချီကျုံးက....

'ဗျူဝင်းဖြူရဲ့ အရိပ်အယောင်လဲ မတွေ့ပါလား'

သံပေသီးက....

'သူ ပြခဲ့တဲ့ အမှတ်အသားတွေကတော့ ရှိနေသေးတယ်ဗျ'



ဖွေချီကျုံးက....

'ကျုပ်တို့ ဆက်လိုက်ရဦးမှာပေါ့၊ ဒီအတိုင်းဆိုရင် ချန်ကျန်းမြို့တော်နားတောင် ရောက်တော့မယ်ဗျ၊ ငွေဖြူဂိုဏ်းဌာနချုပ် ရှိနိုင်ပါ့မလား'

သံပေသီးက တွေဝေသွား၏။

ဖွေချီကျုံးက....

'ဌာနခွဲမှူးကျောက်က ကြောက်အားလန့်အားနဲ့ ပြေးသွားတာလား မသိဘူး'

သူတို့ စကားပြောရင်း ခရီးဆက်လာစဉ် ရှေ့တူရူမှ လူရိပ်တစ်ခု လျှင်မြန်စွာ ပြေးလာနေသည်ကို တွေ့လိုက်ရလေသည်။

သံပေသီးက မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

'ဗျူဝင်းဖြူပဲ'

သူတို့လူစုက ရပ်တန့်လိုက်ကြလေသည်။

မကြာမီ ဗျူဝင်းဖြူ ရောက်ရှိလာလေသည်။

ဖွေချီကျုံးက....

'ဗျူဝင်းဖြူ သူတို့ စခန်းကို တွေ့ခဲ့သလား'

ဗျူဝင်းဖြူက ခေါင်းညိတ်လိုက်၏။

'တွေ့တယ်၊ ချန်ကျန်းမြို့တော်နားက ကျောက်တောင်ကုန်းမှာပဲ'

ဖွေချီကျုံးက....

'ကောင်းတယ်၊ ကျုပ်တို့ တစ်ခါထဲ ဝင်ပြီး တိုက်ခိုက်ကြတာပေါ့'

ဗျူဝင်းဖြူက ခေါင်းခါလိုက်၏။

'မကောင်းဘူး'

ဖေ့ချိုကျုံးက...

'ဘာဖြစ်လို့လဲ'

ဗျိုင်းဖြူက....

'ဘာကြောင့်လဲဆိုတော့ ခင်ဗျားရဲ့ ဝယ်သားတွေ ခရီးပန်းလာကြတဲ့အပြင် ရန်သူ့စခန်းက ခိုင်မာလွန်းတယ်၊ အင်အားဘယ်လောက် ရှိမှန်းလဲ မသိဘူး၊ ပထဝီအနေအထားအရ သူတို့ဘက်က အသာစီးရနေတယ်ဗျ'

သူက စခန်း တည်နေပုံကို သေချာစွာ ရှင်းပြလိုက်၏။

ဖေ့ချိုကျုံးက ခေါင်းတစ်ဆတ်ဆတ် ညိတ်ကာ နားထောင်နေ၏။

'ခင်ဗျား ပြောသလို ဆိုရင် ဒီစခန်းကို ဝင်တိုက်ခိုက်ဖို့ အင်အား အတော် လိုမယ်'

ဗျိုင်းဖြူက....

'ဟုတ်တယ်၊ ကျုပ်တို့ မျိုးချစ် သိုင်းသမားတွေကို အမြန် စုစမ်းရမယ်'

ဖေ့ချိုကျုံးက...

'တစ်ရက်နှစ်ရက်အတွင်း စုစည်းဖို့ လွယ်ပါ့မလား'

ဗျိုင်းဖြူက ပခုံးတွန့်လိုက်၏။

သံပေသီးက....

'တစ်ခုတော့ ရှိတယ်ဗျ'

ဖေ့ချိုကျုံးက....

'ပြောပါ'



သံပေသီးက....

'အာကာသသား ခေါင်းဆောင် ရှောင်ကွမ်းကို အကူအညီတောင်းရင် ကျုပ်တို့ လိုချင်တဲ့ အင်အားကို အမြန်ဆုံး ရမှာသေချာတယ်'

ဗျိုင်းဖြူက...

'ရှောင်ကွမ်းက ကျုပ်တို့နဲ့ ပေါင်းချင်ပါ့မလား'

သံပေသီးက....

'ရှောင်ကွမ်းဟာ မင်းမှုထမ်း ဆိုပေမယ့် မျိုးချစ် သိုင်းသမားတွေရဲ့ အရေးပါပုံကို နားလည်တယ်ဗျ၊ ကျုပ်တို့ အကူအညီလိုချင်ရင် လူတတ်စွမ်းသမျှ ပေးမယ်လို့ ကတိပြုထားတယ်'

ဖေ့ချိုကျုံးက....

'ဒါဆိုရင် ကောင်းတာပေါ့'

ဗျိုင်းဖြူက....

'အာကာပိုင်တွေက ကျုပ်တို့ကိုသာ အကူအညီ ပေးခဲ့ရင် သစ္စာဖောက် တစ်ယောက်ကျန် သုတ်သင် ရှင်းလင်းပစ်မယ်ဗျ'

သံပေသီးက....

'ကောင်းပြီ၊ ကျုပ်အမြန်ဆုံး ရှောင်ကွမ်းနဲ့တွေ့ဆုံပြီး ပြန်လာခဲ့မယ်၊ ငွေဖြူဂိုဏ်းကို ဖြိုခွဲဖို့ အချိန်မဆွဲသင့်ဘူးဗျ'

သူသည် ပြောပြီးသည်နှင့် ချိန်ကျန်းမြို့တော်ဘက်သို့ ဦးတည်ထွက်ခွာ သွားလေတော့သည်။

...o....

ထင်းစန်းတောင်....

ထင်းစန်းတောင်တန်းသည် မြင့်မားရှည်လျား လှပေသည်။

ထို ထင်းစန်းတောင်ပေါ်သို့ အုပ်စုသုံးစုက နေရာမျိုးစုံမှ တက်လာခဲ့ကြ၏။

ထိုအုပ်စုသုံးစုမှာ ငွေဖြူဂိုဏ်းသားသုံးဦး၊ လွှေဟန်ကျိုးနှင့် ခိုမင်းသား၊ ချိဝမ်ဦးဆောင်သော အာဏာသားများပင် ဖြစ်ပေသည်။

ထို အုပ်စုသုံးစုသည် ထင်းစန်းတောင်ပေါ်တွင် နေထိုင်သော ထီးအဘိုးအိုအား သူထက်ငါအရင်တွေ့အောင် တက်လာခဲ့ကြခြင်းဖြစ်၏။

ကျယ်ပြန့်လှသော တောင်ဖြစ်၍ သူတို့က မနည်းပင် ရှာဖွေနေရလေတော့သည်။

—ဝ—



ခိုမင်းသားက သစ်ပင်ခြေရင်းတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

သူသည် စိတ်ပျက်စွာ ရေရွတ်လိုက်၏။

'ဒီလောက်ကျယ်ပြန့်တဲ့နေရာ ဘယ်လိုရှာမလဲ'

လွှေဟန်ကျိုးက ပြုံးလိုက်၏။

'ကျုပ်အထင်တော့ နှစ်ရက်အတွင်း တွေ့အောင်ရှာနိုင်တယ်'

ခိုမင်းသားက မဲ့လိုက်၏။

'မင်းက ဘယ်လိုရှာမှာလဲ'

လွှေဟန်ကျိုးက....

'ထီးအဘိုးအိုဟာ ဒီတောင်ပေါ်မှာ နေမယ်ဆိုရင် အိမ်ဆောက်နေရမယ်၊ အိမ်ရှိရင် မီးခိုးရှိရမယ်၊ မင်းက သာ အမြင့်ဆုံး သစ်ပင်ပေါ်တက်ပြီး စောင့်ကြည့်ပေးမယ်ဆိုရင် မီးခိုးကိုတွေ့ရမှာပဲ'

ခိုမင်းသားက အသံမထွက်ဘဲ ဆဲဆိုလိုက်၏။

ထို့နောက် သူသည် မြင့်မားသော သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်ရောက်သွားလေသည်။

အတန်ကြာသောအခါ....

'လွှေဟန်ကျိုး၊ မင်းတကယ်တော်တာပဲ၊ ကျုပ်တွေ့ပြီ၊ တကိုယ်တောင်ထိပ်မှာဗျ'

ဟု အော်တစ်ပြီး အောက်သို့အမြန်ဆင်းလာခဲ့လေသည်။

လွှေဟန်ကျိုးက—

'ကဲ....ကျုပ်ပြောတာ မှားသွားတယ်၊ ဒီအတိုင်းဆိုရင် ဒီည မှာပဲ ကျုပ်တို့ရောက်ကြတော့မှာပေါ့'

ခိုမင်းသားက စာမျှမပြောတော့ပါ။ သူသည်ရှေ့မှဦးဆောင်ကာ ထွက်သွားလေတော့သည်။

....ဝ....

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

အမှောင်ထုကလည်း ပတ်ဝန်းကျင်တစ်ခုလုံးကို စိုးမိုးနေပေသည်။

သာမန်လူများသည် အမှောင်ထက်အလင်းကို နှစ်ခြိုက်ကြ၏။

သို့သော် တစ်ခါတရံတွင်မူ အမှောင်ကို အားကိုးအားထားပြုရသောအခါလည်း ရှိပေသည်။

ယခုလည်း ၎င်းသံပေသီးဦးဆောင်သော မျိုးချစ်သိုင်းသမားများနှင့် ရဲမက်အင်အား တစ်ရာကျော်တို့သည် အမှောင်ထုကို အကာအကွယ်ယူကာ တရွေ့ရွေ့ချီတက်လာကြ၏။



ဗျိုင်းဖြူက ရှေ့မှဦးဆောင်ကာ လမ်းပြနေ၏။ တစ်ခဏကြာသောအခါ မြေပြင်မှတိုးထွက်နေသော ကျောက်တောင်တစ်လုံးကို တွေ့မြင်လိုက်ရလေသည်။

ဗျိုင်းဖြူက လက်ကာပြလိုက်၏။

မျိုးချစ်သိုင်းသမားများ၊ ရဲမက်များက အုပ်စုငယ်ကလေးများအဖြစ် အသီးသီးခွဲကာ လမ်းကြောင်းငါးခုမှ ချီတက်သွားလေသည်။

အားလုံး စနစ်တကျ လေ့ကျင့်ထားသူများဖြစ်၏။

ထို့ကြောင့် ချီတက်သွားရာတွင် လျင်မြန်သလောက် ခြေသံလုံလှပေသည်။

တစ်ခဏအတွင်း လူစုများက ကျောက်တောင်ကုန်းပေါ်သို့ ရောက်ရှိလာ၏။

ထိုအခါမှပင် ငွေဖြူဂိုဏ်းသားများက တွေ့မြင်သွားလေသည်။

'ရန်သူ...ရန်သူ'

ဟူ၍ အော်ဟစ်သတိပေးလိုက်စဉ်မှာပင် ရဲမက်များနှင့်မျိုးချစ်သိုင်းသမားများက တရကြမ်းဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

တိတ်ဆိတ်မှုများ ပြိုကွဲသွား၏။ အော်သံ၊ ဟစ်သံ၊ ထိုးခုတ်သံများ ဆူညံသွား၏။

ရဲမက်များနှင့် မျိုးချစ်သိုင်းသမားတို့သည် အလစ်အငိုက်မိသည်ကို အခွင့်ကောင်းယူကာ လိုဏ်ဂူအတွင်း၊ တစ်ရှိန်ထိုး ပြေးဝင်လာကြ၏။

ငွေဖြူဂိုဏ်းသားများမှာ ပြင်းထန်လှသော ထိုးစစ်အရှိန်ကို မဟန့်တားနိုင်ခဲ့ပါ။

ဖရိုဖရဲ ကကွဲတပြားခုခံနေကြ၏။

ထို့ကြောင့် တိုက်ပွဲသည် ကျယ်ပြန့်သွားလေတော့သည်။ သံပေသီးမှာ တိုက်ပွဲအတွင်းမဝင်ပါ။

သူသည် တိုက်ပွဲကိုရှောင်ကွင်းရင်း လိုဏ်ဂူအတွင်းသို့ လျှောက်ဝင်သွားလိုက်လေသည်။ လိုဏ်ဂူအတွင်း၌လည်း ထိုးခုတ်သံများနှင့် ဆူညံနေ၏။

သံပေသီးက ဆက်လျှောက်သွားရင်း ငွေဖြူဂိုဏ်းချုပ်ကို ရှာဖွေနေလိုက်၏။

အခန်းများ တစ်ခုပြီးတစ်ခု လျှောက်ဝင်လိုက်၏။

ငွေဖြူဂိုဏ်းချုပ်အား မတွေ့ပါ။ သူက ဆက်ဝင်လာခဲ့ရာ အခန်းကျယ်တစ်ခုအတွင်းသို့ ရောက်ရှိလာခဲ့၏။

အခန်းကျယ်တစ်ဘက်တွင် စင်မြင့်ရှိ၏။

စင်မြင့်ပေါ်တွင် ထိုင်နေသော ငွေဖြူဂိုဏ်းချုပ်အား တွေ့မြင်လိုက်ရလေသည်။

ငွေဖြူဂိုဏ်းချုပ်က....

'သံပေသီး၊ ခင်ဗျားရောက်လာပြီကိုး'

သံပေသီးက

'ဒီကနေ့ဟာ ငွေဖြူဂိုဏ်းရဲ့နောက်ဆုံးနေ့ပဲ'

ငွေဖြူဂိုဏ်းချုပ်က အေးစက်စွာ ရယ်မောလိုက်၏။

'ကျုပ်က မင်းကိုခေါ်သွားမလို့ စောင့်နေတာပဲ'

သူက အေးအေးဆေးဆေးပင် ထရပ်လိုက်၏။



သံပေသီးပင် ငွေဖြူဂိုဏ်းချုပ်၏ အေးစက်တည်ငြိမ်လှသော အမူအရာကြောင့် ရင်ထိတ်သွား၏။

'ကျုပ်အဆင်သင့်ဖြစ်ပြီ'

သံပေသီးက စင်မြင့်ပေါ် လွှားခနဲခုန်တက်လိုက်၏။

ငွေဖြူဂိုဏ်းချုပ်က....

'ကျုပ်ဂိုဏ်းကို အချိန်တိုအတွင်းပြိုကွဲအောင် စွမ်းဆောင်နိုင်တာ ကျုပ်ချီးကျူးပါတယ်'

သံပေသီးက...

'ခင်ဗျား မျက်နှာဖုံး ချွတ်လိုက်ပါတော့'

ငွေဖြူဂိုဏ်းချုပ်က မျက်နှာဖုံးကို ဆွဲချွတ်လိုက်၏။ မှန်ကိုတစ်ယောက်၏မျက်နှာ ပေါ်ထွက်လာ၏။

သံပေသီးက....

'ခင်ဗျားက မှန်ကိုတစ်ယောက်ကိုး'

ငွေဖြူဂိုဏ်းချုပ်က ပြုံးလိုက်၏။

'ဒီကနေ့ ကျုပ်သေသွားလဲ ဝမ်းနည်းမှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ မင်းတို့အားလုံးဟာ ကျုပ်တို့ထက်အောက် မကြာခင်ကျရောက်တော့မှာမို့ပဲ၊ ကဲ....ပြောနေကြာပါတယ်၊ ခင်ဗျားဓားထုတ်လိုက်ပါတော့'

သံပေသီးက ဓားကိုဆွဲထုတ်လိုက်၏။

သူသည် ပြိုင်ဘက်တောင်းတစ်ဦးနှင့် ရင်ဆိုင်လိုက်ရပြီဖြစ်ကြောင်း နားလည်လိုက်၏။

သူသည် သတိကြီးစွာထားရင်း ဓားကိုအသင့်ပြင်လိုက်လေသည်။

ငွေဖြူဂိုဏ်းချုပ်က ခြေထောက်ကို ရွှေ့လျားရင်းက သံပေသီးကို လှည့်ပတ်လိုက်၏။

သူသည် သံပေသီးအား စတင်တိုက်ခိုက်ရန် အခွင့်အရေးကို ချောင်းမြောင်းလိုက်ခြင်း ဖြစ်သည်။

သို့သော် သံပေသီး၏ ကိုယ်နေဟန်တွင် ဟာကွက်မရှိပါချေ။ ငွေဖြူဂိုဏ်းချုပ်က စိတ်မရှည်တော့ပါ။

ဓားတို့ဝှေ့ယမ်းလိုက်ပြီး စတင်တိုက်ခိုက်လိုက်လေသည်။

သံပေသီးကလည်း ချက်ချင်း တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။ အဆင့်မြင့်သိုင်းသမားများဖြစ်သည့်အတွက်အနည်းငယ်မျှပင် အမှားမခံပါချေ။

တစ်ယောက်နှင့်တစ်ယောက် ပြင်းထန်စွာပင် တိုက်ခိုက်လိုက်ကြလေသည်။

သိုင်းကွက်များ တစ်ကွက်ပြီးတစ်ကွက် ကုန်ဆုံးသွား၏။

သိုင်းကွက်ပေါင်း တစ်ရာကျော်သွားခဲ့ပြီဖြစ်၏။

မည်သူမျှ အသာမရသေးပါ။

သံပေသီးမှာ သိုင်းကွက်များစွာ တစ်ကျွမ်းသူတစ်ယောက်ဖြစ်ကြောင်း သိလိုက်၏။

သိုင်းကွက်များ မကုန်နိုင်သလိုပင် တစ်ကွက်ပြီး တစ်ကွက် ထုတ်ဖော်တိုက်ခိုက်နေသဲဖြစ်၏။

အတွင်းအားကို စုစည်းကာ သူ၏ အထက်မြက်ဆုံးဖြစ်သော ငှက်ကူဓားသိုင်းကို ထုတ်ဖော်တိုက်ခိုက်လိုက်လေသည်။

သံပေသီးသည် ငှက်ကူဓားကွက်ကို တွေ့လိုက်သည်နှင့် ရင်ထိတ်သွား၏။



သူသည် ဓားကို လက်ပြန်ကိုင်ပြီး ဓားကွက်အား ခုခံပေးလိုက်၏။

'ချွမ်...'

နှစ်ဦးစလုံး နောက်သို့ တစ်လှမ်းဆီ ဆုတ်သွားကြ၏။

ငွေဖြူဂိုဏ်းချုပ်က ချက်ချင်းပင် ရှေ့သို့ပြန်တိုးကာ ဓားကွက်သုံးကွက်တိတိ ဆက်တိုက် တိုက်ခိုက်လိုက်၏။

သံပေသီးကလည်း ရှောင်ထင်ဓားကွက်ဖြင့် တုံ့ပြန်လိုက်လေသည်။

'ချွမ်....'

ဓားသွားချင်း ထိခတ်ကာ မီးများပင် ပွင့်သွားလေ၏။

ငွေဖြူဂိုဏ်းချုပ်မှာ လက်မောင်းတစ်ခုလုံး ထုံကျဉ်သွားသလို ခံစားလိုက်ရလေသည်။

သံပေသီး၏ ပြည့်ဝသော အတွင်းအားကို ချီးကျူးလိုက်မိလေသည်။

သူသည် အတွင်းအားကို ထပ်မံစုစည်းလိုက်ပြီး နောက်ဆုံးကျန်နေသော သိုင်းကွက်သုံးကွက်ကို ထုတ်ဖော်လိုက်လေသည်။

သံပေသီးကလည်း ဝူတန်းဂိုဏ်းမှဓားကွက်ကို အသုံးပြုကာ တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

ဓားရိပ်များ ဖြာထွက်လာ၏။

လူရိပ်များကလည်း ပူးကပ်သွား၏။

'ဝုန်း....'

လူရိပ်တစ်ခုမှာ စင်မြင့်ပေါ်မှ ပြုတ်ကျသွားလေသည်။

စင်မြင့်ပေါ်တွင် သံပေသီးက ရပ်နေ၏။

သူသည် အလွန်ပင် မောဟိုက်နေ၏။

ဤတိုက်ပွဲတွင် သူ့အား ဓားကွက်တစ်ကွက် ဦးသွား၍သာ အသက်ရှင်သူမှာ သူဖြစ်ခဲ့ကြောင်း သိနေသည် မဟုတ်ပါလား။

....o....

လှေဝှာန်ကျိုးအား ဦးညွှတ်လိုက်၏။

ထီးအဘိုးအိုအား....

'မင်းဟာ ကျုပ်ကို ရအောင်ရှာနိုင်ခဲ့တာပဲ'

လှေဝှာန်ကျိုးအား...

'ကျုပ်သာမကဘူး၊ ကြောခင် စွန်ရဲရဲ့လူတွေနဲ့ အနာဂတ်သား တွေလဲ ဒီကိုရောက်လာနိုင်ပါတယ်'

ထီးအဘိုးအိုအား မျက်မှောင်ကြုတ်သွား၏။

လှေဝှာန်ကျိုးအား အကြောင်းစုံကို ရှင်းပြလိုက်၏။

ထီးအဘိုးအိုအား....

'စွန်ရဲဟာ လွယ်လွယ်ကူကူ မသေနိုင်ဘူးဆိုတာ ကျုပ်သိပါ တယ်'

လှေဝှာန်ကျိုးက....

'ခင်ဗျား ဘယ်လိုဆုံးဖြတ်သလဲ'



ထီးအဘိုးအိုက....

'မင်းက ဘာကြောင့် စွန်ရဲကို ဖော်ထုတ်ချင်ရတာလဲ'

ဟု ပြန်မေးလိုက်၏။

လှေဝှာန်ကျိုးက....

'အမှန်အတိုင်း ပြောရရင် ကျုပ်လဲ လူကောင်းတစ်ဦး မဟုတ် ပါဘူး၊ ဒါပေမယ့် စွန်ရဲလို မယုတ်မာဘူး၊ စွန်ရဲသာ နယ်စား ဂေဟာမှာ ရှိနေရင် ကျုပ်တို့ နယ်မြေဟာ မွန်ဂိုလက်အောက် ကျရောက်သွားမှာပဲ၊ ခင်ဗျားလဲ နေခင်တရသင့်ပါပြီ'

ထီးအဘိုးအိုက တွေဝေသွား၏။

သူသည် အတန်ကြာမှ....

'ကျုပ် ဘာကူညီရမလဲ'

လှေဝှာန်ကျိုးက....

'ကျုပ်နဲ့ လိုက်ခဲ့ပါ၊ နယ်စားဂေဟာက လူတွေကို ကြည့်ပြီး ဘယ်သူ စွန်ရဲဖြစ်တယ်ဆိုတာ ပြောပြရင် တော်ပါပြီ'

ထီးအဘိုးအိုက....

'စွန်ရဲသိုင်းပညာက မြင့်မားတယ်၊ မင်း သူ့ကို လုပ်ကြံနိုင် ပါ့မလား'

လှေဝှာန်ကျိုးက....

'ခင်ဗျား တုကုဝေကို သိသလား'

တုကုဝေ ဆိုသည်မှာ လွန်ခဲ့သော ဆယ်နှစ်ကျော်က အလွန် ကျော်ကြားသော သိုင်းသမားတစ်ဦး ဖြစ်၏။

မည်သူမျှ သူနှင့် သိုင်းကွက် တစ်ရာအထိ မယှဉ်နိုင်ခဲ့ပါ။ သို့သော် တစ်နေ့ သူ သေဆုံးသွား၏။

သူ့အစား လိုပ်ကြံသွားသူ ရှာမရခဲ့ပါချေ။

ထီး အဘိုးအိုက လေ့ဟန်ကျီးအား စိုက်ကြည့်လိုက်၏၊

လေ့ဟန်ကျီးက...

'ကျုပ်က သူ့ကို သိုင်းကွက် သုံးကွက်အတွင်း သတ်နိုင်ခဲ့တယ်၊ ကျုပ်ရဲ့ သိုင်းပညာဟာ သူ့ကို မမီပေမယ့် ကျုပ်ရဲ့ အလုပ်ဟာ လူသတ်တဲ့အလုပ်ဆိုတော့ လူတစ်ယောက်ကို ဘယ်လို လုပ်ကြံရမယ်ဆိုတာ သိနေခဲ့ပါတယ်'

ထီးအဘိုးအိုက ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ၊ ကျုပ်ဟာ နေ့ခင်တရနေတဲ့ လူတစ်ယောက်လို့ မပြောတော့ပါဘူး၊ စွန့်ရဲကို မင်း သုတ်သင်နိုင်ဖို့ ကျုပ် ကူညီမယ်၊ ဘာကြောင့်လဲဆိုတော့ ကျုပ်ကိုယ်ကျုပ် ကာကွယ် ရမှာဖြစ်လို့ပဲ'

လေ့ဟန်ကျီးမှာ ဝမ်းသာသွား၏။

'ဒါဆို ကျုပ်တို့ သွားကြရအောင်၊ မဟုတ်ရင် တခြားအဖွဲ့တွေ ရောက်လာနိုင်တယ်'

ထီးအဘိုးအိုက ထရပ်လိုက်၏။

'သွားကြစို့'

လေ့ဟန်ကျီးက....

'ခင်ဗျား ဘာမှ မယူတော့ဘူးလား'

ထီးအဘိုးအိုက....

'ဒီနေရာဟာ မလုံခြုံတော့ဘူး၊ ကျုပ်ဟာ ချမ်းသာတဲ့ လူမှ မဟုတ်တာ၊ ဘာမှ မက်စရာမရှိပါဘူးဗျာ'

သူတို့သည် ချက်ချင်းပင် အိမ်ကလေးထဲမှ ထွက်လာခဲ့ကြ၏။



ထိုစဉ်မှာပင်....

'ဝှစ်... ဝှစ်....ဝှစ်'

ဟူသော အသံနှင့်အတူ ဓားပါးလေးများက ပလူပျံ့ထွက်လာလေသည်။

မမျှော်လင့်ဘဲ တိုက်ခိုက်လာသောကြောင့် ထီးအဘိုးအိုနှင့် လေ့ဟန်ကျီတို့မှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

'သတိထား'

ခိုမင်းသားက အော်ဟစ်လိုက်ပြီး လေ့ဟန်ကျီးနှင့် ထီးအဘိုးအိုတို့ ရှေ့သို့ ခုန်ဝင်လိုက်၏။ ဓားပါးလေး ငါးလက်က ခိုမင်းသား၏ ခန္ဓာကိုယ်အနှံ့စိုက်ဝင်သွားလေသည်။

'အား....'

ခိုမင်းသားမှာ လဲကျ သေဆုံးသွားလေသည်။

လေ့ဟန်ကျီးက ခိုမင်းသားအား ပြေးပွေ့လိုက်၏။

ခိုမင်းသားမှာ အသက်မရှိတော့ပါ။

လေ့ဟန်ကျီးက အံကို တင်းတင်းကြိတ်လိုက်၏။

သူ၏မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲလာ၏။

သူ၏ မိတ်ဆွေ ခိုမင်းသားက သူတို့အား အသက်ပေး ကာကွယ်သွားသည် မဟုတ်ပါလော။

ထိုစဉ်မှာပင် ချုံနွယ်များကြားမှ ဓားဘီလူးတန်နှင့် အဖော်နှစ်ဦး ထွက်လာသည်ကို တွေ့လိုက်ရ၏။

လေ့ဟန်ကျီး၏ဒေါသများ ပေါက်ကွဲသွား၏။

သူသည် ခုန်ထလိုက်ပြီး ဓားဘီလူးတို့အား ရှတ်ခြည်း တိုက်ခိုက်လိုက်လေသည်။

သူ၏ တိုက်ခိုက်မှုတို့သည် ကျားနဝတစ်ကောင်နှင့် တူလှပေသည်။

ဓားဘီလူးတန်မှာ ထိတ်လန့်သွား၏။

ထခန်းကတန်း နောက်ဆုတ် ရှောင်တိမ်းလိုက်၏။ သို့သော် လေ့ဟန်ကျိုးက အလွတ်မပေးပါ။

တရကြမ်း ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

သူ၏ ပြင်းထန်သော ဓားချက်များကို ဓားဘီလူးတန်မှာ မရှောင်တိမ်းနိုင်တော့ပါ။

'အား...'

မြေပေါ် လဲကျသွားလေ့တော့သည်။

ငွေဖြူဂိုဏ်းသား နှစ်ဦးအား ချက်ချင်း သတိဝင်သွား၏။ သူတို့က လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။ ထိုစဉ်မှာပင်....

'ရပ်လိုက်'

ဟူသော အသံနှင့်အတူ လူတစ်စု ထွက်ပေါ်လာလေသည်။

ချိဝမ် ဦးဆောင်သော အာကာသားများပင် ဖြစ်၏။

ငွေဖြူဂိုဏ်းသားနှစ်ဦးမှာ ထိတ်လန့်သွားပြီး ထမန်းကတန်း ထွက်ပြေးကြသော်လည်း အာကာသားများ လက်မှ မလွတ်ဘဲ အဖမ်းခံလိုက်ရလေသည်။

အာကာသား တစ်ဦးက ရှေ့သို့ တိုးထွက်လာ၏။

'လေ့ဟန်ကျိုး....ဒီတစ်ကြိမ်တော့ ခင်ဗျား မလွတ်တော့ဘူး၊ ထီးအတိုးအိုကို ခင်ဗျား သတ်ခွင့်မရတော့ပါဘူး'

လေ့ဟန်ကျိုးက—

'မင်းတို့ အထင်လွဲနေပြီ'



အာကာသားက....

'ခင်ဗျား ငြင်းလို့ မရပါဘူး၊ အေးအေးဆေးဆေး အဖမ်းခံပါ၊ မဟုတ်ရင် ကျုပ်တို့က ဝိုင်းပြီး တိုက်ခိုက်ရပါလိမ့်မယ်'

လေ့ဟန်ကျိုးမှာ ဒေါသထွက်သွား၏။

ဤအခြေအနေတွင် သူ ရှင်းပြ၍လည်း ရမည်မဟုတ်ပါ။ သူက အာကာသားများနှင့် မတိုက်ခိုက်ချင်ပါ။

ဤနေရာမှ ခေတ္တရှောင်တိမ်းသွားခြင်းသည် အကောင်းဆုံး ဖြစ်မည်ဟု ယူဆလိုက်လေသည်။

လေ့ဟန်ကျိုးက ဘာမျှ ဆက်မပြောနေတော့ပါ။ ဓားကို ငေ့ါ ထမ်းလိုက်၏။

အာကာသားများ ထိတ်လန့်ပြီး နောက် ဆုတ် သွား စဉ် တဟုန်ထိုး ပြေးဆင်းလာခဲ့လေတော့သည်။

'လိုက်....မလွတ်စေနဲ့'

လေ့ဟန်ကျိုးမှာ တစ်ဆက်တည်း ပြေးမသွားပါ။ ပြေးဟန် ပြုပြီး ချုံကွယ်အတွင်း ပုန်းနေလိုက်၏။

အာကာသားများသည် သူ့အား ဖြတ်ကျော်သွား၏။ အတန်ကြာမှ ရှာမတွေ့သဖြင့် လက်လျှော့ကာ ပြန်ထက်လာကြ၏။

ထို့နောက် ချိဝမ် ဦးဆောင်သော အာကာသားများအား ထီးအတိုးအိုအား ခေါ်ဆောင်ကာ ဆင်းလာကြသည်ကို တွေ့လိုက်ရ၏။

လေ့ဟန်ကျိုးက နားလည်သွား၏။

ထီးအတိုးအိုအား ချန်ကျန်းမြို့တော်သို့ ခေါ်ဆောင်သွားကြလေတော့မည် ဖြစ်ပေသည်။

သူက ချန်ကျန်းမြို့တော်သို့ အရင်သွားနှင့်မည်ဟု ဆုံးဖြတ်လိုက်ပြီး ထင်းစန်းတောင်ပေါ်မှ ဆင်းလာခဲ့လေတော့သည်။

....ဝ....

ရှောင်ကွမ်းမှာ အလွန် အလုပ်များနေ၏။

နောက်နှစ်ရက်ဆိုလျှင် နယ်စားကြီးအား စတင် ခရီးထွက်ခွာစေတော့မည် မဟုတ်ပါလား။

လုံခြုံရေး အစီအစဉ်များကို အသေးစိတ် စစ်ဆေးနေရ၏။ ရဲမှက်များ နေရာချထားမှုကိုလည်း အပြီးသတ်ရေးဆွဲနေရသေးသည်။

ထိုစဉ် အခန်းတွင်းသို့ ချိဝမ် ရောက်ရှိလာလေသည်။ ရှောင်ကွမ်းမှာ ဝမ်းသာသွား၏။

ချက်ချင်း အရှိအသေပြုကာ ကြိုဆိုလိုက်၏။ ရှောင်ကွမ်းက အသံဖြင့် မေးလိုက်၏။

'ဘယ်လိုလဲ'

ချိဝမ်က....

'ထီးအဘိုးအို ပါလာတယ်'



ရှောင်ကွမ်းက....

'အတော်ပဲ၊ ဒီအနေ့ နယ်စားကြီးတို့ အခန်းထဲမှာ လူစုံတက်စုံ ရှိနေတယ်၊ သူ့ကို ခေါ်လိုက်ပါ'

ချိဝမ်က ထီးအဘိုးအိုအား ခေါ်လိုက်၏။

ရှောင်ကွမ်းက ထီးအဘိုးအိုအား အာဏာသား တစ်ဦး၏ ဝတ်စုံ ဝတ်ဆင်ပေးလိုက်၏။

ထို့နောက် နယ်စားကြီးတို့ အခန်းဆီသို့ ခေါ်သွားကာ အပေါက်ဝတွင် အစောင့်တာဝန်ပေးလိုက်ပြီး....

'ခင်ဗျား အကဲခတ်ပါ'

ထီးအဘိုးအိုက ခေါင်းညိတ်လိုက်၏။

အခန်းထဲသို့ မသိမသာ အကဲခတ်ကြည့်လိုက်၏။

အခန်းထဲ၌ နယ်စားကြီး၊ တရားသူကြီး၊ တပ်မှူးကြီး လျှိုရင်စွေ့နှင့် အခြား မြို့စားနှစ်ဦး ရှိနေ၏။

ထီးအဘိုးအိုသည် စွန်ရဲကို ယခုမှ တွေ့လျှင် မှတ်မိပါမည်လောဟု ပထမ သံသယရှိခဲ့၏။

ယခုလူမျိုးကို တွေ့လိုက်သည်နှင့် မည်သူ စွန်ရဲ ဖြစ်သည်ကို ချက်ချင်းပင် မှတ်မိသွားလေသည်။

စွန်ရဲသည် ရုပ်သွင် ကြီးရင့်မှုမှတစ်ပါး အခြား ပြောင်းလဲမှု တစ်စုံတစ်ရာ မရှိပါချေ။

ထီးအဘိုးအိုမှ ဆက်မကြည့်ရဲတော့ပါ။ ခြေဖျားလက်ဖျားများ အေးစက်လာ၏။ အတန်ကြာမှ ရှောင်ကွမ်းက ထီးအဘိုးအိုအား ပြန်ခေါ်သွားလေသည်။

....ဝ....

ရှောင်ကွမ်းက....

'စွန်ရဲကို တွေ့ခဲ့သလား'

ထီးအဘိုးအိုက....

'ကျုပ် တစ်ခု မေးပါရစေ'

ရှောင်ကွမ်းက....

'မေးပါ'

ထီးအဘိုးအိုက....

'ဒီလူတွေထဲမှာ စွန်ရဲ ရှိနေရင် မင်း ဘယ်လို ဆောင်ရွက်မလဲ'

ရှောင်ကွမ်းက....

'စွန်ရဲကို ရှင်းပစ်နိုင်မယ့် နည်းလမ်းတစ်ခု ရှာဖွေရမှာပေါ့'

ထီးအဘိုးအိုက....

'မင်းက နည်းလမ်းကို မစဉ်းစားထားဘူးလား'

ရှောင်ကွမ်းက....

'ဘယ်သူက စွန်ရဲဖြစ်တယ်ဆိုတာကို သိမှ ရှင်းပစ်ဖို့ စဉ်းစားတာ ပိုသဘာဝကျမယ်'

ထီးအဘိုးအိုက သက်ပြင်းချလိုက်၏။

စွန်ရဲကို ရှောင်ကွမ်း ရှင်းမပစ်နိုင်ဟု တွေးလိုက်မိ၏၊ သူက လေ့ဟန်ကျိုးအား သတိရလာ၏။

စွန်ရဲကို ရှင်းနိုင်သူသည် လေ့ဟန်ကျိုးတစ်ယောက်သာ ရှိပေလိမ့်မည်။

ရှောင်ကွမ်းက ...



'ခင်ဗျား စွန်ရဲကို တွေ့ပြီလား'

ထီးအဘိုးအိုက....

'နှစ်တွေ ကြာပြီဆိုတော့ ရုပ်ရည်က ပြောင်းလဲနိုင်တယ်ဗျ၊ ကျုပ် ချက်ချင်း မမှတ်မိဘူး၊ ဒါပေမယ့် စွန်ရဲ ရှိတာတော့ အမှန်ပဲ၊ တစ်ရက် နှစ်ရက်လောက်ဆိုရင် ကျုပ် ပြန်မှတ်မိနိုင်မလား မသိဘူး'

ရှောင်ကွမ်းက ထီးအဘိုးအို၏ စကား မှန်ကန်နိုင်သည်ဟု ယူဆလိုက်လေသည်။

'ကောင်းပြီလေ၊ ဘဘချိဝမ် သူ့ကို ခေါ်သွားလိုက်ပါ၊ နောက်ရက်တွေ ဆက်ပြီး ကြည့်ကြသေးတာပေါ့၊ ဆွေးနွေးပွဲကို ကြည့်ကြသေးတာပေါ့၊ ဆွေးနွေးပွဲက ပြီးခါနီးပြီ'

....ဝ....

ည—

ချိဝမ်မှာ ခရီးပန်းမှုကြောင့် အိပ်ပျော်သွား၏။

ထီးအဘိုးအိုမှာမူ မအိပ်နိုင်တော့ပါ။

စွန်ရဲကို ပြန်မြင်ယောင်နေ၏။

ဤကာဝထိရောက်အောင် စွမ်းဆောင်နိုင်ခဲ့သော စိန်ရဲ၏ အရည်အချင်းကို အံ့သြနေမိ၏။

လေ့ဟန်ကျိုး စကား မှန်ပေသည်။

ဤအတိုင်းဆိုလျှင် ချန်ကျန်းနယ် တစ်ခုလုံး မှန်ဂိုများ လက်အောက် မလွဲမသွေ ကျရောက်တော့မည် ဖြစ်၏။

သူသည် တစ်ချိန်က ကျော်ရလွယ်သော လမ်းကို လိုက်ခဲ့၍ အမျိုးသား သစ္စာဖောက်တစ်ဦး ဖြစ်ခဲ့၏။

ဘာကို အသိမခံရဲဘဲ ဇာတ်မြှုပ်နေခဲ့ရ၏။

သူတို့ကဲ့သို့ သစ္စာဖောက်များအား ပြည်သူများက စည်မျှ ရှိမုန်းကြကြောင်း သူ ကောင်းစွာ သိခဲ့ပြီဖြစ်၏။

ယခုလည်း သူက စိန်ရဲကို ရှင်းနိုင်အောင် ကြိုးစားရပေမည်။ သူ့ဘဝ အမည်းစက်များအတွက် တတ်နိုင်သမျှ ဆေးကြောရ ပေတော့သည်။

ထိုစဉ်မှာပင် ခေါင်မိုးပေါ်မှ ညင်သာသော လှုပ်ရှားမှုကို ကြားသိလိုက်ရ၏။

မကြာမီ မျက်နှာကြက်ပေါ်မှ လူရိပ်တစ်ရိပ် ဆင်းလာသည်ကို တွေ့လိုက်ရ၏။

'ဘယ်သူလဲ'

သူ၏ အသံအဆုံးတွင် ထိုလူက သူ့ရှေ့သို့ ရောက်လာ၏။

'လေ့ဟန်ကျိုး'

ထီးအဘိုးအိုက ရေရွတ်လိုက်၏။

လေ့ဟန်ကျိုးက....

'ခင်ဗျား စိန်ရဲ ဘယ်သူဆိုတာ သိပြီလား'



ထီးအဘိုးအိုက....

'သူက ရုပ်မပြောင်းတော့ ကျုပ် ချက်ချင်းပဲ မှတ်မိလိုက် တယ်'

လေ့ဟန်ကျိုးက....

'ရှောင်ကွမ်းကို ပြောလိုက်ပြီလား'

ထီးအဘိုးအိုက....

'မပြောဘူး၊ သူတို့က လုပ်ကြံနိုင်စွမ်းမှ မဟုတ်တာဘဲ'

လေ့ဟန်ကျိုးက....

'စိန်ရဲ ဘယ်သူလဲ'

ထီးအဘိုးအို တစ်လုံးချင်း ပြောလိုက်၏။

လေ့ဟန်ကျိုးမှာ သူ့နားကို သူမယုံနိုင်လောက်အောင် ဖြစ် သွားရလေသည်။

'စိန်ရဲဟာ နယ်စားကြီး ဟုတ်လား'

ထီးအဘိုးအိုက....

'သိပ်သေချာတာပေါ့၊ ကျုပ် သူ့ကို လှမ်းတွေ့လိုက်တာနဲ့ ချက်ချင်းပဲ မှတ်မိလိုက်ပါတယ်'

စိန်ရဲ၏ ရင်ထဲ၌ လေးလံသွား၏။

ထီးအဘိုးအိုက....

'နောက် နှစ်ရက်မှာ နယ်စားကြီး ခေါ် စိန်ရဲဟာ မှန်ဂိုတွေနဲ့ ငြိမ်းချမ်းရေးစာချုပ် ချုပ်မယ်တဲ့၊ သူ့ရဲ့ လှည့်ကွက် ဘယ် လောက် ကောင်းသလဲ၊ ချန်ကျန်းနယ်က နောက်တစ်ပတ် အတွင်း မှန်ဂိုလက်အောက် ကျရောက်သွားပါပြီ'

လေ့ဟန်ကျိုးက အံကြိတ်လိုက်၏။

သူက နယ်စားကြီးကိုလုပ်ကြံနိုင်မှ ဖြစ်တော့မည်ကို နားလည်လိုက်လေသည်။

...

ကြေးစားခေါးသမား လေ့ဟန်ကျိုး....

သူသည် ကြေးစားခေါးသမားလောကတွင် အအောင်မြင်ဆုံးသော လူတစ်ယောက်ဖြစ်၏။

ထိုသို့ အောင်မြင်ခြင်း အကြောင်းများက လေ့ဟန်ကျိုး၏ စိတ်ရှည်ခြင်းနှင့် စေ့စပ်ခြင်းတို့ကြောင့်ပင်ဖြစ်၏။

သူသည် လူတစ်ယောက်အား လုပ်ကြံမည့်အခါ ထိုလူ၏ စရိုက်၊ သိုင်းပညာအခနအထား ဘက်ပေါင်းစုံမှ လေ့လာပြီး ဟာကွက်ပျော့ကွက်ကို ရှာဖွေပြီးမှ လုပ်ကြံပေသည်။

ထို့ကြောင့်လည်း သူလုပ်ကြံသမျှ အောင်မြင်ခဲ့ခြင်း ဖြစ်ပေသည်။

ယနေ့ည....

ထိုအတိုးအိုထံမှ ထွက်လာပြီးနောက် နယ်စားကြီးအား လုပ်ကြံရန် ဆုံးဖြတ်လိုက်၏။



ခါတိုင်းကဲ့သို့ စိတ်ရှည်လက်ရှည်ဖြင့် အခွင့်ကောင်းကိုရှာဖွေရန် သူ့တွင် အချိန်မရှိပါ။

ယနေ့ညနှင့် မနက်ဖြန်ညသာ ရှိတော့၏။

အချိန်မရသည့်အတွက် အချိန်မဆွဲလိုတော့ပါ။

ယနေ့ညတွင်ပင် နယ်စားကြီးအားလုပ်ကြံရန် ဆုံးဖြတ်လိုက်လေသည်။

...

လေ့ဟန်ကျိုးမှာ နယ်စားဂေဟာဆီသို့ ချဉ်းကပ်လာခဲ့၏။

သူ၏လှုပ်ရှားမှုများက အလွန်ပင် ညင်သာလှပေသည်။

သူသည် နယ်စားဂေဟာအနီးသို့ ရောက်သောအခါ အခြေအနေကို အကဲခတ်လိုက်၏။

ရဲမက်များ စောင့်ကြပ်နေကြသည်ကို တွေ့လိုက်ရ၏။

သူသည် ရဲမက်တစ်ဦးချင်း၏ အကွာအဝေးကို တွက်ဆပြီးနောက် လျှပ်တစ်ပြတ် အုတ်တံတိုင်းကို ဖြတ်ကျော်လိုက်၏။

ဂေဟာဝင်း အတွင်းသို့ ကြောင်တစ်ကောင်အလား ပေါ့ပါးစွာ ကျရောက်သွား၏။

လေ့ဟန်ကျိုးက နားနှင့် မျက်စိကို အစွမ်းကုန် အသုံးချလိုက်လေသည်။

သူ၏ စူးရှသော မျက်လုံးများက ပန်းချုံများကြားရှိ ကင်းပုန်းများကို သတိထားလိုက်မိ၏။

ကင်းပုန်းချထားပုံက စနစ်ကျလှ၏။

ရှောင်ကွမ်း သွား၍ မဖြစ်နိုင်ပါ။

လေ့ဟန်ကျိုးက သက်ပြင်း ချလိုက်၏။

ရဲမက်များကို မရှင်းဘဲ သူ ဂေဟာအနီး ချဉ်းကပ်နိုင်မည် မဟုတ်ပါ။

ခေလွဲမရှောင်သာဘဲ ရှင်းပစ်ရ ပေတော့မည်။

သူသည် မိကျောင်းသွားသွားရင်း ကင်းပုန်းများကို ရှင်းပစ်ရန် ရွေ့လျားသွားလိုက်လေတော့သည်။

....၀....

ရှောင်ကွမ်းမှာ အိပ်မရသေးပါ။

သူသည် ကျောပူလာသဖြင့် အိပ်ရာမှ ထလိုက်၏။

အိပ်မရသည့်အတူ ကင်းသမားများကို စစ်ဆေးရန် အဆောင်က ဝင်လာ၏။



အပေါ် ဝတ်ရုံကို ကောက်ခြုံလိုက်ပြီး နယ်စား ဂေဟာ ဘက်သို့ ထွက်လာခဲ့လေသည်။

သူသည် ကင်းသမားများကို စစ်ဆေးရင်းမှ ကင်းသမား ခေါင်းဦး၏ အလောင်းများကို တွေ့လိုက်ရလေသည်။

ရှောင်ကွမ်းမှာ ရင်ထိတ်သွား၏။

ချက်ချင်းပင် အချက်ပေး ဘုပ်လှန့်လိုက်လေသည်။

မီးရောင်များ လင်းထိန်သွားပြီး ရဲမက်များ ပြေးထွက်လာ ကြလေသည်။

လေ့ဟန်ကျိုးက ထိတ်လန့်သွား၏။

ရုတ်ခြည်း ဖြစ်ပေါ်လာသော အခြေအနေကြောင့် ဂေဟာ တွင်းမှ နောက်ပြန်ဆုတ်လိုက်၏။

သို့သော် သူ့အတွက် အလွန် နောက်ကျသွားပြီ ဖြစ်၏။

ရဲမက်များနှင့် အာဏာသားများက သူ့အား အထပ်ထပ် ဝိုင်းရံထားလိုက်လေတော့သည်။

ရှောင်ကွမ်းက ကျူးကျော် ဝင်ရောက်လာသူအား ကြည့် လိုက်ရာ လေ့ဟန်ကျိုး ဖြစ်နေသည်ကို တွေ့ရသဖြင့် စိတ်ထဲတွင် တစ်မျိုး ခံစား လိုက်ရလေသည်။

လေ့ဟန်ကျိုးမှာလည်း မတတ်သာတော့ပါ။

အဖမ်းခံလိုက်ရလေတော့သည်။

—၀

ထီးအတိုးအိုက မျက်နှာပျက်သွား၏။

'လွှတ်ကျုံးကို မိလိုက်တယ် ဟုတ်လား'

ရှောင်ကွမ်းက....

'ဟုတ်တယ်'

သူက ကံကောင်း၍ ကင်းစစ်ဆေးရင်းမှ မိလိုက်ခြင်း ဖြစ်ကြောင်း ပြောပြ၏။

ထီးအတိုးအိုက သက်ပြင်းချလိုက်၏။

'အင်း....စွန်ရဲ ကံကောင်းသွားတာပေါ့'

ရှောင်ကွမ်းမှာ အံ့အားသင့်သွား၏။

'ဘာ....ဘယ်လို'

သူသည် အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်သွားလေသည်။

သူ၏ရင်ထဲ၌ အလွန်ထိခိုက်ကြေကွဲသွား၏။

နယ်စားကြီးကို သူအလွန်လေးစားခဲ့၏။

နယ်စားကြီး၏ အပြောအဟောတို့သည် ပြည်သူများအတွက် စေတနာဟု မှတ်ယူခဲ့၏။

ယခု နယ်စားကြီးက နယ်ပယ်တစ်ခုလုံးအား မွန်ဂိုလက်တွင်း အပ်ရန် ပိုရိစွာ ကြံစည်နေခြင်းပင် ဖြစ်တော့ပါလော။

ရှောင်ကွမ်းက ခေါင်းကို ခါယမ်းလိုက်ပြီး....

'မထင်ခဲ့ဘူး၊ နယ်စားကြီးဟာ စွန်ရဲဖြစ်လိမ့်မယ်လို့ ကျုပ်မထင်ခဲ့ဘူး'

ရှောင်ကွမ်းက လှည့်ကြည့်လိုက်ရာ အိမ်ထဲဝင်လာသော မြို့စားကြီး လျှူရင်စွေ့ကို တွေ့လိုက်ရလေသည်။





လျှူရင်စွေ့က....

'ကျုပ်က မင်းနဲ့တွေ့ဖို့လာခဲ့ရင်း မမျှော်လင့်ဘဲ တွေ့လိုက်ရတာပဲ၊ အခု ကျုပ်တို့ ဘာလုပ်ကြမလဲ'

ရှောင်ကွမ်းက ပခုံးတွန့်လိုက်၏။

လျှူရင်စွေ့က—

'ကျုပ်ပဲ အာဏာသိမ်း....'

ရှောင်ကွမ်းက....

'မဖြစ်ဘူး၊ အာဏာသိမ်းရင် ပြည်သူတွေက ကျေနပ်မှာ မဟုတ်ဘူး'

လျှူရင်စွေ့က....

'သူဟာ စွန်ရဲဖြစ်ကြောင်း ဖွင့်ချလိုက်ရင်'

ရှောင်ကွမ်းက....

'အဲဒါမှ ပိုဆိုးမှာပေါ့'

လျှူရင်စွေ့က....

'ဘာကြောင့်လဲ'

ရှောင်ကွမ်းက....

'မွန်ဂိုသစ္စာခံတစ်ယောက်ကို နယ်စားအဖြစ်တင်မြှောက်ခဲ့တဲ့ ကျုပ်တို့အားလုံး ရေစုန်မျောပြီး တစ်နယ်လုံး အရှက်ရပြီဗျ'

လျှူရင်စွေ့က ခေါင်းကုတ်လိုက်၏။

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

ရှောင်ကွမ်းက....

'စဉ်းစားရမယ်'

ချိဝမ်က...

'တစ်နည်းပဲရှိတယ်၊ သူ့ကိုလုပ်ကြံဖို့ပဲ'

ရှောင်ကွမ်းက—

'ကျုပ်ချထားတဲ့ လုံခြုံရေးတပ်က ကောင်းလွန်းတယ်၊ သူ့အနား ကပ်လို့တောင် ရမှာမဟုတ်ဘူး'

လျူရှင်စွေ့က....

'သူဟာ မွန်ဂိုတွေနဲ့ စာချုပ်ဖြစ်ရင် ကျုပ်တို့ တယ်လိုမှ ဟန့်တားနိုင်မှာ မဟုတ်တော့ဘူး'

ရှောင်ကွမ်းက အံကြိတ်လိုက်၏။

'သူ့ကိုလုပ်ကြံဖို့ ကျုပ်ပဲဆောင်ရွက်ပါ့မယ်'

ချိဝမ်က....

'ဘယ်ဖြစ်မလဲ'

ရှောင်ကွမ်းက—

'ကျုပ်တစ်ဦးတည်းပဲ၊ သူ့ကိုလုပ်ကြံဖို့ ဆောင်ရွက်နိုင်မယ်၊ ဘာကြောင့်လဲဆိုရင် လုံခြုံရေးအစီအစဉ်တွေကို ကျုပ်ချမှတ်ထားတာပဲ'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

အားလုံး ပါးစပ်ပိတ်သွားကြ၏။

ပတ်ဝန်းကျင်သည် ကျောက်မက်ဖွယ်ရာ ကောင်းလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ရှောင်ကွမ်းက ထရပ်လိုက်၏။

'ညနေစောင်းနေပြီ၊ မနက်သူသွားတော့မယ်၊ ကျုပ် သူ့ကို ဟန့်တားနိုင်ဖို့ ကြိုးစားပါ့မယ်'



သူသည် မည်သူ့ကိုမျှနှုတ်မဆက်ဘဲ ထွက်သွား၏။

လျူရှင်စွေ့က....

'နေဦး'

ရှောင်ကွမ်းက

'ဘာစပြောချင်လို့လဲ မြို့စားကြီး'

လျူရှင်စွေ့က—

'နယ်စားကြီးကို အာဏာသားခေါင်းဆောင်က လုပ်ကြံတာဟာ ထူးဆန်းနေတယ်'

ရှောင်ကွမ်းက....

'ကျုပ်သိပါတယ်၊ အားလုံးအဆင်ပြေအောင် ကျုပ်ဆောင်ရွက်သွားမှာပါ'

ဤတစ်ကြိမ် သူက လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

....o....

'ဒေါင်....ဒေါင်....ဒေါင်'

အာဝေးဆီမှ အုန်မောင်းခေါက်သံ ထွက်ပေါ်လာ၏။

နံနက်မိုးသောက်တော့မည်ဖြစ်၏။

အာရှုဏ်ဦးရောင်ခြည်ပင် သန်းနေပြီဖြစ်သည်။

'ကျွတ်—ကျွတ်'

အိမ်မြှောင်စုတ်ထိုးသံကြောင့် လွှေဟန်ကျိုး သတိခနဲထထိုင်လိုက်မိ၏။

ထိုစဉ် အချုပ်ခန်းတံခါးပွင့်သွားပြီး ဝတ်စုံနက်တစ်ဦး ဝင်လာလေသည်။

'အသံမထွက်နဲ့၊ ကျုပ်နောက်လိုက်ခဲ့'

လွှေဟန်ကျိုးက ဝတ်စုံနက်နောက်သို့ လိုက်ပါသွား၏။

ဝတ်စုံနက်သည် အကျဉ်းထောင်ဖွဲ့စည်းပုံကို ကျွမ်းကျင်ဟန်တူသည်။

ရဲမက်များကို ရှောင်ကွင်းကာ ထွက်လာနိုင်ခဲ့၏။

လွှေဟန်ကျိုးက ဦးညွှတ်လိုက်၏။

'ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေက ဘယ်သူများလဲ'

ဝတ်စုံနက်က....

'မင်းကိစ္စ မင်းအောင်မြင်အောင်သာ ဆောင်ရွက်ပါ'

ဟု သံပြတ်နှင့်ပြောရင်း အထုပ်ကလေးတစ်ထုပ် ပစ်ပေးပြီး လျင်မြန်စွာ ထွက်ခွာသွားလေသည်။

လွှေဟန်ကျိုးက အထုပ်ကို ဖွင့်ကြည့်လိုက်၏။

တပ်မှူးကလေးဝတ်စုံကို တွေ့လိုက်ရလေသည်။

လွှေဟန်ကျိုးက သဘောကျစွာ ပြုံးလိုက်မိလေတော့သည်။

....o....



နယ်စားဂေဟာ....

နယ်စားဂေဟာရှေ့တွင် နံနက်လင်းသည်နှင့် ရဲမက်များ စုဝေးရောက်ရှိလာလေသည်။

နယ်စားကြီး၏ မြင်းလှည်းကလည်း အသင့်ရပ်ထားပေသည်။

နယ်စားကြီးက လျူရင်စွေ့အား နှုတ်ဆက်လိုက်၏။

နယ်စားကြီး ခရီးထွက်ခိုက် လျူရင်စွေ့က အုပ်ချုပ်ထားရန်ပင် မဟုတ်ပါလော။

နယ်စားကြီးက တပ်မှူးကြီးနှင့် တရားသူကြီးတို့ကိုလည်း နှုတ်ဆက်လိုက်လေသည်။

ထို့နောက် ရှောင်ကွမ်းနှင့် အားကာသားခုနစ်ဦး ခြံရံကာ ဂေဟာထဲမှ ထွက်လာခဲ့လေသည်။

ရဲမက်များက သတိအနေအထား ပြင်လိုက်ကြ၏။

နယ်စားဂေဟာဝအနီး အရောက်တွင် နယ်စားကြီးက ရှေ့မှ ဦးဆောင်ကာ ထွက်လာ၏။

ဂေဟာခြံဝင်း တံခါးဝတည့်တည့်၌ မြင်းလှည်းက အသင့်ရပ်ထား၏။

မြင်းလှည်းအနီးတွင် တပ်မှူး၊ တပ်မှူးကလေးသုံးဦး စုစုပေါင်း လေးဦးက အသင့်ရပ်နေ၏။

တပ်မှူးက နယ်စားကြီးအား ဂါရဝပြုကာ မြင်းလှည်းတံခါးကို အသင့်ဖွင့်ပေးလိုက်၏။

နယ်စားကြီးက နောက်ပြန်လှည့်ကာ လက်ဝေ့ယမ်း နှုတ်ဆက်လိုက်၏။

ပြီးမှ မြင်းလှည်းပေါ် ခုန်တက်လိုက်လေသည်။

ထိုစဉ် မြင်းလှည်းတံခါးအနီး၌ရပ်နေသော တပ်မှူးလေးအ ခေါင်းကို ဆွဲထုတ်ကာ ခုတ်ချလိုက်၏။

အဖြစ်အပျက်များကား လျှင်မြန်လွန်းလှပေသည်။

တပ်မှူးအလေး၏ ခေါင်းချက်ကလည်း လျှပ်စီးလက်သကဲ့သို့ လျှင်မြန်လွန်းလှ၏။

နယ်စားကြီးမှာ ရှောင်ပင် မရှောင်နိုင်လိုက်ပါ။

'အွန့်...'

ဟုသာ တစ်ချက် ညည်းတွားနိုင်ပြီး မြင်းလှည်းပေါ်မှ ပြုတ်ကျသွားလေတော့သည်။

ကြောင်အမ်းအမ်း ဖြစ်နေသော ရဲမက်များမှာ ချက်ချင်း သတိဝင်လာကြ၏။

တပ်မှူးအလေးအား ဝိုင်းရံတိုက်ခိုက်လိုက်လေသည်။

တပ်မှူးလေးမှာ ရဲမက်များ၏ တိုက်ခိုက်မှုများကို ခုခံရင်းပင် ဓားချက် ထိမှန်ကာ လဲကျသွားလေသည်။

ရှောင်ကွမ်း ပြေးလာချိန်တွင် အရာအားလုံး ပြီးသွားချေပြီ။ ရှောင်ကွမ်းက နယ်စားကြီးအား ကြည့်လိုက်၏။

နယ်စားကြီး အသက်မရှိတော့ပါ။

သူက နယ်စားကြီးကို လုပ်ကြံသော တပ်မှူးအလေးကို တစ်ချက် ငုံ့ကြည့်လိုက်၏။

တပ်မှူးကလေးမှာ ဓားဒဏ်ရာ ဗလပွနှင့် သေဆုံးနေလေ၏။

သူ၏ မျက်နှာတွင်မူ အပြုံးပန်းက ပွင့်နေသည်ကို တွေ့လိုက်ရလေတော့သည်။



ရှောင်ကွမ်းက ရဲမက်များအား ချက်ချင်း စုစည်းပြီးနောက် နယ်စားကြီးအလောင်းကို ဂေဟာတွင်း ပြန်သယ်ရန် အမိန့်ပေးလိုက်လေတော့သည်။

...o...

နယ်စားကြီး၏ ဈာပနကား စည်ကားလှ၏။

နယ်သူနယ်သား များစွာတို့က လာရောက် ဂါရဝပြုကြပေသည်။

ဆယ်ရက်တိုင်တိုင် ဈာပန အခမ်းအနား ကျင်းပပြီးနောက် နယ်စားများ ဘင်းချိုင်းတွင် မြှုပ်နှံလိုက်၏။

ထို့နောက် မြို့စား လျှိုရင်စွေ့ကို အားလုံး၏ သဘောတူညီမှုဖြင့် နယ်စားရာထူးကို ပေးအပ်လိုက်လေသည်။

အရာအားလုံး ပြီးဆုံးသွားပြီ ဖြစ်၏။

မှန်ဂိုများကား တပ်ပြန်ခေါက်သွားကြ၏။ နယ်စပ်တွင် အင်းမာမှုများ လျော့ပါးသွား၏။

လျှိုရင်စွေ့ကလည်း နယ်စပ်တွင် စာကွယ်ရေး အစီအမံများ အပြည့်အဝ ဆောင်ရွက်လိုက်လေသည်။

...o...

လျှိုရင်စွေ့မှာ အလုပ် အလွန်များနေ၏။

သူသည် ချန်ကျန်းနယ်မြေတစ်ခုလုံး၌ မှန်ဂိုသစ္စာခံများ မရှိစေအောင် ဖော်ထုတ် ရှင်းလင်းပစ်လိုက်၏။

ယနေ့ သူက အနားယူရန် စဉ်းစားလိုက်ပြီး အခန်းတွင်းမှ ထရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရှောင်ကွမ်း ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ကွမ်းက စာရွက်တစ်ရွက် လှမ်းပေးလိုက်၏။

လျှိုရင်စွေ့က ယူ၍ ဖတ်ကြည့်လိုက်၏။

သူ၏ မျက်မှောင် ကြုတ်သွား၏။

'အာဏာသား ခေါင်းဆောင်အဖြစ်က နုတ်ထွက်တဲ့ စာပါလား၊ မင်း ထွက်မလို့လား၊ ဘယ်ဖြစ်မလဲ'

ရှောင်ကွမ်းက....

'ကျုပ် မထွက်လို့ မဖြစ်ဘူး'

လျှိုရင်စွေ့က....

'ဘာဖြစ်လို့လဲ'

ရှောင်ကွမ်းက...

'ကျုပ် လုံခြုံရေးယူထားရတဲ့ နယ်စားကြီး လုပ်ကြံခံရတဲ့ အတွက် ကျုပ်မှာ တာဝန်အပြည့်ရှိတယ်၊ ကျုပ် ညံ့ဖျင်းလို့ ဆိုတာ ပြည်သူအားလုံးက သိနေကြတယ်ဗျ'

လျှိုရင်စွေ့က....

'အဖြစ်မှန်ကို ကျုပ်သိတာပဲ'

ရှောင်ကွမ်းက....

'လက်ရှိဖြစ်ရပ်ကိုပဲ အမှန်ယူပါ နယ်စားကြီး'



လျှိုရင်စွေ့က သက်ပြင်းချလိုက်၏။

'ကျုပ် မင်းအတွက် စိတ်မကောင်းပါဘူး၊ မင်း ဘယ်သွားမလဲ၊ ကျုပ် ဘာကူညီရမလဲ'

ရှောင်ကွမ်းက....

'နုတ်ထွက်စာကို လက်ခံလိုက်ရင် ကျုပ်ကို ကူညီတာနဲ့ အတူတူပါပဲ'

လျှိုရင်စွေ့၏ ရင်ထဲ ဆို့နင့်သွား၏။

မျက်ရည်များပင် လည်လာလေသည်။

သူသည် မည်သည့် နယ်စားမှ မပြုခဲ့သော အပြုအမူတစ်ခုကို ပြုမူလိုက်၏။

ထိုအပြုအမူကား ရှောင်ကွမ်းကို ဒူးထောက် အရိုအသေပြုလိုက်ခြင်းပင် ဖြစ်ပါသည်။

ရှောင်ကွမ်းမှာ နယ်စားကြီး လျှိုရင်စွေ့အား နှုတ်ဆက်ခြင်း ခံပြုတော့ပါ။

အခန်းတွင်းမှ လျင်မြန်စွာ ထွက်လာခဲ့လေတော့သည်။

....o....

နေလတောင်—

နေလတောင်ပေါ်မှ ကျောက်တုံးများဖြင့် ပြုလုပ်ထားသော အုတ်ဂူတစ်ခု ရှိ၏။

အုတ်ဂူပေါ်တွင်....

'လွှဲဟန်ကျိုး....

အညတရ သူရဲကောင်း'

ဟု ရေးသားထား၏။

ရှောင်ကွမ်းမှာ အုတ်ဂူ ရှေ့တွင် ဒူးထောက် ဂါရဝပြုလိုက်၏။

'အားလုံး ငြိမ်းချမ်းသွားပါပြီ၊ ငြိမ်းချမ်းရေး အတွက် စတေးခဲ့ရတဲ့ မင်းအတွက် ကျုပ် တတ်နိုင်သလောက် ဆောင်းမွှန်းစွာ သင်္ဂြိုဟ်ပေးခဲ့ပါတယ်၊ ကျေနပ်ပါတော့'

ဟု ရေရွတ်လိုက်လေတော့သည်။

[ ဒု-စာတ်သိမ်း ပြီး၏။ ]

နန္ဒကျော်သူ